ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**မမြဲသော သဘောတို့ကိုသိ**

စွန့်ပစ်အပ်သော ဤခန္ဓာကိုယ်သည် အဘယ်မှာလျှင် နှစ်သက်မွေ့လျော်ဖွယ်ရှိအံ့နည်း။ ဤခန္ဓာကိုယ်ကိုစွဲ၍ ရာဂတို့ဖြစ်ခြင်းသည် မလျောက်ပတ်လေစွတကား။ (ခန္ဓာကိုယ်၏ မမြဲသောသဘော၊ အနှစ်မရှိသော သဘောတို့ကိုသိအောင် စဉ်ဆက်မပြတ် ကျင့်ကြံ အားထုတ်ရာ၏။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၉)

၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday , 21 September 2016 (၈၆၉၁)

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကနေဒါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

စာမျက်နှာ - ၃

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ယူနက်စကိုညွှန်ကြားရေးမှူးချုပ်၊ ဒိန်းမတ်ဝန်ကြီးချုပ်၊ မက္ကဆီကိုသမ္မတ၊ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်တို့ သီးခြားစီတွေ့ဆုံ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် မက္ကဆီကိုနိုင်ငံ သမ္မတ Mr. Enrique Pena Nieto တို့ တွေ့ဆုံဆွေးနွေးစဉ်။ (သတင်းစဉ်)

**နယူးယောက် စက်တင်ဘာ ၂၀**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ယူနက်စကိုညွှန်ကြားရေးမှူးချုပ် Ms. Irina Bokova တို့သည် ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် လည်းကောင်း၊ ဒိန်းမတ်နိုင်ငံဝန်ကြီးချုပ် Mr. Lars Lokke Rasmussen နှင့် နံနက် ၁၀ နာရီတွင်လည်းကောင်း၊ မက္ကဆီကိုနိုင်ငံ သမ္မတ Mr. Enrique Pena Nieto နှင့် နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဝန်ကြီးချုပ် မစ္စစ် ရှိတ်ဟာဆီနာနှင့် နံနက် ၁၁ နာရီတွင်လည်းကောင်း နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ သီးခြားစီ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် စက်တင်ဘာ ၂၁ ရက် နံနက်ပိုင်းတွင် နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်၌ ကျင်းပလျက်ရှိသည့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ တက်ရောက်ကာ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားမည်ဖြစ်သည်။

ကုလသမဂ္ဂအထွေထွေ ညီလာခံကို နှစ်စဉ် စက်တင်ဘာလ တတိယပတ်၏ အင်္ဂါနေ့တွင် စတင်ကျင်းပကြောင်း သိရသည်။

**(သတင်းစဉ်)**

# အထူးကုန်သွယ်မှုအခွင့်အရေးအရ အမေရိကန်သို့ ထုတ်ကုန်များတင်ပို့ရာတွင် အကောက်ခွန်လွတ်ငြိမ်းခွင့်ရရှိနိုင်မည် မြန်မာနိုင်ငံ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရေးအထောက်အကူပေးလိုသည့် ဆောင်ရွက်ချက်ဖြစ်

သတင်း

သတင်းလုလင်၊ ဝင်းနန္ဒာ

ဓာတ်ပုံ - ရဲထွဋ်

**ရန်ကုန် စက်တင်ဘာ ၂၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီးစဉ်သည် မြန်မာ-အမေရိကန်နှစ်နိုင်ငံအတွက် အားကောင်းသည့် ချစ်ကြည်ရင်းနှီးမှုကို သရုပ်ဖော်ပြသခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာစကော့မာရှယ်က ယနေ့ပြောကြားလိုက်သည်။

ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ အမေရိကန်သံရုံးတွင် ယနေ့မွန်းလွဲပိုင်းကကျင်းပသည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်နိုင်ငံခရီးစဉ်နှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲတွင် ယခုကဲ့သို့ ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။

"အမေရိကန်ပြည်ထောင်စုအနေနဲ့ မြန်မာပြည်သူတွေနဲ့ အစိုးရသစ်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ ကြိုးစားနေတာကိုပံ့ပိုးပေးဖို့ သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါတယ်"ဟု အမေရိကန်သံအမတ်ကြီးက ဆိုသည်။

စက်တင်ဘာ ၁၄ ရက်ကလည်း အမေရိကန်-မြန်မာ နှစ်နိုင်ငံမိတ်ဖက်ဆက်ဆံရေးကို ခေတ်သစ်တစ်ခုအဖြစ် မော်ကွန်းရေးထိုးနိုင်ခဲ့ကြောင်း ပူးတွဲကြေညာချက်တစ်စောင်ကို ထုတ်ပြန်နိုင်ခဲ့သည်။ အဆိုပါကြေညာချက်တွင် မြန်မာနိုင်ငံမှ အသေးစားစီးပွားရေးလုပ်ငန်းရှင်များကို အမေရိကန်ဒေါ်လာ ၁၀ သန်းကျော်ပံ့ပိုးပေးမည့် ချေးငွေအာမခံချက် ကတိကဝတ်များလည်း ပါဝင်ကြောင်း သိရသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**



## ကြေးမုံ

# အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့ကို ထင်ဟပ်ဖော်ဆောင်နေသော ရှင်းလင်းပြောဆိုချက်များ

တိုင်းပြည်နှင့်လူမျိုးအတွက် လှုပ်ရှားရုန်းကန်ကြိုးပမ်းရသောကာလများ၌ ပိန်းပိန်းပိတ်မည်းမှောင်၍ မျှော်လင့်ချက်ကင်းမဲ့နေသည်ဟုယူဆရသော အခိုက်အတန့်များရှိစမြဲ ဖြစ်သော်လည်း အဆုံးတစ်နေ့တွင် အောင်ပွဲကို ဆုပ်ကိုင်ရစမြဲဖြစ်ပါသည်။ ဤသဘောတရားကိုရည်ညွှန်း၍ အမေရိကန်သမ္မတအိုဘားမား ပြောဆိုခဲ့သည်ကိုကိုးကားပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏ လက်ရှိအနေအထားသည် လွန်ခဲ့သောငါးနှစ်က မမျှော်မှန်းနိုင်သောအခြေအနေမျိုးဖြစ်သည်ကို ထောက်ပြပြောဆိုခဲ့ပါသည်။

မတူကွဲပြားမှုများကို အင်အားအဖြစ်စုစည်းနိုင်သော ပြည်ထောင်စုသည် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုဖြစ်သည်ဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ဖက်ဒရယ်ပြည်ထောင်စု၏ နိုင်ငံရေးအနှစ်သာရကို ကျစ်ကျစ်လျစ်လျစ် တိုတိုရှင်းရှင်းဖော်ပြနိုင်စွမ်းရှိသော အဓိပ္ပာယ်ဖွင့်ဆိုချက်ဖြစ်ပါသည်။ အကန့်အသတ်ဖြင့်သာရှိသော အရင်းအမြစ်များကို အချင်းချင်းလုယက်တိုက်ခိုက်ရခြင်းသည် ညီညွတ်မှုကိုပြိုကွဲစေ၍ ဤကဲ့သို့လုယက်တိုက်ခိုက်ရခြင်းကင်းဝေးစေရန် တိုးတက်ဖွံ့ဖြိုးမှုလိုအပ်သည်ဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အတွေးအခေါ်သည် ကျယ်ပြန့်နက်ရှိုင်းသည်သာမက မှန်ကန်သော အတွေးအခေါ်လည်း ဖြစ်ပါသည်။ ရခိုင်ပြည်နယ်၏ ပြဿနာကိုကိုင်တွယ်ရာ၌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အဆိုပါအတွေးအခေါ်ကိုဆုပ်ကိုင်၍ ချဉ်းကပ်ကိုင်တွယ်ဆောင်ရွက်နေခြင်း ဖြစ်ပါသည်။ သို့သော် ပို၍တိတိကျကျ ပြည့်ပြည့်စုံစုံတင်ပြရပါက ရခိုင်ပြည်နယ်၏ ပြဿနာကို ကိုင်တွယ်ရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကိုင်စွဲသော အခြားအခြေခံမူတစ်ရပ်ရှိပါသေးသည်။ ဤသည်မှာ နိုင်ငံသားဖြစ်ထိုက်သူအားလုံး နိုင်ငံသားဖြစ်ရမည်ဟူသော အခြေခံမူဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဒီမိုကရေစီပေါ်ထွန်းစေရန် ရည်ရွယ်၍ အမေရိကန်ကွန်ဂရက်က မြန်မာနိုင်ငံအပေါ် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခဲ့ခြင်းဖြစ်သော်လည်း မြန်မာနိုင်ငံ၏ပြောင်းလဲလာသော အခြေအနေများအရ ဒဏ်ခတ်ပိတ်ဆို့မှုအားလုံးဖယ်ရှားရန် အချိန်ရောက်နေပြီဆိုသည်ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြတ်ပြတ်သားသားရှင်းရှင်းလင်းလင်းထုတ်ဖော်ပြောဆိုခဲ့ပါသည်။ ဤသို့ထုတ်ဖော်ပြောဆိုမှုသည် "ညီညွတ်မှုအတွက် တိုးတက်ဖွံ့ဖြိုးမှုလိုသကဲ့သို့ ဒီမိုကရေစီခိုင်မာရေးအတွက် တိုးတက်ဖွံ့ဖြိုးမှုလိုသည်" ဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ခံယူချက်မှ ပေါက်ဖွားလာခြင်းဖြစ်ပါသည်။

မြန်မာနိုင်ငံသည် မကြာမီကာလများအတွင်း အဆင့်အတန်းမြင့်မားတိုးတက်လာမည်ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ယုံယုံကြည်ကြည် ခိုင်ခိုင်မာမာပြောဆိုခဲ့သည်မှာ စိတ်အားတက်စရာဖြစ်ပါသည်။ မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုခြင်း၏ ပင်မရည်ရွယ်ချက်တစ်ရပ်သည် တပ်မတော်ကို ပြည်သူလူထုက ချစ်ခင်လေးစားစေရန်ဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ပြောဆိုချက်သည် တပ်မတော်အနေဖြင့် လေးလေးနက်နက်သုံးသပ်သင့်သောအချက်ဖြစ်သည်ဟု အခိုင်အမာယုံကြည်ပါသည်။ ပြည်သူတို့၏ ဂုဏ်သိက္ခာနှင့် ရပိုင်ခွင့်များကို ကမ္ဘာ့အလယ်ကာကွယ်ပေးနိုင်သော တပ်မတော်ဖြစ်ရမည်ဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ခံယူချက်သည် စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု၌ ရှိသင့်ရှိထိုက်သော တပ်မတော်၏ ဂုဏ်အင်္ဂါလက္ခဏာများကို မီးမောင်းထိုးတင်ပြလိုက်ခြင်းဖြစ်ပါသည်။ ခြုံငုံတင်ပြရပါက ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၄ ရက်တွင် အမေရိကန်သမ္မတ အိမ်ဖြူတော်၌ နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ရှင်းလင်းပြောဆိုချက်များသည် မြန်မာနိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်တို့ကို မှန်မှန်ကန်ကန် ထင်ဟပ်ဖော်ဆောင်နေသည်မှာ ပေါ်လွင်ထင်ရှားနေပါသည်။ ။

# အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာ ပြပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၀**

နိုင်ငံတကာအဆင့်မီ အိမ်ရာအဆောက်အအုံများအပြင် တန်ဖိုးနည်း၊ တန်ဖိုးသင့်အိမ်ရာ အဆောက်အအုံများ ပေါ်ထွန်းစေရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနသည် ဆောက်လုပ်ရေး လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် အိမ်ရာနှင့် အဆောက်အအုံ ဆောက်လုပ်ရေး လုပ်ငန်းများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိရေး၊ လုပ်ငန်းများ ရှင်သန်သွက်လက်စေရေးနှင့် ဝယ်ယူနေထိုင်မည့် ပြည်သူများအနေဖြင့် လွတ်လပ်စွာစိတ်ကြိုက်ရွေးချယ်ခွင့် ရရှိစေရေးတို့အတွက် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာ ပြပွဲများလည်း ခင်းကျင်းပြသကြသည်။



လှိုင်သာယာ တန်ဖိုးနည်းအိမ်ရာများကို တွေ့ရစဉ်။

ထို့ကြောင့် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာ ကွန်ဒိုတိုက်ခန်းများ၊ အိမ်ရာအရောင်းပြခန်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို တစ်နေရာတည်းတွင် တစုတဝေးတည်း လေ့လာကြည့်ရှုနိုင်မည့် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ ၂၀၁၆ (Housing & Building-2016) ပြပွဲကို ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်ပြသမည်ဖြစ်ရာ အဆိုပါပြပွဲတွင် AMPS ကုမ္ပဏီမှ ဧရာဝတီဘဏ် ချိတ်ဆက်၍ လုံးချင်းနှင့် ကွန်ဒိုတိုက်ခန်းပေါင်း ၅၀ ကျော်ကို လပေါင်း ၁၂၀ အရစ်ကျစနစ်ဖြင့် ဝယ်ယူသူများအား ငါးရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ လျှော့ဈေးရရှိမည့်အပြင် စရံငွေ ၃၀ ရာခိုင်နှုန်းပေးချေရုံဖြင့် တိုက်ခန်းရယူနိုင်မည်ဟု သိရသည်။

ပြပွဲကျင်းပမည့် စက်တင်ဘာ ၂၃ ရက်တွင် ဦးခင်မောင်ညို(ဘောဂဗေဒ)မှ အိမ်ခြံမြေဈေးကွက်နှင့် အလားအလာခေါင်းစဉ်ဖြင့် လည်းကောင်း၊ စက်တင်ဘာ ၂၄ ရက်တွင် ဦးစိုင်းခွန်နောင်(စိုင်းခွန်နောင် အိမ်ခြံမြေအကျိုးဆောင်)၊ ဦးကိုကိုလေး (Three Friends Construction) နှင့် ဦးသိန်းမြင့်ဝေ (Trade Training Institute) တို့က အိမ်ခြံမြေနှင့် စီးပွားရေးရှေ့အလားအလာ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ စက်တင်ဘာ ၂၅ ရက်တွင် ဦးဝင်းမော် (CHD Bank)၊ ဦးသက်နိုင်ဦး (Mevrick Management)နှင့် ဦးမျိုးမြင့် (MRT Construction) တို့က အိမ်ရာဖွံ့ဖြိုးရေးနှင့် အိမ်ရာစုဆောင်းငွေခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ လာရောက်လေ့လာနိုင်ကာ ကံစမ်းမဲများလည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်သည်။ **(ကြေးမုံ)**



**၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂) နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၁) လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ ရဲမှူးချုပ် တင်ကိုကိုဦးဆောင်၍ တပ်ဖွဲ့ဝင် ၂၃၀ ဖြင့် လယ်ဝေးမြို့နယ် ရန်အောင်မြင်ရွှေသက်လှစေတီတော်၌ စက်တင်ဘာ ၁၈ ရက်က လုပ်အားပေးဆောင်ရွက်ကြစဉ်။** (ကြေးမုံ)

# လယ်ယာသုံး စက်ကိရိယာ ကိုင်တွယ်ထိန်းသိမ်းမှု ပညာပေးသင်တန်းဖွင့်

**နွားထိုးကြီး စက်တင်ဘာ ၂၀**

နွားထိုးကြီးမြို့ အမှတ်(၄၄)စက်မှုလယ်ယာစခန်းတွင် လယ်ယာသုံး စက်ကိရိယာ ကိုင်တွယ်ထိန်းသိမ်းမှု ပညာပေးသင်တန်းကို စက်တင်ဘာ ၁၉ ရက်နံနက် ၉ နာရီက အမှတ်(၄၄) စက်မှုလယ်ယာစခန်း၌ ဖွင့်လှစ် ခဲ့သည်။

မြင်းခြံခရိုင် စက်မှုလယ်ယာဦးစီး ဌာန ခရိုင်မှူး ဦးကိုကိုက သင်တန်းဖွင့်အမှာစကားပြောကြားပြီး နွားထိုး ကြီးမြို့နယ် စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဟန်ညီညီက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက် ၍ စက်မှုလယ်ယာစနစ်ဖွံ့ဖြိုးတိုးတက် စေရန်နှင့် သင်တန်းသားများအနေဖြင့် မိမိတို့ကျေးရွာတွင် စက်ပစ္စည်းများကို ကျွမ်းကျင်စွာ ကိုင်တွယ်နိုင်စေရန် ရည်ရွယ်ပြီး သင်တန်းကို ဖွင့်လှစ်ရ ခြင်းဖြစ်ကြောင်းနှင့် ရက်တိုသင်တန်းဖြစ်သည့်အတွက် ပို့ချချက်များကို လည်း စိတ်ပါဝင်စားစွာ သင်ယူမှတ်သားစေလိုကြောင်း ပြောကြားခဲ့ သည်။

သင်တန်းသို့ သင်တန်းသား ၃၀ တက်ရောက်ပြီး သင်တန်းကာလမှာ နှစ်ပတ်ကြာ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။**(သန်းအောင်ဇော်)**




# စိုက်ပျိုးရေးဆိုင်ရာသင်တန်းဖွင့်

**ဘားအံ စက်တင်ဘာ ၂၀**

ကရင်ပြည်နယ် ဘားအံမြို့တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် အက်ရှင်အေ့ဒ်မြန်မာတို့ပူးပေါင်း ဖွင့်လှစ်သော ရာသီဥတုဒဏ် ခံနိုင်ရည်ရှိသည့် ရေရှည်တည်တံ့သော စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းကို စက်တင်ဘာ ၂၀ ရက်က စက်မှုသီးနှံခန်းမ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းအား ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ သင်တန်းသား ၃၀ အား စိုက်ပျိုးရေးဆိုင်ရာ၊ မြေဆီလွှာ၊ အပင်ရောဂါနှင့်သီးနှံဖျက်ပိုးစသည့် ပညာရပ်များကို သုံးရက်တိုင် ပို့ချပေးသွားမည်ဖြစ်သည်။ **နေမျိုးလွင်(ပြန်/ဆက်)**

ကြေးမုံ နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှုံသင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှို့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror ၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၁၃၅၁



# နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကနေဒါနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော်　　စက်တင်ဘာ　　၂၀**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါနိုင်ငံသံအမတ်ကြီး H.E. Mr. Mark McDowell အား နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံပွဲသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## ပြည်နယ်ဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်ကြော်ငြာစာ**
**အမှတ်၊ ၆၆/၂၀၁၆**

၁၃၇၈ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
(၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

**ပြည်နယ်ဝန်ကြီးဌာန အမည်ပြောင်းလဲသတ်မှတ်ခြင်း**

ရှမ်းပြည်နယ်လွှတ်တော်၏ သဘောတူညီချက်အရ ရှမ်းပြည်နယ်အစိုးရအဖွဲ့ရှိ အောက်ပါပြည်နယ်ဝန်ကြီးဌာနများကို ယှဉ်တွဲဖော်ပြပါအတိုင်း အမည်ပြောင်းလဲသတ်မှတ်လိုက်သည်-

| | မူလအမည် | ပြောင်းလဲသတ်မှတ်သည့်အမည် |
|---|---|---|
| (၁) | စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| (၂) | သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန |

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**❖ အထူးကုန်သွယ်မှုမှ**

ယနေ့တွေ့ဆုံပွဲတွင် USAID မစ်ရှင်ဒါရိုက်တာနှင့် အသေးစားချေးငွေအသင်းအဖွဲ့ ငါးဖွဲ့ဖြစ်သည့် ASA Micro finance(Myanmar) Limited၊ LOLC Myanmar Micro–Finance Company Limited၊ Myanmar Development Partners Company Limited၊ Pact Global Micro finance Fund နှင့် Proximity Design တို့၏ ချေးငွေသဘောတူညီချက် လက်မှတ်ရေးထိုးခြင်းကို အမေရိကန်သံအမတ်ကြီးက ကြီးမှူးဆောင်ရွက်ပေးခဲ့သည်။



**အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာရှယ်က သတင်းဌာနများအား ရှင်းလင်းတင်ပြစဉ်။**

အဆိုပါ သဘောတူညီချက်ကို ယနေ့စတင်မည်ဖြစ်ပြီး ခုနစ်နှစ်ကြာ အကောင်အထည်ဖော်ဆောင်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံမှ အသေးစားစီးပွားရေးလုပ်ငန်းများ ကြီးထွားလာရန် အကန့်အသတ်ဖြစ်နေမှုများတွင် ချေးငွေကို မရရှိနိုင်ခြင်းသည် ဇာစ်မြစ်တစ်ခုဖြစ်ပြီး ၂၀ ရာခိုင်နှုန်းထက်နည်းသော လူဦးရေကသာ တရားဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်းများကို လက်လှမ်းမီကြကာ အများစုမှာ အတိုးနှုန်းမြင့်မားသည့် တရားမဝင် ငွေချေးခြင်း နည်းလမ်းများကို အသုံးပြုကြရကြောင်း အမေရိကန်သံရုံးက ယနေ့ထုတ်ပြန်သည့် ချေးငွေအာမခံကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

USAID ၏ ချေးငွေအာမခံအစီအစဉ်(Loan guarantee Program)သည် ငွေကြေးဆိုင်ရာကွာဟချက်ကို ဖြည့်နိုင်ရန် ပြည်တွင်းပုဂ္ဂလိကအရင်းအနှီးများကို လက်တွဲခေါ်ယူသည့်အနေဖြင့် အသုံးပြုမည်ဖြစ်သည်။ ထိုသို့လုပ်ဆောင်ပေးရာတွင် ချေးငွေကို လက်လှမ်းမီအောင် လုပ်ပေးခြင်း သို့မဟုတ် ချေးငွေကို ပိုမိုကောင်းမွန်သော သတ်မှတ်ချက်ဖြင့် ထုတ်ပေးခြင်းတို့ကြောင့် ရင်းနှီးမြှုပ်နှံမှုများ၊ အလုပ်အကိုင်ဖန်တီးမှုများ၊ စီးပွားရေးကြီးထွားမှုနှုန်းများ တိုးတက်လာနိုင်ကြောင်း သိရသည်။

ယခု DCA ၏ အာမခံချက်သည် လယ်စိုက်ခြင်း၊ မွေးမြူခြင်း၊ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်နေသည့် အသေးဆုံးနှင့် အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများကို အဓိက ဦးတည်ချက်ထားသည်ဟုလည်း ဖော်ပြထားသည်။

ယနေ့ လက်မှတ်ရေးထိုးသော သဘောတူညီချက်အရ ငွေချေးသူ ၅၀၀၀ ကျော်ကို အကူအညီပေးနိုင်မည်ဖြစ်ကာ အမျိုးသမီးများပိုင်သော လုပ်ငန်းအများစုကို ချေးပေးသွားမည်ဖြစ်သည်။ လက်ရှိချေးပေးသော ပမာဏမှာ ဒေါ်လာ ၂၀၀ သာဖြစ်ပြီး ယခုဒေါ်လာ ၅၀၀၀ ထိချေးယူနိုင်မည်ဖြစ်ရာ စီးပွားရေးလုပ်ငန်းကို ကြီးထွားလာအောင် လုပ်ဆောင်နိုင်မည်ဟုလည်း ချေးငွေအာမခံကြေညာချက်တွင် ထည့်သွင်းဖော်ပြထားသည်။

အဆိုပါ ချေးငွေအာမခံအစီအစဉ်တွင် နည်းပညာအကူအညီများလည်း ပါဝင်ပြီး အသေးစားချေးငွေ အသင်းအဖွဲ့များကိုသာမက အစိုးရကိုလည်း အကူအညီများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အမေရိကန်ခရီးစဉ်နှင့် ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး မစ္စတာ စကော့မာရှယ်က ဒေသဆိုင်ရာသတင်းဌာနများအား ရှင်းလင်းတင်ပြခဲ့သည်။

ထိုသို့ပြောကြားရာတွင် မြန်မာနိုင်ငံသည် အမေရိကန်၏မိတ်ဖက်လုပ်ဖော်ကိုင်ဖက်နိုင်ငံ တစ်နိုင်ငံအဖြစ် မိမိတို့ လက်တွဲဆောင်ရွက်သွားမည်ဟု သမ္မတ ဘားရက်အိုဘားမားက အခိုင်အမာပြောကြားခဲ့ကြောင်း အမေရိကန်သံအမတ်ကြီးက ထပ်လောင်းပြောကြားသည်။

ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အမှန်တကယ် လျှောက်လှမ်းနေသော မြန်မာနိုင်ငံနှင့် မိမိတို့လက်တွဲဆောင်ရွက်သွားနိုင်ရန် မိတ်ဖက်လုပ်ဖော်ကိုင်ဖက်နိုင်ငံအဖြစ် အလေးအနက်ထားပါကြောင်း၊ နှစ်နိုင်ငံဆက်ဆံရေးမှာ အခိုင်အမာဆက်လက်တိုးတက်လျက်ရှိနေပါကြောင်း။

မြန်မာနိုင်ငံ၏ ရွေးချယ်တင်မြှောက်ခံ အရပ်သားအစိုးရအဖွဲ့နှင့် လက်တွဲဆောင်ရွက်မှုဆက်လက်ပြုလုပ်သွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းမှုကို အလေးအနက်ထောက်ခံသည်ဟု သမ္မတ အိုဘားမားက ထပ်လောင်းအတည်ပြုပြောကြားခဲ့ပါကြောင်း၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်တွင် လုပ်ဖော်ကိုင်ဖက်နိုင်ငံအဖြစ် အကူအညီများပေးအပ်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့ နှစ်နိုင်ငံ၏ ဆက်ဆံရေးကဏ္ဍသစ် ဖွင့်လှစ်နိုင်မှုအဖြစ် နှစ်နိုင်ငံ အပြန်အလှန်ဖလှယ်ရေးအစီအစဉ်များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးဆိုင်ရာတိုးတက်မှု စသည့်နယ်ပယ်ကဏ္ဍများကို အမေရိကန်နှင့်မြန်မာ မိတ်ဖက်ပြုဆောင်ရွက်မှု၏ အဓိကနယ်ပယ်များအဖြစ် သတ်မှတ်ထားပါကြောင်း။

မြန်မာနိုင်ငံအပေါ် ချမှတ်ထားခဲ့သော ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများကို ပြန်လည်ရုပ်သိမ်းပေးရန် ပြင်ဆင်ဆောင်ရွက်နေသည်ဟု သမ္မတအိုဘားမားက ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ ၎င်းအပြင် အထူးကုန်သွယ်မှုအခွင့်အရေး(Generalized System of Preferences–GSP) ပေးအပ်ရန်လည်း အိုဘားမားက ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ ယင်းကုန်သွယ်မှု အထူးအခွင့်အရေးအစီအစဉ်အရ မြန်မာနိုင်ငံအနေဖြင့် အမေရိကန်သို့ ထုတ်ကုန်များ တင်ပို့ရာတွင် အကောက်ခွန် လွတ်ငြိမ်းခွင့်ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ ကျယ်ပြန့်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာစေရေးအတွက် အထောက်အကူပေးလိုမှုကို ထင်ဟပ်သည့် ဆောင်ရွက်ချက်တစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ အလုပ်အကိုင်နေရာများ ပိုမိုဖန်တီးပေးနိုင်ရန် ရည်ရွယ်ပါကြောင်း။

မြန်မာနိုင်ငံ၌ နိုင်ငံရေးပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ တိုးတက်လာစေရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး မြှင့်တင်နိုင်ရေး၊ တရားဥပဒေစိုးမိုးရေး စသည့် အကြောင်းခြင်းရာများနှင့် ပတ်သက်၍လည်း သမ္မတအိုဘားမားနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါကြောင်း၊ ရခိုင်ပြည်နယ်၌ အသိုက်အဝန်းနှစ်ခုအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်နိုင်ရေး၊ မူးယစ်ဆေးဝါး တရားမဝင် ကုန်သွယ်ရောင်းဝယ်မှု တိုက်ဖျက်ရေး၊ ကျောက်စိမ်းလုပ်ငန်းအပါအဝင် တရားမဝင်ကုန်သွယ်ရောင်းဝယ်မှုများ တိုက်ဖျက်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ရေး ဆောင်ရွက်ချက်များနှင့် ပတ်သက်၍လည်း ၎င်းတို့ ဆွေးနွေးခဲ့ကြပါကြောင်း။

မြန်မာနိုင်ငံ၌ တည်ငြိမ်အေးချမ်းမှုများနှင့်အတူ ဒီမိုကရေစီအသွင်ကူးပြောင်းမှုများ တိုးတက်ဖြစ်ပေါ်ကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်လာမည်ဟု မိမိတို့မျှော်မှန်းပါကြောင်း၊ ငြိမ်းချမ်းရေးဖြစ်ထွန်းပေါ်ပေါက်မှုနှင့် အတူ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် မိမိတို့ ဆက်လက်အားပေးထောက်ခံသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား မိတ်ဖက်လုပ်ဖော်ကိုင်ဖက် ဆက်ဆံရေး တိုးတက်မှုကိုမျှော်မှန်းပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ထောက်ခံအားပေးကြောင်း ထပ်လောင်းအတည်ပြုသည့် ခရီးစဉ်အဖြစ် ဒေါ်အောင်ဆန်းစုကြည်၏ ခရီးစဉ်ကို မိမိတို့ရှုမြင်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ပြည်တွင်း၊ ပြည်ပမှ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို သံအမတ်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

# ကမ္ဘာ့ခေါင်းဆောင်များနှင့် ကလင်တန်တွေ့ဆုံ

**နယူးယောက် စက်တင်ဘာ ၂၀**
ဒီမိုကရက်တစ် သမ္မတလောင်း ဟီလာရီကလင်တန်သည် ၎င်း၏ သံတမန်ရေးကျွမ်းကျင်မှုကို ပြသပြီး လူထုထောက်ခံမှုရရှိရန် ကြိုးစားသည့်အနေဖြင့် နယူးယောက်မြို့တွင် ပြည်ပခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။

ကလင်တန်သည် ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် စက်တင်ဘာ ၁၉ ရက်တွင် တွေ့ဆုံခဲ့သည်။ အာဘေးသည် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်ရန် နယူးယောက်မြို့သို့ ရောက်ရှိနေခြင်းဖြစ်သည်။ ကလင်တန်နှင့် အာဘေးတို့သည် အမေရိကန်နှင့် ဂျပန်နိုင်ငံတို့၏ဆက်ဆံရေး အရေးပါမှုကို အသိအမှတ်ပြုခဲ့ကြသည်ဟု တာဝန်ရှိသူများက ပြောကြားသည်။



ကလင်တန်သည် အီဂျစ်သမ္မတ အဗ္ဗဒယ်ဖာတာ အယ်လ်စီစီနှင့် တွေ့ဆုံခဲ့သကဲ့သို့ ယူကရိန်းသမ္မတ ပိုရိုရှန်ကိုနှင့်လည်းတွေ့ဆုံ၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် ရုရှားနိုင်ငံနှင့်ပတ်သက်သည့် မူဝါဒရေးရာများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ကလင်တန်က ကမ္ဘာ့ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်သွားမည်ဖြစ်ကြောင်း လွန်ခဲ့သည့်သီတင်းပတ်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။

ကလင်တန်သည် နိုင်ငံခြားရေးဝန်ကြီးတာဝန်ထမ်းဆောင်ခဲ့သည့် အတွေ့အကြုံများသာမက အထက်လွှတ်တော်အမတ်နှင့် သမ္မတကတော်အဖြစ် နှစ်ပေါင်းများစွာတာဝန်ထမ်းဆောင်ခဲ့သည့် အတွေ့အကြုံများကြောင့် သံတမန်ရေးစွမ်းဆောင်မှုကို အလေးအနက်ထားသည်။ **အင်န်အိတ်ချ်ကေ။**

# ဘာရက်-၈ ဒုံးကျည် စမ်းသပ်ပစ်ခတ်မှုအောင်မြင်ဟု အိန္ဒိယ ပြောကြား

**နယူးဒေလီ စက်တင်ဘာ ၂၀**
မြေပြင်မှ ဝေဟင်အတွင်းသို့ တာဝေးခရီးပစ်ခတ်နိုင်သော ခေတ်မီဒုံးကျည်သစ်ကို စက်တင်ဘာ ၂၀ ရက်တွင် စမ်းသပ်ပစ်ခတ်ခဲ့ရာ အောင်မြင်မှုရခဲ့ကြောင်း၊ အဆိုပါဒုံးကျည်မှာ ဘာရက်-၈ အမျိုးအစား အဏုမြူလက်နက်ထိပ်ဖူး သယ်ဆောင်နိုင်သော ဒုံးကျည်ဖြစ်ပြီး အိန္ဒိယနှင့် အစ္စရေးနိုင်ငံတို့ ပူးပေါင်းထုတ်လုပ်ခြင်းဖြစ်ကြောင်း အိန္ဒိယစစ်ဘက်ဆိုင်ရာ အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါဒုံးကျည်ကို အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဩရိဿပြည်နယ် ကမ်းရိုးတန်းဒေသရှိ စစ်ဘက်အခြေစိုက်စခန်းမှ ပစ်လွှတ်ခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဘာရက်-၈ ဒုံးကျည်ကို ယာဉ်တင်ဒုံးပစ်စင်မှ ပစ်လွှတ်ခဲ့ကြောင်း၊ ဒုံးကျည်ကို ဩရိဿပြည်နယ် ဘာလာဆိုးလ်ခရိုင် ချန်ဒီပူ လက်နက်စမ်းသပ်ရေးကွင်းမှ ပစ်လွှတ်ခဲ့ခြင်းဖြစ်ပြီး ရွေ့လျားနေသည့် လေကြောင်းပစ်မှတ်တစ်ခုကို ဘင်္ဂလားပင်လယ်အော် ရေပြင်အထက်ဝေဟင်အတွင်း ထိမှန်အောင်ပစ်ခတ်စမ်းသပ်နိုင်ခဲ့ကြောင်း ဒုံးကျည်ပစ်လွှတ်မှုနှင့်ပတ်သက်၍ အမည်မဖော်သူ တာဝန်ရှိသူက ပြောကြားသည်။ နောက်ထပ်စမ်းသပ်ပစ်ခတ်မှုများကို စက်တင်ဘာ ၂၁ ရက်တွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်းနှင့် ယခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်းက အဆိုပါဒုံးကျည်ကို စမ်းသပ်ပစ်ခတ်မှုများပြုလုပ်ခဲ့ရာ အောင်မြင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ဘာရက်-၈ မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်သည် အလျား ၄ ဒသမ ၅ မီတာရှည်လျားပြီး လုံးပတ်မှာ သုည ဒသမ ၂၂၅ မီတာ၊ ထိပ်ဖူးမှာ သုည ဒသမ ၅၄ မီတာရှိပြီး ဒုံးကျည်၏တောင်ပံမှာ သုည ဒသမ ၉၄ မီတာရှိသည်။ အလေးချိန် ကီလိုဂရမ် ၆၀ ရှိပြီး လက်နက်ထိပ်ဖူးအပါအဝင် ၂၇၅ ကီလိုဂရမ်ရှိသည်။

အဆိုပါဒုံးကျည်သည် အသံထက်နှစ်ဆမြန်သောအမြန်နှုန်းဖြင့် ကီလိုမီတာ ၇၀ အကွာရှိ ပစ်မှတ်ကိုပစ်ခတ်နိုင်သည်။ **ဆင်ဟွာ။**



# နယူးယောက်မြို့ ဗုံးခွဲသူအဖြစ် သံသယရှိသူ အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်တို့ကို သွားရောက်ခဲ့



**နယူးယောက် စက်တင်ဘာ ၂၀**
လွန်ခဲ့သည့်စနေနေ့က နယူးယောက်မြို့ ဗုံးပေါက်ကွဲမှုတွင် ဖောက်ခွဲသူဟု သံသယရှိသူသည် အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်နိုင်ငံတို့သို့ အကြိမ်ကြိမ်သွားရောက်ခဲ့သူဖြစ်သည်ဟု အမေရိကန်သတင်းမီဒီယာများက ပြောကြားသည်။

အသက်(၂၈)နှစ်ရှိ အာမတ်ခန် ရာဟာမီ **(ဓါတ်ပုံ)**သည် ရဲတပ်ဖွဲ့နှင့် အပြန်အလှန်ပစ်ခတ်ပြီးနောက် စက်တင်ဘာ ၁၉ ရက်တွင် ဖမ်းဆီးခံခဲ့ရသည်။ ၎င်းသည် အာဖဂန်နွယ်ဖွား အမေရိကန်နိုင်ငံသားဖြစ်သည်။

ရာဟာမီသည် အကြမ်းဖက်အစွန်းရောက်များရှိသည့် အာဖဂန်နစ္စတန်နိုင်ငံသို့ အကြိမ်ကြိမ်သွားရောက်ခဲ့သူဖြစ်ပြီး ပါကစ္စတန်နိုင်ငံသို့လည်း ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း သွားရောက်မှုများရှိခဲ့သည်။ ရာဟာမီသည် အဆိုပါနိုင်ငံများတွင် တစ်နှစ်ခန့် နေထိုင်ခဲ့ဖူးသည်ဟု သိရသည်။

ရာဟာမီသည် အာဖဂန်နစ္စတန်နိုင်ငံသို့ သွားရောက်ခဲ့ပြီးနောက်ပိုင်း ၎င်း၏ ပင်ကိုစရိုက်များ ပြောင်းလဲလာသည်ကို သတိထားမိကြောင်း၊ ဘာသာရေးပိုမိုကိုင်းရှိုင်းလာပြီး အေးဆေးတည်ငြိမ်လာကြောင်း ရာဟာမီ၏ မိတ်ဆွေတစ်ဦးပြောကြားချက်ကို အေပီသတင်းဌာနက ကိုးကားဖော်ပြသည်။

အမေရိကန်စုံစမ်းစစ်ဆေးရေးအရာရှိများက ရာဟာမီတွင် အစွန်းရောက်မွတ်စလင်အတွေးအခေါ် အယူအဆများ လွှမ်းမိုးမှုရှိ၊ မရှိ စောင့်ကြည့်လေ့လာလျက်ရှိသည်။

**အင်န်အိတ်ချ်ကေ။**

*

# ကယ်ဆယ်ရေးယာဉ်တန်း တိုက်ခိုက်ခံရသည်ဆိုမှု ဆီးရီးယားကြည်းတပ်ငြင်းဆို

**ဒမတ်စကတ် စက်တင်ဘာ ၂၀**
ဆီးရီးယားနိုင်ငံမြောက်ပိုင်း အလက်ပိုပြည်နယ်၌ ကယ်ဆယ်ရေးပစ္စည်းများတင်ဆောင်ထားသော ယာဉ်တန်းကို တိုက်ခိုက်ခဲ့သည်ဆိုသော သတင်းမှာ မှန်ကန်ခြင်းမရှိကြောင်း ဆီးရီးယားကြည်းတပ်က ငြင်းဆိုလိုက်ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားဌာနက စက်တင်ဘာ ၂၀ ရက်တွင် သတင်းထုတ်ပြန်သည်။

အလက်ပိုပြည်နယ်၏ ကျေးလက်ဒေသတစ်နေရာတွင် ကယ်ဆယ်ရေးယာဉ်တန်းတစ်တန်းကို လေကြောင်းမှ တိုက်ခိုက်မှုများပြုလုပ်ခဲ့သည်ဆိုသော သတင်းမှာ အခြေအမြစ်မရှိကြောင်း ဆီးရီးယားကြည်းတပ်က ပြောကြားသည်။

စက်တင်ဘာ ၁၉ ရက်က ဖြစ်ပွားခဲ့သော ယင်းဖြစ်စဉ်တွင် အရပ်သား ၂၀ ထက်မနည်း သေဆုံးရပြီး ဆီးရီးယားအာရပ်လခြမ်းနီအဖွဲ့၌ အလုပ်လုပ်ကိုင်နေသော ကယ်ဆယ်ရေးလုပ်သားတစ်ဦးမှာလည်း သေဆုံးရကြောင်း သတင်းပေါ်ထွက်ခဲ့သည်။

ကယ်ဆယ်ရေးပစ္စည်းများ တင်ဆောင်လာသော မော်တော်ယာဉ်တန်းကို ရုရှားနှင့် ဆီးရီးယားစစ်လေယာဉ်များက တိုက်ခိုက်ခဲ့သည်ဟု အတိုက်အခံအုပ်စုများက စွပ်စွဲခဲ့ကြသည်။

ဆီးရီးယားနိုင်ငံရှိ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအဖွဲ့အစည်းများက ယင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ ပြစ်တင်ရှုတ်ချခဲ့ကြသည်။

ကယ်ဆယ်ရေးယာဉ်တန်းတိုက်ခိုက်ခံရမှုကြောင့် အပြစ်မဲ့အရပ်သား ထောင်ပေါင်းများစွာအနေဖြင့် အရေးတကြီးလိုအပ်နေသော စားနပ်ရိက္ခာနှင့် ဆေးဝါးများ ဆုံးရှုံးခဲ့ရကြောင်း ကယ်ဆယ်ရေးအဖွဲ့အစည်းများက စုပေါင်းထုတ်ပြန်သော ပူးတွဲကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။ **ဆင်ဟွာ။**

# ခရီးသည်တင်လေယာဉ်များဝယ်ယူရန် မစ်ဆူဘီရှိကုမ္ပဏီနှင့် အီရန် ဆွေးနွေး

**တီဟီရန် စက်တင်ဘာ ၂၀**
အိုမင်းနေပြီဖြစ်သော လေယာဉ်များကိုပြုပြင်ရန်ရည်ရွယ်ကာ ခရီးသည်တင်လေယာဉ်များဝယ်ယူရေးအတွက် ဂျပန်နိုင်ငံမှ မစ်ဆူဘီရှိကုမ္ပဏီနှင့် အီရန်နိုင်ငံတို့ ဆွေးနွေးနေကြောင်း လမ်းပန်းနှင့် မြို့ပြဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အီရန်တာဝန်ရှိသူတစ်ဦး၏ပြောကြားချက်ကို ကိုးကား၍ Press TV က ဖော်ပြသည်။

မစ်ဆူဘီရှိကုမ္ပဏီက မကြာမီမှာ အီရန်နိုင်ငံကို လေယာဉ်အမြောက်အမြားပေးပို့မယ်လို့ ယူဆရပါတယ်" ဟု လမ်းပန်းနှင့်မြို့ပြဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Asghar fakhriyeh-kashan က ပြောကြားသည်။ အီရန်နိုင်ငံမှ Aseman လေကြောင်းလိုင်းက ပြည်တွင်းခရီးစဉ်များပြေးဆွဲရန် မစ်ဆူဘီရှိကုမ္ပဏီထံမှ ခရီးသည်လေယာဉ် ၂၅ စင်း ဝယ်ယူရန်စီစဉ်နေသည်။ အီရန်လေကြောင်းလိုင်းများက ခရီးသည်တင်လေယာဉ်များ ဝယ်ယူရန် ကနေဒါနိုင်ငံမှ Bombardier နှင့် ဘရာဇီးနိုင်ငံမှ Embraer ကုမ္ပဏီများနှင့်လည်း ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

အမေရိကန်ဒေါ်လာ ၅၀ ဘီလီယံတန်ဖိုးရှိ ခရီးသည်တင်လေယာဉ်အစင်း ၂၀၀ ခန့်ဝယ်ယူရန် အီရန်နိုင်ငံက အဲဘတ်စ်နှင့် ဘိုရင်းကုမ္ပဏီတို့နှင့် သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခဲ့သည်။ သို့သော်လည်း အမေရိကန်ပြည်ထောင်စု၏ အီရန်နိုင်ငံအပေါ် ပိတ်ဆို့မှုကြောင့် အဲဘတ်စ်၊ ဘိုရင်းကုမ္ပဏီတို့နှင့်လက်မှတ်ရေးထိုးထားသော သဘောတူစာချုပ်များမှာ ဘဏ္ဍာရေးအဟန့်အတားများ ကြုံတွေ့နေရသည်။

အမေရိကန်ပြည်ထောင်စု၏ပိတ်ဆို့မှုကြောင့်ဖြစ်ပေါ်လာသည့် ဘဏ္ဍာရေးဆိုင်ရာ အဟန့်အတားများက အီရန်နိုင်ငံသို့ ခရီးသည်လေယာဉ်များရောင်းချမည့် လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီများကို စိတ်ပျက်စေကြောင်း လမ်းပန်းနှင့် မြို့ပြဖွံ့ဖြိုးရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၈ ရက်တွင် ပြောကြားခဲ့သည်။

**ဆင်ဟွာ။**

# မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဒလ-ရန်ကုန်တံတားတည်ဆောက်ရေးနှင့်ပတ်သက်၍ ပြည်သူ့လွှတ်တော်တွင် မေးမြန်းဖြေကြား

**နေပြည်တော် စက်တင်ဘာ ၂၀**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၆)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း (၆)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်းတစ်ခု တင်သွင်းခြင်း၊ လေ့လာတွေ့ရှိချက်အစီရင်ခံစာဖတ်ကြားခြင်းနှင့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်း၏ ပြင်ဆင်ချက်အဆိုများကို ဆွေးနွေးခဲ့ကြသည်။

ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၏ **မြန်မာ-ကိုရီးယားချစ်ကြည်ရေး ဒလ-ရန်ကုန်တံတားတည်ဆောက်ရေးနှင့်ပတ်သက်၍ မူလရေးဆွဲထားသော တံတားဒီဇိုင်းသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် JICA တို့ ပူးပေါင်းရေးဆွဲနေသော 2040 Yangon City Plan နှင့်ဆန့်ကျင်ဘက်ဖြစ်ခြင်း၊ ယာဉ်ကြောကျပ်တည်းမှုများ ဖြစ်ပေါ်စေခြင်းများကြောင့် တံတားစီမံကိန်းရပ်ဆိုင်းရပါက ဒလ-ရန်ကုန်တံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**၊ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၏ **ငပုတောမြို့နှင့် လပွတ္တာမြို့နယ်တို့အား ဆက်သွယ်ဖောက်လုပ်ထားသော သင်္ကယ်သောင်မြစ်ကူးတံတားကို မည်သည့်ဘဏ္ဍာနှစ်တွင် စတင်တည်ဆောက်မည်ကို သိရှိလိုခြင်းမေးခွန်း**နှင့် ကျောက်တော်မဲဆန္ဒနယ်မှ ဦးဦးထွန်းဝင်း၏ **ကစ္ဆပနဒီမြစ်ကူးတံတား တည်ဆောက်ရန်အတွက် ဖယ်ရှားခံခဲ့ရသော အိမ်နှင့် ခြံမြေများထဲမှ ယခုအချိန်အထိ အစားမရရှိသေးသည့် အိမ်ထောင်စုများအတွက် အိမ်ရာမြေများ ပြန်လည်အစားထိုးချထားပေးရန် အစီအစဉ်ရှိ မရှိမေးခွန်း**များနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ကိုရီးယားသမ္မတနိုင်ငံ စီးပွားဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ EDCF ချေးငွေ၊ မြန်မာအစိုးရထည့်ဝင်ငွေတို့ဖြင့် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်နှင့် ဒလမြို့နယ်ကို ဆက်သွယ်သည့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး ဒလတံတား တည်ဆောက်ရေးနှင့်ပတ်သက်ပြီး မူလရေးဆွဲထားသော တံတားအူကြောင်းနှင့် တံတားဒီဇိုင်းသည် ရန်ကုန်တိုင်းဒေသကြီးအစိုးရနှင့် JICA တို့ ပူးပေါင်းရေးဆွဲနေသော 2040 Yangon City Plan တွင် မပါဝင်ဘဲ JICA မှ 2040 Yangon Strategic Urban Development Plan(SUDP) စီမံကိန်းရေးဆွဲခြင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒလချစ်ကြည်ရေးတံတား တည်ဆောက်ရေး စီမံကိန်းနှစ်ခုကို ၂၀၁၃-၂၀၁၄ ခုနှစ်တွင် တစ်ပြိုင်တည်းဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဒလတံတားစီမံကိန်းကို ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရတို့၏ အတည်ပြုချက်ဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

JICA မှ 2040 Yangon Strategic Urban Development Plan(SUDP)ကို ရန်ကုန်မြို့၏ လက်ရှိအခြေအနေများ၊ အနာဂတ်လိုအပ်ချက်များနှင့်ကိုက်ညီစေရန် ပြန်လည်ပြင်ဆင်ရေးဆွဲခြင်းကို ဆောင်ရွက်နေပါကြောင်း၊ ရန်ကုန်ဘက်ကမ်း လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် ဒလဘက်ကမ်း ဒလမြို့နယ် ကမာကဆစ်ရပ်ကွက် ဗိုလ်မင်းရောင်လမ်းကို ဆက်သွယ်ထားသည့် လမ်းအူကြောင်းသည် ထိခိုက်မှုအနည်းဆုံးလမ်းကြောင်းဖြစ်သည့်အတွက် ရွေးချယ်ထားခြင်းဖြစ်ပါကြောင်း၊ တည်ဆောက်ရေး



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

ကန်ထရိုက်တာရွေးချယ်ပြီးပါက တံတားတည်ဆောက်ရေးလုပ်ငန်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဒလတံတားအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပြီးစီးရန် စီစဉ်ရေးဆွဲထားပါကြောင်း။

တံတားတည်ဆောက်စဉ်ကာလအတွင်း ယာဉ်ကြောကျပ်တည်းမှု အနည်းဆုံးဖြစ်စေရေးအတွက် ကိုရီးယားအတိုင်ပင်ခံကုမ္ပဏီနှင့် Traffic Management ကို အသေးစိတ်တွက်ချက်စီစဉ်သွားမည်ဖြစ်ပါကြောင်း၊ အခြားနေရာတွင် ဒလ-ရန်ကုန် တံတား သို့မဟုတ် မြစ်ဖြတ်ရေးလိုဏ်ခေါင်း တည်ဆောက်ပေးရန် စီစဉ်ထားခြင်းမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သင်္ကယ်သောင်မြစ်ကူးတံတားသည် မူလမြစ်အကျယ် ကမ်းပါးနှစ်ဖက် အကွာအဝေး ပေ(၈၀၀၀) ရှိသည့်အတွက် အရှည်ပေ(၉၅၀၀) ခန့်ရှိ တံတားတစ်စင်းအဖြစ် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ငွေကြေးကုန်ကျမှုပမာဏများပြားသည့်အတွက် ၂၀၁၁ ခုနှစ်တွင် မြစ်ကျဉ်းနေရာမှ လမ်းသစ်ပြန်ရှာပြီး လမ်းအူကြောင်းအသစ် ရှာဖွေခဲ့ကြောင်း။

လမ်းသစ်တွင် ကျောက်ဖျာလေးကျေးရွာမှ ရေဘော်ကြီးကျေးရွာအထိ (၂၀)မိုင် (၇)ဖာလုံရှိကာ တစ်ကြောင်းထိုးလမ်း (၁၄)မိုင် (၃)ဖာလုံဆောင်ရွက်ခဲ့ပြီး မြေသားတာပေါင်တင်ကာ (၆)မိုင် (၃)ဖာလုံနှင့် အမာခံလမ်း (၁)ဖာလုံ ဆောင်ရွက်ခဲ့ပါကြောင်း၊ တံတားကြီး၊ တံတားငယ် (၇)စင်းတည်ဆောက်ရန်ရှိပါကြောင်း၊ တံတား(၁)စင်းသည် ဆောင်ရွက်ဆဲဖြစ်ပြီး ကျန် (၆)စင်းအနက် သင်္ကယ်သောင်မြစ်တွင် ကမ်းနှစ်ခုအကွာအဝေး အကျယ်ပေ (၂၅၀၀) ရှိသည့်အပြင် သင်္ဘောကြီးများသွားလာနိုင်သည့်မြစ်ဖြစ်သည့်အတွက် ပေ (၄၀၀၀) ခန့်အရှည်ရှိ တံတားအဖြစ် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် (၇၆၆ ဒသမ ၀၀)သန်း လျာထားတင်ပြအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ၁၉၉၇ ခုနှစ် ကစ္ဆပနဒီတံတားစီမံကိန်းစတင်ချိန်၌ ကျောက်တော်မြို့ ပိုက်သည်ရပ်ကွက်မှ အိမ်ထောင်စု (၆၉) စုအား တံတားတည်ဆောက်ရန် စီမံကိန်းနယ်မြေအတွင်းကျရောက်သဖြင့် ပြောင်းရွှေ့သယ်ယူစရိတ်အဖြစ် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် (၂၀၀၀၀) ထောက်ပံ့ကြေးပေးခဲ့ပါကြောင်း၊ အစားထိုးမြေကွက်သစ်များကိုလည်း ရန်ကုန်-စစ်တွေကားလမ်းအနောက်ဘက် ကစ္ဆပရပ်ကွက်၌ (၆၀ × ၅၀) ပေမြေကွက်များချထားပေးခဲ့ရာ ဦးကျော်ထွန်းစိန်ပါ (၄၇) ဦးမှာ မြေကွက်များ ရယူခဲ့ကြောင်း၊ ဦးစံကျော်အောင်ပါ (၂၂) ဦးမှာ မြို့နှင့်တစ်ဆက်တစ်စပ်တည်းရှိသည့် ကြံစိုက်ခင်းများ၌ နေရာချထားပေးရန် တင်ပြခဲ့ရာ ၎င်းအချိန်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖြစ်သူ ဦးစောအောင်က အထက်အဖွဲ့အစည်းထံ တင်ပြဆောင်ရွက်ရေးအတွက် တစ်နှစ်၊ နှစ်နှစ်စောင့်ဆိုင်းပေးရန် အကြောင်းပြန်ခဲ့သည်ကို သိရပါကြောင်း၊ ယခုတောင်းဆိုသည့် ရွှေမင်းဂံကွက်သစ်မြေနေရာသည် စိုက်ပျိုးရေးသိပ္ပံကျောင်းမြေနေရာအတွင်း ကျရောက်နေသဖြင့် အစားထိုးနေရာချထားပေးရန် အစီအစဉ်မရှိပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းပြီး ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းလိုပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် ၁၅ ချက်ကို လွှတ်တော်သို့တင်သွင်းရာ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များအတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းအဖြစ် အတည်ပြုကြောင်း လွှတ်တော်က ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီကတင်သွင်းသည့် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ပြင်ဆင်ချက်အဆိုများကို ဆွေးနွေးကြပြီး လွှတ်တော်၏ အတည်ပြုချက်ရယူကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲများအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၁ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**

# နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြု

**နေပြည်တော် စက်တင်ဘာ ၂၀**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၃၄)ရက်မြောက်နေ့တွင် **“နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”**ကို ပြင်ဆင်ထားသည့်အတိုင်း လွှတ်တော်က အတည်ပြုခဲ့သည်။

**“နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”**နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းထွန်းအောင်က လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သည့် ကော်မတီ၏ အစီရင်ခံစာကိုဖတ်ကြား၍ လွှတ်တော်၏အဆုံးအဖြတ်ဖြင့် တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား အတည်ပြုပေးရန် အဆိုတင်သွင်းသည့်အတွက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူ၍ ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုခဲ့ခြင်းဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါက်တာသန်းဝင်း၏ **ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတွင် လက်ထောက်ဆရာဝန်များကို စတင်ခန့်ထားသည့်အခါ အထူးကုဆရာဝန်ကြီးများရှိသော တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်သင်ကြားရေး ဆေးရုံကြီးများတွင် နေရာချထားပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် စတင်တာဝန်ထမ်းဆောင်မည့် လက်ထောက်ဆရာဝန် (၁၇၀၈)ဦးကို အထူးကုဆရာဝန်ကြီးများရှိသော သင်ကြားရေးဆေးရုံကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်ဆေးရုံကြီးများတွင် တစ်နှစ်ခွဲမှ နှစ်နှစ်အထိ နေရာချထားမည်ဖြစ်ကြောင်း။

ထိုသို့ခန့်ထားရာတွင် ရန်ကုန်၊ မန္တလေးကဲ့သို့သော မြို့ကြီးများရှိ ဘာသာရပ်ဆိုင်ရာအထူးကုဆေးရုံကြီးများတွင် တာဝန်ချထားခံရသည့်အခါ ဆေးကုသပညာ၊ ခွဲစိတ်ကုသမှုပညာ၊ သားဖွားနှင့်မီးယပ်ပညာ၊ ကလေးဆေးကုသပညာစသည့် အဓိကဆေးပညာဘာသာရပ်များကို စုံလင်စွာ တာဝန်ထမ်းဆောင်လေ့လာသင်ယူခွင့်ရရှိရန်အတွက် သက်ဆိုင်ရာဆေးရုံအုပ်ကြီးများက ဆေးရုံအချင်းချင်း အလှည့်ကျစနစ်ဖြင့် လဲလှယ်တာဝန်ချထားပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်သူ့ကျန်းမာရေး၊ ဆေးသုတေသနဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးများကွပ်ကဲရေးဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဆေးဘက်နှီးနွှယ်တက္ကသိုလ်နှင့် သင်တန်းကျောင်းများ၌ တိုက်ရိုက်တာဝန်ချထားမည်ဖြစ်ပြီး လုပ်ငန်းခွင်အတွင်း ထိရောက်သောအချိန်တိုသင်တန်းများ



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

ကို ပို့ချသွားမည်ဖြစ်ပါကြောင်း။

အလုပ်သင်ဆရာဝန်များကို တစ်နှစ်ထက်ပိုမိုတာဝန်ထမ်းဆောင်စေပါက အခြေခံဆေးပညာ (၄)ဘာသာအပြင် မျက်စိ၊ နား၊ နှာခေါင်း၊ ဦးနှောက်နှင့် အာရုံကြော၊ အရိုးနှင့် ထိခိုက်ဒဏ်ရာ၊ အရေးပေါ်ကျန်းမာရေးနှင့် အထူးကြပ်မတ်ကုသရေး၊ စိတ်ကျန်းမာရေးစသည့် များစွာသောဘာသာရပ်တို့၏ အခြေခံကုသပုံ ကုသနည်းစနစ်များကို ပိုမိုကျွမ်းကျင်စေခြင်းဖြင့် အလုပ်သင်ဆရာဝန်များ တာဝန်ပြီးဆုံးပါက မြို့နယ်ဆေးရုံများ၊ တိုက်နယ်ဆေးရုံများတွင် ယုံကြည်ချက်အပြည့်ဖြင့် တိုက်ရိုက်တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း၏ **ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံကြီးကို ပြန်လည်ဖွင့်လှစ်ပေးရန်အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ၂၀၁၅ ခုနှစ်အတွင်း လပွတ္တာမြို့ ပြည်သူ့ဆေးရုံကြီးတွင် နေ့စဉ်ပျမ်းမျှ ပြင်ပလူနာ (၄၇)ဦး၊ အတွင်းလူနာ (၁၁၂)ဦး၊ ခွင့်ပြုခုတင်အရေအတွက်အရ ဆေးရုံခုတင် အသုံးချမှုနှုန်း (၅၅ ဒသမ ၇၅) ရာခိုင်နှုန်း၊ အသုံးချနိုင်သည့် ခုတင်အရေအတွက်အရ ဆေးရုံခုတင်အသုံးချမှုနှုန်း (၅၆ ဒသမ ၈၈) ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါကြောင်း။

ပြည်သူ့ဆေးရုံများကို တည်ဆောက်ဖွင့်လှစ်ရာတွင် တစ်မြို့နယ်လျှင် အနည်းဆုံး ဆေးရုံတစ်ရုံသာ ထားရှိဖွင့်လှစ်ပြီး ခရိုင်ပြည်သူ့ဆေးရုံရှိသော မြို့နယ်တွင် မူအရ မြို့နယ်ပြည်သူ့ဆေးရုံဖွင့်လှစ်ထားရှိရန် မဖြစ်နိုင်ခြင်း၊ မူလ (၂၅) ခုတင်ဆံ့ပြည်သူ့ဆေးရုံကို ခုတင် (၂၀၀)ဆံ့ ပြည်သူ့ဆေးရုံအဖြစ် တိုးမြှင့်ဖွင့်လှစ်ထားခြင်းတို့ကြောင့် မူလဆေးရုံဟောင်းနေရာတွင် မြို့နယ်ပြည်သူ့ဆေးရုံအဖြစ် ပြန်လည်ဖွင့်လှစ်ထားရှိရန်မှာ မဖြစ်နိုင်ကြောင်းနှင့် ပြင်ပလူနာကြည့်ရှုကုသမှုကို ယခုအတိုင်း ၂၄ နာရီ ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပြီး လိုအပ်လျက်ရှိသော အထူးကုသမားတော်ကြီး၊ မေ့ဆေးအထူးကုနှင့် အရိုးအထူးကုဆရာဝန်ကြီးများကို အမြန်ဆုံးဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ **ချင်းပြည်နယ် မင်းတပ်ခရိုင် ပြည်သူ့ဆေးရုံတွင် လူနာများအား စမ်းသပ်၊ ခွဲစိတ်ပစ္စည်းကိရိယာများ ပြည့်စုံစွာပံ့ပိုးပေးရန်နှင့် ကုသမှုဆိုင်ရာသမားတော်ကြီးများကို တိုးချဲ့ခန့်ထားရန် အစီအစဉ်ရှိ မရှိနှင့် လိုအပ်လျက်ရှိသည့် တိုင်းရင်းဆေးရုံနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိမရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဓာတ်မှန်ဆရာဝန်နှင့် ရောဂါဗေဒဆရာဝန်များ ခန့်ထားပေးရေးနှင့်ပတ်သက်၍ လက်ရှိအခြေအနေတွင် တစ်နိုင်ငံလုံးအနေဖြင့် အင်အားလွန်စွာနည်းပါးနေ၍ ခန့်အပ်ပေးနိုင်ခြင်းမရှိပါကြောင်း၊ မင်းတပ်ခရိုင်ပြည်သူ့ဆေးရုံအတွက် လိုအပ်သော ဆေးရုံသုံးပစ္စည်းများကို ပြည့်စုံစွာဖြည့်ဆည်းပြီးသော်လည်း လိုအပ်၍ မင်းတပ်ပြည်သူ့ဆေးရုံအုပ်မှ ချင်းပြည်နယ် ကုသရေးဦးစီးဌာနမှူး၏ထောက်ခံချက်ဖြင့် တင်ပြတောင်းခံလာပါက စိစစ်ပြီး အမြန်ဆုံးထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက မင်းတပ်မြို့တွင် တိုင်းရင်းဆေးရုံဖွင့်လှစ်ရန် အစီအစဉ်မရှိပါကြောင်း၊ မင်းတပ်၊ မတူပီနှင့် ကန်ပက်လက်မြို့နယ်တို့ရှိ တိုင်းရင်းဆေးကုဌာနများ၌ လိုအပ်လျက်ရှိသော ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေထည့်သွင်းတောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပလက်ဝမြို့နယ်၏လူဦးရေသည် (၆၄၇၉၀)ဦးရှိသောကြောင့် ပလက်ဝမြို့နယ်တွင် တိုင်းရင်းဆေးကုဌာနတစ်ခု ဖွင့်လှစ်နိုင်ရန်အတွက် လက်ရှိအခြေအနေတွင် မြေနေရာမရှိသော်လည်း ဆေးခန်းမြေနေရာ ခွင့်ပြုချက်ရရှိပါက အနီးစပ်ဆုံးဘဏ္ဍာရေးနှစ်တွင် ဖွဲ့စည်းပုံအတည်ပြုချက်ရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး ဖွဲ့စည်းပုံအတည်ပြုချက်ရရှိပါက ရန်ပုံငွေထည့်သွင်းတောင်းခံ၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

# ဆေးရွက်ကြီးထွက်ကုန်အားလုံးတွင် အသိပေးရုပ်ပုံနှင့်စာသားများ ထည့်သွင်းဖော်ပြရန်လိုအပ်

**ဒါလီအောင်**

မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးမှုလျော့ကျရေးကို ရည်ရွယ်ပြီး ဆေးလိပ်ဘူးပေါ်တွင် ခံတွင်းကင်ဆာရုပ်ပုံနှင့် သတိပေးစာတန်းများကို ရှေ့နောက် မျက်နှာပြင်ဧရိယာ ၇၅ ရာခိုင်နှုန်းထိ ပုံနှိပ်ဖော်ပြရန် အမိန့်ကြော်ငြာစာကို ဖေဖော်ဝါရီလ ၂၉ ရက်နေ့တွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာနမှ လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီး စက်တင်ဘာလ ၁ ရက်နေ့မှ စတင်ပုံနှိပ်ဖော်ပြကြရပြီဖြစ်ပေသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထုပ်ပိုးရာတွင် ထုတ်ကုန်၏ ရှေ့၊ နောက်မျက်နှာပြင်တွင် ကျန်းမာရေးသတိပေးရုပ်ပုံကို ၅၀ ရာခိုင်နှုန်း၊ စာသားကို မြန်မာဘာသာဖြင့် ၂၅ ရာခိုင်နှုန်း စုစုပေါင်း ၇၅ ရာခိုင်နှုန်း အနည်းဆုံးဖော်ပြရမည်ဖြစ်သည်။

အာဆီယံနိုင်ငံများနှင့် အခြားသောနိုင်ငံများတွင် ယင်းကဲ့သို့ သတိပေးရုပ်ပုံများနှင့် စာတန်းများကို ထည့်သွင်းပြီးဖြစ်သော်လည်း မြန်မာနိုင်ငံတွင်မူ ယခုမှ စတင်ပြီး သတိပေးရုပ်ပုံများ ထည့်သွင်းခြင်းဖြစ်ရာ ယင်း၏ အကျိုးဆက်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ထိန်းချုပ်ရန် ကြိုးပမ်းမှုများပြုလုပ်သော်လည်း မြန်မာနိုင်ငံတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို ဥပဒေအရ အမှန်တကယ် အရေးယူနိုင်ခြင်းရှိ၊ မရှိမှာလည်း စိတ်ဝင်စားဖွယ်ဖြစ်နေသည်။

**အသိပေးရုပ်ပုံနှင့် စာသား**

၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ထုတ်ပြန်လိုက်သော "ဆေးလိပ်ဘူးတွင် သတိပေးရုပ်ပုံနှင့် စာသားများ ပုံနှိပ်ဖော်ပြခြင်းဆိုင်ရာ အမိန့်"အရ စီးကရက်သာမက ဆေးပေါ့လိပ်ထုပ်၊ ဆေးရွက်ကြီးနှင့် ဆေးပေါင်းထုပ်၊ ကွမ်းစားဆေးများတွင်ပါ အဆိုပါ အမိန့်ကိုအကျုံးဝင်ပြီး လိုက်နာကြရတော့မည်ဖြစ်ပါသည်။

ထို့အပြင် ကွမ်းယာတွင် ထည့်သွင်းအသုံးပြုသော ပြည်တွင်းထုတ်နှပ်ဆေးဘူးများနှင့် ဆေးရွက်ကြီးထုတ်ပစ္စည်းများတွင် ကျန်းမာရေး သတိပေးရုပ်ပုံစာသားများ အသုံးပြုရန် လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး၍ စာတန်းများ ပေးဝေပြီးဖြစ်ကြောင်း သိရသည်။

သို့သော် ဈေးကွက်အတွင်း စက်တင်ဘာလ ၁ ရက်နေ့မှစပြီး စီးကရက်ဘူးများပေါ်တွင် ညွှန်ကြားချက်အတိုင်း အသိပေးရုပ်ပုံနှင့် စာတန်းများ ဖော်ပြထားသော်လည်း အမိန့်ကြော်ငြာစာပါ ဆေးရွက်ကြီး ထွက်ကုန်များ အတွင်း အကျုံးဝင်သော ဆေးပေါ့လိပ်ထုပ်များနှင့် ကွမ်းစားဆေးများတွင်မူ အသိပေးရုပ်ပုံနှင့်စာသားများ ထည့်သွင်းဖော်ပြထားခြင်းများ မရှိသေးသည်ကို တွေ့ရသည်။

သို့ဖြစ်ရာ ဥပဒေအရ တစ်ပြေးညီထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာကို အချို့သာလိုက်နာပြီး အချို့မှာ လိုက်နာခြင်းမရှိသည့်အတွက် မည်သို့ စစ်ဆေးဆောင်ရွက်ပြီး ကြပ်မတ်လုပ်ဆောင်မည်ကို စိတ်ဝင်တစားရှိနေကြသည်။

**ဥပဒေနှင့်အညီ**

ယခု အမိန့်ကြော်ငြာစာ စတင်အသက်ဝင်လာချိန်တွင် သတ်မှတ်ထားသော ညွှန်ကြားမှုအတိုင်း လိုက်နာမှုရှိ၊ မရှိကို လိုက်လံစစ်ဆေးခြင်း၊ အပြစ်ပေးအရေးယူမှုများ မည်သို့ပြုလုပ်မည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။ ညွှန်ကြားမှုအတိုင်း ဆေးရွက်ကြီးထွက်ကုန်ပစ္စည်းများ အားလုံးတွင် အသိပေးရုပ်ပုံနှင့် စာသားများ ထည့်သွင်းခြင်းရှိ၊ မရှိကိုလည်း လေ့လာစောင့်ကြည့်ရမည်ဖြစ်ပေသည်။

ဆေးလိပ်သောက်နှုန်းလျော့ကျစေရန် ရည်ရွယ်ပြီး ဆေးလိပ်ဘူးများပေါ်တွင် အသိပေးရုပ်ပုံနှင့် စာတန်းများကို ထည့်သွင်းစေသော်လည်း စီးကရက်သောက်သုံးမှုနည်းတူ မြင့်တက်လျက်ရှိသော ဆေးပေါ့လိပ်သောက်သုံးမှုနှင့် ကွမ်းယာစားသုံးမှုကိုလည်း သတိပြုရန် လိုအပ်ပေသည်။ မြန်မာနိုင်ငံတွင် ကွမ်းစားနှုန်းသည် မြင့်တက်နေပြီး ကွမ်းကိုလည်း ကွမ်းစားဆေးအမျိုးမျိုးနှင့် ဆေးရွက်ကြီး၊ ဆေးရွက်ကြီးထွက်ပစ္စည်းအမျိုးမျိုးတို့ ထည့်သွင်းကာ စားလေ့ရှိကြသည်။ ယခုလတ်တလော ထွက်ရှိလာသည့် စစ်တမ်းများအရ မြန်မာနိုင်ငံ၏ ကွမ်းစားဓလေ့၊ စရိုက်မှာ လူတစ်ဦးချင်း၏ အခြေခံကျန်းမာရေး၊ ပြည်သူ့ကျန်းမာရေး အခန်းကဏ္ဍနှင့် စီးပွားရေးတိုးတက်ဖွံ့ဖြိုးမှုတို့ကို စိန်ခေါ်လျက်ရှိသည်ကို တွေ့ရသည်။

> **အမိန့်ကြော်ငြာစာများ တစ်ခုပြီးတစ်ခုဖြင့် ဆေးလိပ်သောက်သုံးမှုကို ထိန်းချုပ်ရန် ကြိုးစားပြီး အဆိုပါအမိန့်များအား လိုက်နာမှုရှိ၊ မရှိကို စစ်ဆေး၊ ကြပ်မတ်ထိန်းကျောင်းမှုမရှိလျှင် အဆိုပါ အမိန့်များ၏ ရည်ရွယ်ချက်များ အောင်မြင်အောင် ဆောင်ရွက်နိုင်မည် မဟုတ်ပေ။**

ယခင်ကလည်း ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို(ဆိုးရွားစွာ) ထိခိုက်စေနိုင်သည်ဟူသော ကျန်းမာရေး သတိပေးချက်ကို နည်းလမ်းမျိုးစုံဖြင့် ပြည်သူလူထုသို့ အသိပေးပြီးဖြစ်သည်။ ထို့အပြင် ဆေးလိပ်၏ ဆိုးကျိုးများကိုလည်း ဝေဒနာရှင်များ၏ ဓာတ်ပုံများဖြင့် မြန်မာ့ရုပ်မြင်သံကြားမှတစ်ဆင့် ပြသအသိပေး၊ ပညာပေးလာသည်မှာ ဆယ်စုနှစ်များစွာ ကျော်ခဲ့ပြီဖြစ်သည်။ ၂၀၀၆ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေးဥပဒေတွင် ဆေးလိပ်သောက်ခြင်းကြောင့် ဖြစ်ပေါ်သော ကျန်းမာရေးနှင့်ပတ်သက်သည့် သတိပေးစာတန်းနှင့် အခြားလိုအပ်သော သတိပေးချက်များကို ဆေးလိပ်ဘူးတွင် မြန်မာဘာသာဖြင့် ဖော်ပြခြင်းမရှိဘဲ ဆေးလိပ်ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရောင်းချခြင်းတို့ပြုပါက ငွေဒဏ်ချမှတ်မည်ဟု သတ်မှတ်ထားသော်လည်း မြန်မာပြည်တွင်းထုတ်လုပ်သည့် စီးကရက်အချို့၏ ဘူးများပေါ်တွင်သာ အဆိုပါ သတိပေးစာတန်းပါရှိသည်။ အချို့သောဆိုင်ကြီးများတွင် အဆိုပါစာတန်းပါသည့် စီးကရက်ဘူးများထည့်သော DisplayBo× တစ်ခုတလေထားရှိခြင်းကို တွေ့ရသည်။

ဥပဒေရှိသော်လည်း ဆေးလိပ်ဘူးတိုင်းတွင် ကျန်းမာရေးနှင့်ပတ်သက်သည့် သတိပေးစာတန်းကိုမတွေ့ရှိရချေ။ သို့သော်လည်း ထုတ်လုပ်သူများသည် လွတ်လပ်စွာထုတ်လုပ်၊ ဖြန့်ဖြူး၊ ရောင်းချနိုင်သည်။ လက်ကားရောင်းချသည့်ဆိုင်များတွင် ကျန်းမာရေးနှင့် ပတ်သက်သည့် မည်သည့် သတိပေးစာတန်းကိုမျှ ချိတ်ဆွဲရောင်းချခြင်းမရှိပေ။ လက်လီဆိုင်များတွင်လည်း တချို့ဆိုင်များ၌ ကျန်းမာရေးနှင့် ပတ်သက်သည့် သတိပေးစာတန်းပါသည့် Display Bo× ရှိသလို အများစုမှာ မည်သည့်သတိပေးချက်မျှမရှိပဲ လွတ်လပ်စွာ ရောင်းချနေကြသည်။ ပိုဆိုးသည်မှာ ဆေးလိပ်အလိပ်ပြေများကိုပင် လွယ်လွယ်ကူကူ ဈေးသက်သက်သာသာဖြင့် ဝယ်ယူသောက်သုံးနိုင်ခြင်းပင်ဖြစ်သည်။

အမိန့်ကြော်ငြာစာများ တစ်ခုပြီးတစ်ခုဖြင့် ဆေးလိပ်သောက်သုံးမှုကို ထိန်းချုပ်ရန် ကြိုးစားပြီး အဆိုပါ အမိန့်များအား လိုက်နာမှုရှိ၊ မရှိကို စစ်ဆေး၊ ကြပ်မတ်ထိန်းကျောင်းမှုမရှိလျှင် အဆိုပါ အမိန့်များ၏ ရည်ရွယ်ချက်များ အောင်မြင်အောင် ဆောင်ရွက်နိုင်မည် မဟုတ်ပေ။ ထိထိရောက်ရောက် အသိပညာပေးခြင်း၊ စဉ်ဆက်မပြတ် ဥပဒေများ၊ အမိန့်ကြော်ငြာစာများဖြင့် ထိန်းကျောင်းကြပ်မတ်ခြင်း၊ စည်းမျဉ်း၊ စည်းကမ်းမလိုက်နာသူတို့အား တိတိကျကျ အရေးယူဆောင်ရွက်ခြင်း စသည်တို့ကို တစ်ဆင့်ပြီးတစ်ဆင့် အစီအစဉ်များ ရေးဆွဲကာ လုပ်ဆောင်သင့်ပေသည်။

ထို့အတွက်ကြောင့် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းများအား သောက်သုံးမှုထိန်းချုပ်ရာတွင် သောက်သုံးမှုနှုန်း မြင့်တက်နေသော ဆေးပေါ့လိပ်၊ ကွမ်းစားဆေးအမျိုးမျိုး သောက်သုံးမှုများကိုလည်း ထည့်သွင်းစဉ်းစားပြီး စနစ်တကျ အရေးယူ စီမံဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုက်ပါသည်။ ။

## ရန်ကုန်တိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်ကြုံတင်ကာကွယ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်တိုင်းဒေသကြီး အတွင်း သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးခန်း၌ ကျင်းပသည်။



ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "ယခုနှစ်အတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြို့နယ်အချို့မှာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ယမန်နှစ်ကလည်းကူးမြို့နယ်တွင် ရေကြီးရေလျှံမှုဖြစ်စဉ်ရှိခဲ့ပေမယ့် ယခုနှစ်မှာတော့ ဒေသ အာဏာပိုင်အဖွဲ့အစည်းတွေရယ် တာဝန်ရှိသူတွေရယ် ပူးပေါင်းအားထုတ်မှုကြောင့် ရေကြီးရေလျှံမှု နည်းပါးခဲ့ပါတယ်။ နှစ်စဉ် ရန်ကုန်-မန္တလေး လမ်းမကြီးရဲ့ ထောက်ကြန့်ပတ်ဝန်းကျင်မှာ ရေကျော်မှုတွေဖြစ်ခဲ့ပေမယ့် ဒီနှစ်မဖြစ်တော့ပါဘူး။ ဒီလိုမဖြစ်အောင်လည်း ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကိုယ်တိုင်ကြီးကြပ် ဆောင်ရွက်ခဲ့ပါတယ်။ ရေကြီးမှုနဲ့အတူ ကျန်းမာရေး၊ ပညာရေး၊ အခြေခံအဆောက်အအုံတွေ ပျက်စီးသွားမှု၊ လယ်သမားတွေရဲ့ စိုက်ပျိုးရေးကိစ္စတွေမှာ ထိခိုက်နစ်နာမှုတွေရှိပါတယ်။ ဒီအခြေအနေတွေကို ပြန်လည်တည်ဆောက်မယ်ဆိုရင် ဘီလီယံနဲ့ချီပြီး ငွေကြေးလိုအပ်ပါတယ်။ အခုလို လှူဒါန်းပေးတဲ့ အလှူရှင်တွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဆောင်ရွက်ထားတဲ့ အခြေအနေတွေကိုလည်း ပွင့်လင်းမြင်သာမှုရှိအောင် အစိုးရဘက်က ဆောင်ရွက်သွားမယ်"ဟု ပြောကြားသည်။

ထို့နောက် ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးမိုးဆန်းအောင်က အလှူငွေ ကျပ်သိန်း ၁၀၀၀ ကို လည်းကောင်း၊ IGE ကုမ္ပဏီဥက္ကဋ္ဌ ဦးသန်းဝင်းဆွေက အလှူငွေ ကျပ်သိန်း ၁၀၀၀ ကို လည်းကောင်း၊ အခြားအလှူရှင်များက အလှူငွေများကို လည်းကောင်း ပေးအပ်လှူဒါန်းရာ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ယနေ့အလှူ ရှင်များ လှူဒါန်းသော အလှူငွေ စုစုပေါင်းမှာ ကျပ် ၃၆၆၀၈၄၅၀၀ ဖြစ်သည်။

ဆက်လက်၍ ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ ဦးမိုးဆန်းအောင်က ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် ဥက္ကဋ္ဌ ဒေါ်နန်းလိုင်းခမ်း၏ စီစဉ်ညွှန်ကြားမှုများဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့တွင် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက သက်ဆိုင်ရာ အစိုးရအဖွဲ့များအနေဖြင့် အမြန်ဆုံးအချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးနိုင်ရန် ယခုကဲ့သို့ လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ကမ္ဘောဇအနာဂတ် အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုသို့ အလှူငွေ ကျပ်သိန်း ၁၀၀၀ စီဖြင့် စုစုပေါင်းကျပ် သိန်းပေါင်း ၁၄၀၀၀ ကို လည်းကောင်း၊ အအေးဒဏ်လွန်ကဲနိုင်မည့် ဒေသအသီးသီးရှိ ပြည်သူများအတွက် ခေါင်းစွပ်ပါ အနွေးထည် ၂၀၀၀၀၀ ကို ပြည်ပမှ မှာယူကာ သက်ဆိုင် ရာ ဒေသများရှိ ပြည်သူများထံသို့လည်းကောင်း လှူဒါန်းလျက်ရှိကြောင်း သိရသည်။

**(ဝဝဝ)**

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၀**

၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက် တွင် ကျရောက်မည့် (၅၂) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရဲတပ်ဖွဲ့ ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူးဦးစီး၍ ရဲတပ်ဖွဲ့ဝင်များက ဒက္ခိဏသီရိရပ်ကွက် တောင်ဝိုင်းကြီးဝင်းအတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခေတ္တမြို့နယ် ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူး စိုးဝင်း၊ ခေတ္တစခန်းမှူး ရဲအုပ်ကျော်ခိုင်တို့ ဦးစီးတပ်ဖွဲ့ဝင် ၂၅ ဦး တို့က တောင်ဝိုင်းကြီးဝင်းအတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် ပေါင်းမြက်များနှင့် အမှိုက်သရိုက်များကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း**

## ပြည်သူလူထု၏ဘဝ မြင့်မားတိုးတက်ရေးဖြည့်ဆည်းဆောင်ရွက်ပေး

**မင်းတပ် စက်တင်ဘာ ၂၀**

ချင်းပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးပြုံးချိုသည် မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူးရုံးခန်းမတွင် စက်တင်ဘာ ၁၇ ရက်က ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တွေ့ဆုံ၍ပြည်သူလူထု၏ ဘဝမြင့်မားတိုးတက်ရေးလုပ်ငန်းများကိုလမ်းညွှန်ခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းတို့ ပြုလုပ်သည်။

ဆက်လက်၍အစိုးရအဖွဲ့အတွင်းရေးမှူးသည် မင်းတပ်မြို့နယ် One Stop Shop (OSS) ရုံးကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

**သစ်တောမဖြုန်း၊ ချင့်ချိန်သုံး**
**ပြည်လုံးစိမ်းလန်း၊ တို့စိတ်ဝမ်း**

# ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

ယနေ့မွန်းလွဲပိုင်းတွင်ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့အတွင်းရှိ မြို့၊ ရပ်ကွက်၊ ကျေးရွာအုပ်စုများ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် နယ်နိမိတ်ဧရိယာတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို မှတ်တမ်းတင်ခဲ့သည်။

လွှတ်တော်နာယကက ဧရာဝတီတိုင်းဒေသကြီးအတွင်း ကျေးရွာအုပ်စု ၁ အုပ်စု အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ ကျေးရွာအုပ်စု ၂ အုပ်စုနှင့် ကျေးရွာ ၂၃ ရွာ ပယ်ဖျက်ခြင်း၊ မကွေးတိုင်းဒေသကြီးအတွင်း ကျေးရွာ ၁၇ ရွာ ပယ်ဖျက်ခြင်းနှင့် ကျေးရွာအုပ်စု ၂ အုပ်စု အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရပ်ကွက်/ကျေးရွာအုပ်စုပြင်ဆင်ဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်းနှင့် တိုးချဲ့ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်သို့ တင်ပြပြီး မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီဝင်က လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသော "ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကြမ်း"နှင့်စပ်လျဉ်း၍ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များပါဝင်သော ကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားသည်။

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပြင်သစ်ဖွံ့ဖြိုး တိုးတက်ရေးအေဂျင်စီတို့ထံမှ ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ပွင့်လင်းမြင်သာမှုအပြည့်ဖြင့် အားလုံးပါဝင်နိုင်ရေးနှင့် စီမံကိန်းရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဒေသခံတောင်သူလယ်သမားများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဝန်ကြီးဌာနများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ ဝန်ကြီးဌာနမှ တာဝန်ယူ၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဝန်ကြီးဌာနအနေဖြင့် စီမံကိန်းချေးငွေရယူနိုင်ရန် ခိုင်လုံသောအကြောင်းပြချက်ဖြင့် ပွင့်လင်းမြင်သာစွာတင်ပြ၍ နှစ်စဉ်ခွင့်ပြုချက်ရယူခဲ့ခြင်းဖြစ်ပါကြောင်း၊ လွှတ်တော်နှစ်ရပ်လုံး၏ ပညာရေးမြှင့်တင်မှုကော်မတီများနှင့်လည်းတွေ့ဆုံကာ စီမံကိန်းဆိုင်ရာကိစ္စရပ်များကို အသေးစိတ်ရှင်းလင်း ဆွေးနွေးတင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ ထိုသို့ အရည်အသွေးမြင့်မားသော ပညာရေးကို အကောင်အထည်ဖော်ရန်အတွက် အစိုးရ၊ လွှတ်တော်များ၊ ပြည်သူလူထု၊ မိဘ၊ ဆရာနှင့် ကျောင်းသားကျောင်းသူများ ညီညီညွတ်ညွတ် ပူးပေါင်းပါဝင်၍ ပွင့်လင်းမြင်သာစွာဖြင့် ထိထိရောက်ရောက် စနစ်တကျ စတင်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။



ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၁၃ ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ဝန်ကြီးဌာနအနေဖြင့် စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဂတိလိုက်စားမှုများ မရှိစေရေး၊ စီမံကိန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများ လျော့နည်းရေး အစီအမံများ၊ စီမံချက်အကျိုးသက်ရောက်မှုများအား ကျား/မကဏ္ဍ ညီမျှမှုရှိစေရေး အစီအမံများ၊ ဝယ်ယူဖြန့်ဖြူးရေး၊ ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့် ကျွမ်းကျင်ပညာရှင်များ ခန့်ထားမှုဆိုင်ရာကိစ္စရပ်များကို နိုင်ငံတော်မှချမှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ပချေးငွေရယူပြီး ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်ဘတ်ဂျက်က ကျခံသုံးစွဲရမှုကို သက်သာစေသည့်အပြင် အခြားလိုအပ်သည့် စီမံကိန်းလုပ်ငန်းများတွင်လည်း သုံးစွဲနိုင်ပါကြောင်း၊ ထို့ပြင် ပြည်ပချေးငွေရယူခြင်းသည် ပြည်တွင်းသို့ နိုင်ငံခြားငွေများ ရောက်လာခြင်းဖြစ်သည့်အတွက် နိုင်ငံတော်၏ နိုင်ငံခြားအရန်ငွေကိုလည်း တိုးတက်စေသည့် အကျိုးကျေးဇူးရရှိစေပါကြောင်း။

စီမံကိန်းအကောင်အထည်ဖော်မှုများကို စောင့်ကြည့်သုံးသပ်ရေး၊ အစီရင်ခံတင်ပြရေး၊ ချေးငွေများကို အလေအလွင့်၊ အယိုအဖိတ်မရှိစေရန်သုံးစွဲရေး စသည်တို့သည် အလွန်သင့်လျော်မှန်ကန်သည့် အချက်များဖြစ်ပါကြောင်း၊ ချေးငွေတိုင်းအတွက် မိမိတို့ဌာနများက အလေးထားဆောင်ရွက်ရမည့် အချက်များဖြစ်သောကြောင့် လွှတ်တော်အပိုင်းမှလည်း စီမံကိန်းအကောင်အထည်ဖော်မှု အခြေအနေများကို ဝိုင်းဝန်းစောင့်ကြည့် သုံးသပ်ပေးနိုင်ရန် တင်ပြပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီတို့ထံမှ ချေးငွေရယူရေး ကိစ္စနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့က သီးခြားစီအသုံးပြုမည်ဖြစ်သည့်အတွက် ချေးယူမည့်ဝန်ကြီးဌာနတစ်ခုချင်းစီအတွက် စက်ခလုတ်နှိပ်အသုံးပြု၍ လွှတ်တော်၏အဆုံးအဖြတ်ရယူရာ ထောက်ခံမဲများသဖြင့် ဝန်ကြီးဌာနသုံးခုလုံးအတွက် ချေးငွေချေးယူခွင့်ကို လွှတ်တော်က အတည်ပြုခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု နှစ်ပတ်လည် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာ(၃/၂၀၁၆)နှင့် စပ်လျဉ်း၍ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) မှ ဦးရဲထွဋ်၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်နှင့် လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုတို့က ဆွေးနွေးကြသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဆောင်ရွက်မှု နှစ်ပတ်လည် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ စိစစ်လေ့လာတွေ့ရှိချက် အစီရင်ခံစာ(၃/၂၀၁၆)ပါ သုံးသပ်ချက်နှင့် သဘောထားမှတ်ချက်များကို အလေးထား၍ ပိုမိုပြည့်စုံကောင်းမွန်သော အစီရင်ခံစာဖြစ်လာစေရန် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအားလုံးနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော် နာယကက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ (၃/၂၀၁၆)ကို လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် အတည်ပြုခဲ့သည်။

ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သော ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာငွေ အရအသုံးဆိုင်ရာ နှစ်ပတ်လည် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၄/၂၀၁၆)နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြည်ထောင်စုလွှတ်တော် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ အစီရင်ခံစာ (၄/၂၀၁၆)ပါ သုံးသပ်ချက်များနှင့် သဘောထားမှတ်ချက်များသည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးအတွက် ပိုမိုအကျိုးရှိထိရောက်သော ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှုစနစ် ဖြစ်ပေါ်ရေးအတွက် များစွာအထောက်အကူဖြစ်စေသဖြင့် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဂရုပြုဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော် နာယကက ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ(၄/၂၀၁၆)ကို လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် အတည်ပြုခဲ့သည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို စက်တင်ဘာ ၂၃ ရက် မွန်းလွဲပိုင်းတွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## ရန်ကုန်နှင့်မန္တလေး အဝေးသင်တက္ကသိုလ်များ အနီးကပ်သင်တန်းပို့ချမည့်ရက်နှင့် စာမေးပွဲကျင်းပမည့်ရက် ကြေညာ

**ရန်ကုန် စက်တင်ဘာ ၂၀**

၂၀၁၆ ပညာသင်နှစ် ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်တို့၏ အနီးကပ်ပို့ချသင်တန်းနှင့် အတန်းတင်စာမေးပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်သည်-

(က) **ပထမအသုတ်**

| စဉ် | သင်တန်းနှစ် | အထူးပြု | အနီးကပ်သင်တန်း ပို့ချမည့်ရက် | စာမေးပွဲ ကျင်းပမည့်ရက် |
|---|---|---|---|---|
| ၁။ | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် | သိပ္ပံအထူးပြုအားလုံး | | ၃-၁၀-၂၀၁၆ မှ ၈-၁၀-၂၀၁၆ ထိ |

(ခ) **ဒုတိယအသုတ်**

| စဉ် | သင်တန်းနှစ် | အထူးပြု | အနီးကပ်သင်တန်း ပို့ချမည့်ရက် | စာမေးပွဲ ကျင်းပမည့်ရက် |
|---|---|---|---|---|
| ၁။ | ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ် | အင်္ဂလိပ်စာ၊ ပထဝီဝင်၊ ဒဿနိကဗေဒ၊ စိတ်ပညာ၊ အရှေ့တိုင်းပညာ၊ ဥပဒေပညာ | ၁၁-၁၀-၂၀၁၆ မှ ၂၀-၁၀-၂၀၁၆ ထိ | ၂၅-၁၀-၂၀၁၆ မှ ၃၁-၁၀-၂၀၁၆ ထိ |

(ဂ) **တတိယအသုတ်**

| စဉ် | သင်တန်းနှစ် | အထူးပြု | အနီးကပ်သင်တန်း ပို့ချမည့်ရက် | စာမေးပွဲ ကျင်းပမည့်ရက် |
|---|---|---|---|---|
| ၁။ | ပထမနှစ် | မြန်မာစာ၊ သမိုင်း၊ စီးပွားရေးပညာ၊ စီးပွားစီမံ | ၃-၁၁-၂၀၁၆ မှ ၁၂-၁၁-၂၀၁၆ ထိ | ၁၇-၁၁-၂၀၁၆ မှ ၂၅-၁၁-၂၀၁၆ ထိ |
| ၂။ | ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် | မြန်မာစာ၊ မြန်မာမှု၊ ရသစာပေ၊ သမိုင်း၊ စီးပွားရေးပညာ၊ ပြည်သူ့ရေးရာ၊ အိမ်တွင်းစီးပွား၊ စီးပွားစီမံ | ၃-၁၁-၂၀၁၆ မှ ၁၂-၁၁-၂၀၁၆ ထိ | ၁၇-၁၁-၂၀၁၆ မှ ၂၅-၁၁-၂၀၁၆ ထိ |

အသေးစိတ်အချိန်ဇယားများကို ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် ရန်ကုန်အဝေးသင်တက္ကသိုလ်၏ ဌာနခွဲအသီးသီးတို့၌ လည်းကောင်း၊ မန္တလေးအဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်၏ ဌာနခွဲအသီးသီးတို့၌ လည်းကောင်း ဆက်လက်ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**



## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တရုတ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

# ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဂိုဏ်းပေါင်းစုံဆရာတော်များ စုံညီစည်းဝေး ပုဂံဒေသရှိ ဘုရား ပုထိုး စေတီများပြုပြင်ရန် အလှူငွေများပေးအပ်

**ရန်ကုန် စက်တင်ဘာ ၂၀**

သမဏသာရုပ္ပ မဖြစ်သော အမှုများ ကျူးလွန်နေသည့် ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့်စပ်လျဉ်း၍ ဂိုဏ်းပေါင်းစုံ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်များ၊ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်များနှင့် သီလရှင် အမှုဆောင်ဆရာကြီးများ စုံညီအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ရုံးဝင်းအတွင်းရှိ မင်္ဂလာဈေးဓမ္မာရုံ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ (သုဓမ္မာ)ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသ၊ (ရွှေကျင်) ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တ အဂ္ဂိယ၊ (ဝေဠုဝန်)ဥက္ကဋ္ဌ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တ ပညောဘာသ၊ (မဟာဒွါရ) ဥက္ကဋ္ဌ ဘဒ္ဒန္တ ဥတ္တမာစာရ၊ (မူလဒွါရ) ဥက္ကဋ္ဌ ဘဒ္ဒန္တ သုမနနှင့် (ငှက်တွင်း)ဥက္ကဋ္ဌ ဘဒ္ဒန္တ ပဏ္ဍိတသာရတို့က ဩဝါဒကထာများ မြွက်ကြားတော်မူကြသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က သာသနာရေးဆိုင်ရာများကို လျှောက်ထားကြသည်။

ဆက်လက်၍ ဂိုဏ်းပေါင်းစုံ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်များ၊ မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်များ၊ သီလရှင် ဆရာကြီးများနှင့် အလှူရှင်များက ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဂံဒေသရှိ ဘုရားပုထိုးစေတီများ ပြုပြင်ရန်အတွက် စုစုပေါင်းအလှူငွေ ကျပ်သိန်းပေါင်း ၂၁၄၉ သိန်းကျော်နှင့် ငွေကျပ် ၃၃ သိန်းတန်ဖိုးရှိ သာသနာရေးဆိုင်ရာ စာအုပ်များကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့(ရွှေကျင်) ဥက္ကဋ္ဌ ဆရာတော်ထံမှ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အနုမောဒနာတရားနာယူကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ အဂ္ဂသာမိက သမဏသာရုပ္ပ မဖြစ်သော ရဟန်း၊ သာမဏေ၊ သီလရှင်များနှင့်ပတ်သက်၍ ရှင်းလင်းလျှောက်ထားပြီး တက်ရောက်လာကြသော ဆရာတော် သံဃာတော်များနှင့် သီလရှင်ဆရာကြီးများက အထွေထွေဆွေးနွေးလျှောက်ထားကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ (သုဓမ္မာ)ဥက္ကဋ္ဌ ဆရာတော်က နိဂုမနကထာကို မြွက်ကြားတော်မူပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**





## ငလျင်ဒဏ်သင့် ပုဂံဘုရားများပြန်လည်ပြုပြင်ရန် ငြမ်းဆင်ကျွမ်းကျင်သူများလိုအပ်နေ

**ညောင်ဦး စက်တင်ဘာ ၂၀**

ဩဂုတ် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် မြေငလျင်ကြောင့် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ(ပုဂံ)တွင် ဘုရား ပုထိုးစေတီပေါင်း ၄၀၀ နီးပါး ထိခိုက်ပျက်စီးမှုရှိခဲ့ပြီး အဆိုပါဘုရားပုထိုးစေတီများအား ပြန်လည်ပြုပြင်မှုများလုပ်ဆောင်ရန်အတွက် စနစ်တကျရှိစေရေး ဆောင်ရွက်ခဲ့ကြသည်။

ငလျင်ဒဏ်သင့်ဘုရားများ ပြန်လည်ပြုပြင်ရန်အတွက် လေးရက်ကြာသင်တန်းပေးခြင်း၊ ယင်းသင်တန်းမှတစ်ဆင့် ထပ်ဆင့်သင်တန်းပေးခြင်းများကို ဆောင်ရွက်ခဲ့သည့်အပြင် သန့်ရှင်းရေးဆောင်ရွက်မှုများလည်း စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ သန့်ရှင်းရေးများဆောင်ရွက်ခဲ့ရာတွင် လက်ရှိအချိန်၌ ရင်ပြင်တော်သန့်ရှင်းရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ပြီးစီးလုနီးပါးရှိနေပြီဖြစ်သော်လည်း အထက်ပစ္စယံများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက်မူ ငြမ်းဆင်ကျွမ်းကျင်သူများ လိုအပ်နေကြောင်း ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က ပြောကြားခဲ့သည်။

"ကျွန်တော်တို့ စက်တင်ဘာ ၁၈ ရက်က ပေါင်းစပ်ညှိနှိုင်းရေးကော်မတီအစည်းအဝေးကို ပြုလုပ်တဲ့အခါမှာ ၂၂ ရက်နေ့ကစပြီးတော့ ရင်ပြင်တော်သန့်ရှင်းရေးလုပ်ငန်းတွေ ရပ်ထားဖို့ ဆုံးဖြတ်ခဲ့ကြတယ်။ အဲဒါကလည်း ရင်ပြင်တော်သန့်ရှင်းရေးလုပ်ငန်းတွေက ပြီးသလောက် ဖြစ်သွားလို့ပါ။ တကယ်တမ်းသန့်ရှင်းရေးလုပ်ဖို့ကျန်တာက အထက်ပစ္စယံတွေမှာ ကျန်နေတာ။ စူဠာမဏိ၊ စေတနာကြီး၊ တရုတ်ပြေး၊ ထီးလိုမင်းလို၊ သဗ္ဗညု အဲဒီစေတီတွေက တော်တော်မြင့်တယ်။ အဲဒီစေတီကြီးတွေရဲ့ ပစ္စယံတွေမှာ ရှင်းလင်းရေးလုပ်ဖို့ကျတော့ ရင်ပြင်တော်မှာ လုပ်သလို လုပ်လို့မရဘူး။ အနည်းဆုံးငြမ်းကို သုံး၊ လေးဆင့်လောက်ဆင်ပြီးတော့မှ ရှင်းလင်းရေးလုပ်ငန်းတွေကို စတင်ရမှာ ဖြစ်တယ်။"ဟု ဦးစိုးတင့်က ပြောကြားခဲ့သည်။

ရင်ပြင်တော်သန့်ရှင်းရေးလုပ်ငန်းများကို စနစ်တကျရှိစေရေးအတွက် သင်တန်းများပေးပြီး ဆောင်ရွက်ခဲ့ရာတွင် လက်ရှိအချိန်၌ ပြီးစီးသလောက်ရှိနေပြီဖြစ်သော်လည်း ပြန်လည်ပြုပြင်ရန်အတွက်မူ အထက်ပစ္စယံများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ရန် အဓိကအရေးကြီးသည့် ဘုရားပုထိုးစေတီ ၁၀ ဆူခန့်ရှိသော်လည်း လက်ရှိတွင် အထက်ပစ္စယံများ၌ သန့်ရှင်းရေးပြုလုပ်ရန် လေး၊ ငါးဆူခန့်ကျန်ရှိနေသေးကြောင်း သိရသည်။

ငလျင်ဒဏ်သင့်ခဲ့သည့် ဘုရားပုထိုးစေတီများကို ပြန်လည်ပြုပြင်ရန်အတွက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ညောင်ဦးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုပြတိုက်၊ စူဠာမဏိစေတီနှင့် အာနန္ဒာစေတီတို့တွင် အလှူခံဌာနများဖွင့်လှစ်ထားပြီး အဆိုပါအလှူခံဌာနများသို့ လက်ရှိအချိန်အထိ လာရောက်လှူဒါန်းသည့်အလှူငွေကျပ် သိန်းပေါင်း ၂၆၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်းလည်း သိရသည်။ **(နိုင်လင်းကြည်)**

## (၅၂)နှစ်မြောက်ရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြု စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မော်လမြိုင် စက်တင်ဘာ ၂၀**

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက်က မော်လမြိုင်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်စိုး၊ မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြင့် ဦးဆောင်သော တပ်ဖွဲ့ဝင်များက မော်လမြိုင်မြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းဝင်း အတွင်း အပြင် သတ်မှတ်ထားသည့် နေရာများတွင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

အဆိုပါ မော်လမြိုင်မြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတွင် တပ်ဖွဲ့ဝင်များက သတ်မှတ်ထားသည့် အကွက်များတွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံး၊ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲ၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူးရုံး၊ အမှတ် (၁၂) ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမှတ် (၉) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု၊ အမှတ်(၁၂) ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စု၊ အမှတ်(၁၈)မူးယစ်ဆေးဝါးအန္တရာယ် တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ အမှတ် (၉) မှုခင်းရဲတပ်ဖွဲ့စု၊ အမှတ်(၁၅) ရထားရဲတပ်ဖွဲ့ခွဲ၊ အမှတ်(၁၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ အမှတ်(၅) သတင်းရဲတပ်ဖွဲ့ခွဲတို့က သတ်မှတ်ထားသည့် နေရာအသီးသီးတွင် တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဘိုဘိုဦး၊ ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသောင်းဝင်း၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်စိုးတို့က သန့်ရှင်းရေးဆောင်ရွက်လျက်ရှိသည့် သတ်မှတ်ထားသည့် အကွက်အသီးသီးသို့ လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ကျော်သန်း(မော်လမြိုင်)**

■



## မုံရွာပြည်သူ့ဆေးရုံတွင် ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း

**မုံရွာ စက်တင်ဘာ ၂၀**

၂၀၁၆ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက် ၇ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်တွင် အမှတ်(၂၈) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ အရာရှိနှင့် အခြားအဆင့် ရဲတပ်ဖွဲ့ဝင် ၅၈ ဦးတို့က တတိယအကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ထိုသို့ ရဲတပ်ဖွဲ့ဝင်များ သွေးလှူဒါန်းရာသို့ အမှတ်(၃) လုံခြုံရေးရဲကွပ်ကဲမှု အဖွဲ့မှူး(ယာယီ) ရဲမှူးချုပ်မြင့်တိုး၊ စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့ ဒုတိုင်းတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ကျော်ထွန်း၊ အမှတ်(၂၈) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှူးတို့က လာရောက်ကြည့်ရှုအားပေးပြီး မုံရွာမြို့ပေါ်ရှိ ချမ်းမြသာစည်၊ သလ္လာ၊ ရုံးကြီးရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအတွက် ကြက်ဥနှင့် အအေးပုလင်းများ လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**(ဖိုးချမ်း-မုံရွာ)**

## လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ပညာပေးစာစောင်များဖြန့်ဝေ

**ပေါင်းတည် စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် မိုးရာသီကာလအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် စက်တင်ဘာလ ဒုတိယပတ်က မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခင်ဇော်အောင် ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဈေး(၁)ရပ်ကွက် (၇) လမ်းနှင့် ပေါင်းတည်မြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်ခန်းများအား လျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာ အချက်များပါဝင်သော ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။ **(၄၉၇)**

# တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့်တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုရရှိရေး ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၂၀**

တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ကနေဒါသံအမတ်ကြီး H.E. Mr. Mark McDowell အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။


တွေ့ဆုံစဉ် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့်တည်ငြိမ်မှုနှင့် ငြိမ်းချမ်းမှုရရှိရေးအတွက် ဥပဒေနှင့်ညီညွတ်စွာဆောင်ရွက်နေမှု၊ နယ်စပ်ဒေသ တိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်ပေးသင့်သည့်အချက်များ၊ မြေမြှုပ်မိုင်းရှင်းလင်းရေး၊ တပ်မတော်နှစ်ရပ် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ပဉ္စမအကြိမ် တရုတ်-ယူရေးရှား ကုန်စည်ပြပွဲကျင်းပ

**အုရုံမူချီ စက်တင်ဘာ ၂၀**

"ပိုးလမ်းမကြီးတစ်လျှောက်ရှိ နိုင်ငံများ အတူတကွ ဖွံ့ဖြိုးတိုးတက်ရေး၊ မျှဝေခံစားရေးအတွက် အခွင့်အလမ်းနှင့် အနာဂတ်" (Mutual discussion, Joint development and Sharing Silk Road: Opportunities and Future) ခေါင်းစဉ်ဖြင့် ပဉ္စမအကြိမ် တရုတ်-ယူရေးရှားကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အုရုံမူချီမြို့၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်သည်။



အဆိုပါကုန်စည်ပြပွဲကို တရုတ်နိုင်ငံ အနောက်မြောက်ဒေသ၊ ရှင်ကျန့်-ဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ မြို့တော် အုရုံမူချီမြို့ရှိ ရှင်ကျန့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ စက်တင်ဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ကျင်းပခြင်းဖြစ်ပြီး ပြပွဲ၌ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်း၊ ချည်မျှင်နှင့် အထည်လုပ်ငန်း၊ စိုက်ပျိုးရေးစပျစ်ဝိုင်နှင့် စားသောက်ကုန်လုပ်ငန်း၊ လူသုံးကုန်နှင့်အိမ်ဆောက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ကျောက်မျက်ရတနာလုပ်ငန်း၊ စက်ပစ္စည်းနှင့် မော်တော်ကားထုတ်လုပ်မှုလုပ်ငန်း၊ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုလုပ်ငန်းစသည်ဖြင့် ဒေသတွင်းရှိ နိုင်ငံပေါင်း ၅၇ နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၁၉၂ တို့မှ ထုတ်ကုန်ပစ္စည်းများကို ခင်းကျင်းပြသရောင်းချမည်ဖြစ်သည်။

တရုတ်-ယူရေးရှား ကုန်စည်ပြပွဲများကို ၂၀၁၂ ခုနှစ်မှစတင်ပြီး နှစ်စဉ်ကျင်းပခဲ့ရာ ယမန်နှစ်ပြပွဲတွင် တရုတ်နိုင်ငံမှ ကုမ္ပဏီများနှင့် နိုင်ငံတကာမှ ကုန်စည်ပြပွဲတက်ရောက်သူများအကြား အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံကျော်တန်ဖိုးရှိ ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်များ ချုပ်ဆိုနိုင်ခဲ့ကြောင်း။

ယခုနှစ်ကုန်စည်ပြပွဲသို့ နိုင်ငံတကာမှ ကုန်သည် ၃၅၀၀ခန့် တက်ရောက်ကြမည်ဟု ခန့်မှန်းထားကြောင်း၊ ယခုနှစ်ကျင်းပသည့် ကုန်စည်ပြပွဲအကြိုအဖြစ် နိုင်ငံတကာမှ ဝန်ကြီးများအဆင့် ဖိုရမ်နှင့်ဆွေးနွေးပွဲ ၁၅ ခုကိုလည်း ပူးတွဲကျင်းပခဲ့ရာ ပြည်တွင်း/ပြည်ပမှ ကိုယ်စားလှယ် စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

# IWS မြန်မာ၏ ရေဆေးပန်းချီပြပွဲ ပြုလုပ်မည်

**ရန်ကုန် စက်တင်ဘာ ၂၀**

ရေဆေးပန်းချီပညာရပ်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းတစ်ခုဖြစ်သော International Watercolor Society (IWS)တွင် မြန်မာနိုင်ငံက အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လာနိုင်ပြီးနောက် ပထမဆုံးအကြိမ် ကျင်းပမည့် IWS MYANMAR ရေဆေးပန်းချီပြပွဲကို စက်တင်ဘာ ၂၄ ရက်မှ ၂၉ ရက်ထိ သံလွင်လမ်းသွယ်ရှိ New Treasure Art Gallery တွင် ပြသသွားမည်ဟု သိရသည်။

အဖွဲ့ဝင် ရေဆေးပန်းချီဆရာ ၂၅ ဦး၏ မတူညီသော ဖန်တီးမှုလက်ရာများပါဝင်သည့် ပန်းချီကားပေါင်း ၇၀ ကျော်ကို ယင်းပြပွဲတွင် ပြသသွားမည်ဖြစ်သည်။ ပြပွဲခန်းမအတွင်းတွင်လည်း IWS တည်ထောင်သူဥက္ကဋ္ဌ Mr. Atanur Dogan ၏ ရေဆေးပန်းချီဆိုင်ရာ ဟောပြောပွဲနှင့်အတူ လက်တွေ့ရေးဆွဲပြသမှုကို လည်း ကြည့်ရှုနိုင်မည်။ ယင်းအပြင် ပြပွဲကာလအတွင်းတွင် IWS မှ တာဝန်ရှိသူများနှင့် ပြည်တွင်းအဖွဲ့ဝင် ပန်းချီဆရာများက ရှမ်းပြည်နယ်တောင်ပိုင်း ကလောမြို့နှင့် အနီးတစ်ဝိုက်ဒေသသို့ သွားရောက်ပြီး ရေဆေးပန်းချီလက်တွေ့ရေးဆွဲမည်ဟု သိရသည်။

"ကျွန်တော်တို့ IWS မြန်မာကို ရေဆေးပန်းချီဆိုင်ရာ ဦးတည်ချက်တွေ တိုးတက်လာဖို့ ရည်ရွယ်ချက်နဲ့ စတင်ဖွဲ့စည်းခဲ့တယ်။ ဒီပြပွဲက ပထမဆုံး IWS မြန်မာအဖွဲ့ဝင် ပြည်တွင်း ပန်းချီဆရာတွေရဲ့ ပြပွဲပေါ့။ ပြီးရင်တော့ တခြားအဖွဲ့ဝင်နိုင်ငံတွေရဲ့ ရေဆေးပန်းချီလက်ရာတွေကို သွားရောက်လေ့လာမယ်။ အဓိကကတော့ နိုင်ငံတကာက ရေဆေးပန်းချီဆရာတွေကို ဖိတ်ခေါ်ပြီး ကျွန်တော်တို့နိုင်ငံမှာ ရေဆေးပန်းချီပြပွဲကို ပြုလုပ်နိုင်အောင် ဆောင်ရွက်သွားမယ်။" ဟု IWS မြန်မာဥက္ကဋ္ဌ ဦးမင်းဝေအောင်က ပြောသည်။

International Watercolor Society (IWS) ကို တူရကီနိုင်ငံသား Mr.Atanur Dogan က ၂၀၁၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည်။ ယခုအချိန်တွင် နိုင်ငံပေါင်း ၈၀ ကျော်သည် IWS နှင့် ပူးပေါင်းလုပ်ဆောင်လျက်ရှိရာ မြန်မာနိုင်ငံသည်လည်း အဖွဲ့ဝင်နိုင်ငံတစ်ခုအဖြစ် ပါဝင်လာနိုင်ခဲ့ပြီဖြစ်သည်။ ယင်းသို့ပါဝင်ခြင်းဖြင့် အဖွဲ့ဝင် နိုင်ငံအသီးသီးမှ ရေဆေးပန်းချီဆရာများနှင့် အချင်းချင်းချစ်ကြည်ရင်းနှီးမှုရရှိစေခြင်း၊ မျိုးဆက်သစ် လူငယ်ပန်းချီဆရာများအတွက် လက်ရာနှင့် အတွေးအခေါ်ကောင်းများ၊ နည်းစနစ်နှင့် ပညာများကို မြှင့်တင်ပေးနိုင်ခြင်း၊ ယင်းအပြင် မြန်မာရေဆေးပန်းချီလက်ရာများ နိုင်ငံတကာသို့ ကျယ်ပြန့်စွာ ရောက်ရှိစေပြီး လက်ရာအဆင့်အတန်းများ တိုးတက်လာမှုကိုလည်း သိရှိစေမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ**

❂ ကျောဖုံးမှ

ဖြူလဲ့လဲ့ဦး (မွန်ပြည်နယ်)က ၄ ဒသမ ၃၀ မီတာဖြင့် တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် သီသီအောင် (ကယားပြည်နယ်)က ၂၈ မိနစ် ၃၃ ဒသမ ၅၀ စက္ကန့်ဖြင့် ပထမဆု၊ ယမုံဝိုင်း (တနင်္သာရီတိုင်းဒေသကြီး)က ၃၁ မိနစ် ၁၁ ဒသမ ၀၀ စက္ကန့်ဖြင့် ဒုတိယဆု၊ ဇင်မေထက် (ရှမ်းပြည်နယ်)က ၃၁ မိနစ် ၁၂ ဒသမ ၆၇ စက္ကန့်ဖြင့် တတိယဆုကိုလည်းကောင်း ဆွတ်ခူးရရှိသည်။

အမျိုးသားသံပြားဝိုင်းပစ်ပြိုင်ပွဲတွင် ဇော်ဇော်မြတ် (မကွေးတိုင်းဒေသကြီး)က ၃၇ ဒသမ ၃၅ မီတာဖြင့် ပထမဆု၊ ပြည့်ဖြိုးအောင် (ကချင်ပြည်နယ်)က ၃၄ ဒသမ ၂၁ မီတာဖြင့် ဒုတိယဆု၊ သူရဇော် (ချင်းပြည်နယ်)က ၃၀ ဒသမ ၃၂ မီတာဖြင့် တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး သံပြားဝိုင်းပစ်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ စုစုနွယ်(မကွေး)က ၂၀၀၇ ခုနှစ်တွင် ကရင်ပြည်နယ်က နော်ရီရီသန့် တင်ထားခဲ့သည့် ၃၁ ဒသမ ၂၄ မီတာ စံချိန်ကို ၃၂ ဒသမ ၀၀ မီတာ စံချိန်သစ်တင်ကာ ပထမဆုကိုလည်းကောင်း၊ ဂျေမီလီအေး (ကချင်ပြည်နယ်)က ၂၈ ဒသမ ၇၂ မီတာဖြင့် ဒုတိယဆုကိုလည်းကောင်း၊ ပပဦး (စစ်ကိုင်းတိုင်းဒေသကြီး)က ၂၅ ဒသမ ၁၁ မီတာဖြင့် တတိယဆုကိုလည်းကောင်း၊ အသီးသီးဆွတ်ခူးရရှိခဲ့သည်။

အမျိုးသား မီတာ (၁၅၀၀)အပြေးပြိုင်ပွဲတွင် ဖြိုးကျော်ဇင်ဦး (ရှမ်းပြည်နယ်)က ၄ မိနစ် ၂၁ ဒသမ ၈၉ စက္ကန့်ဖြင့် ပထမဆု၊ မင်းမင်းဇော် (မန္တလေးတိုင်းဒေသကြီး)က ၄ မိနစ် ၂၃ ဒသမ ၈၂ စက္ကန့်ဖြင့် ဒုတိယဆု၊ ကိုတူးတူး (ကချင်ပြည်နယ်)က ၄ မိနစ် ၂၇ ဒသမ ၆၃ စက္ကန့်ဖြင့် တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး မီတာ (၁၅၀၀)အပြေးပြိုင်ပွဲတွင် အေးခမ်း (ရှမ်းပြည်နယ်)က ၅ မိနစ် ၁၈ ဒသမ ၀၀ စက္ကန့်ဖြင့် ပထမဆု၊ သွက်လက်ချို (မွန်ပြည်နယ်)က ၅ မိနစ် ၁၉ ဒသမ ၅၀ စက္ကန့်ဖြင့် ဒုတိယဆု၊ ယဉ်ငြိမ်းအေး (ရခိုင်ပြည်နယ်)က ၅ မိနစ် ၂၅ ဒသမ ၂၅ စက္ကန့်ဖြင့် တတိယဆုကို လည်းကောင်း ဆွတ်ခူးရရှိသည်။

အမျိုးသား မီတာ (၂၀၀)အပြေးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မျိုးမြင့်အောင်သည် ၂၀၁၄ ခုနှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ မျိုးထက်အောင် တင်ထားခဲ့သည့် ၂၃ ဒသမ ၀၀ စက္ကန့် စံချိန်ကို ၂၂ ဒသမ ၀၉ စက္ကန့်ဖြင့် စံချိန်သစ်တင်ကာ ပထမဆုကိုလည်းကောင်း၊ ကျော်စွာအောင် (တနင်္သာရီတိုင်းဒေသကြီး)က ၂၂ ဒသမ ၉၁ စက္ကန့်ဖြင့် ဒုတိယဆုကိုလည်းကောင်း၊ ခန့်ပိုင်ထွန်း (ပဲခူးတိုင်းဒေသကြီး)က ၂၃ ဒသမ ၆၅ စက္ကန့်ဖြင့် တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး မီတာ (၂၀၀) အပြေးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးက သိမ့်သိမ့်စံသည် ၂၀၀၅ ခုနှစ် ဧရာဝတီတိုင်းဒေသကြီးမှ ဂျူးဂျူးမ တင်ထားခဲ့သည့် ၂၆ ဒသမ ၄၀ စက္ကန့် စံချိန်ကို ၂၆ ဒသမ ၂၁ စက္ကန့်ဖြင့် စံချိန်သစ်တင်ကာ ပထမဆုကိုလည်းကောင်း၊ ငြိမ်းမိုးဝင်း (မွန်ပြည်နယ်)က ၂၈ ဒသမ ၃၀ စက္ကန့်ဖြင့် ဒုတိယဆုကိုလည်းကောင်း၊ နဒီလှိုင်း (ကချင်ပြည်နယ်)က ၂၉ ဒသမ ၀၇ စက္ကန့်ဖြင့် တတိယဆုကို လည်းကောင်း ဆွတ်ခူးရရှိသည်။

အမျိုးသား မီတာ (၄၀၀) တန်းကျော်ပြေးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ လွင်မိုးသည် ၂၀၁၄ ခုနှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ သန့်ဇင်သိန်း တင်ထားခဲ့သည့် ၅၉ ဒသမ ၆၀ စက္ကန့် စံချိန်ကို ၅၅ ဒသမ ၉၆ စက္ကန့်ဖြင့် စံချိန်သစ်တင်ကာ ပထမဆုကိုလည်းကောင်း၊ ထွန်းနေအောင် (ပဲခူးတိုင်းဒေသကြီး)က ၅၈ ဒသမ ၂၂ စက္ကန့်ဖြင့် ဒုတိယဆုကိုလည်းကောင်း၊ ဖြိုးဖြိုးအောင် (ကချင်ပြည်နယ်)က ၅၉ ဒသမ ၆၆ စက္ကန့်ဖြင့် တတိယဆုကိုလည်းကောင်း၊ အမျိုးသမီး မီတာ (၄၀၀) တန်းကျော်ပြေးပြိုင်ပွဲတွင် ကယားပြည်နယ်မှ နန်းမြင့်အေးသည် ၂၀၁၄ ခုနှစ် မန္တလေးတိုင်းဒေသကြီးမှ နှင်းဝေရည်တင်ထားခဲ့သည့် ၆၉ ဒသမ ၆၀ စက္ကန့် စံချိန်ကို ၆၈ ဒသမ ၀၈ စက္ကန့်ဖြင့် စံချိန်သစ်တင်ကာ ပထမဆုကိုလည်းကောင်း၊ အိသက်လွင် (ဧရာဝတီတိုင်းဒေသကြီး)က ၇၀ ဒသမ ၁၀ စက္ကန့်ဖြင့် ဒုတိယဆုကိုလည်းကောင်း၊ နှင်းဝေရည် (မန္တလေးတိုင်းဒေသကြီး)က ၇၀ ဒသမ ၁၅ စက္ကန့်ဖြင့် တတိယဆုကိုလည်းကောင်း ဆွတ်ခူးရရှိသည်။ **(မောင်မောင်ဇော်)**

○ မြန်မာယူ-၁၉မှ

ပွဲစ ကိုးမိနစ်တွင် မြန်မာအသင်းဂိုးစရခဲ့ပြီး စိုးမိုးထွန်း ကန်တင်ပေးသည့် ပြစ်ဒဏ်ဘောကို ထိုင်းနောက်ခံလူတစ်ဦး ဖြတ်ထုတ်ရာမှ ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းသည် ချေပဂိုးရရှိရန် တောက်လျှောက်ကြိုးပမ်းခဲ့သလို ဒုတိယအပိုင်းအစတွင် အမာခံအချို့ကို ထည့်သွင်းအသုံးပြုကာ အပြောင်းအလဲလုပ်ခဲ့သည်။ ၅၉ မိနစ်တွင် ထိုင်းအသင်းချေပဂိုးပြန်ရခဲ့ပြီး ဆူရာချိုင်းက သွင်းယူခဲ့သည်။ ၆၇ မိနစ်တွင် ထိုင်းအသင်း ပယ်နယ်တီကန်ခွင့်ရခဲ့သော်လည်း ဆန်းဆက်နိုင်ကာကွယ်နိုင်ခဲ့သောကြောင့် မြန်မာအသင်း မရှုံးခဲ့ခြင်းဖြစ်သည်။

အခြားပွဲတွင် ဩစတြေးလျက လာအိုကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ယူပြီး ဆီမီးဖိုင်နယ် တက်သွားသည်။ အုပ်စု (ခ)ပွဲစဉ်များအပြီးတွင် ထိုင်းက ၁၃ မှတ်ဖြင့် ပထမ၊ ဩစတြေးလျက ၁၂ မှတ်ဖြင့် ဒုတိယဖြင့် ဆီမီးဖိုင်နယ်တက်ခဲ့ပြီး ရှစ်မှတ်ရရှိသည့် မြန်မာအသင်းအပါအဝင် အင်ဒိုနီးရှား၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့မှာ အုပ်စုမှ ထွက်ခဲ့ရသည်။ ဆီမီးပွဲစဉ်များအဖြစ် အိမ်ရှင် ဗီယက်နမ်နှင့် ဩစတြေးလျ၊ လက်ရှိချန်ပီယံ ထိုင်းနှင့် တီမော်တို့ကစားရမည်ဖြစ်သည်။

**(ရှိုင်းထက်ဇော်)**

# ထိုင်းနိုင်ငံပိုင် PTTEPI ကုမ္ပဏီ၏ အလုပ်သမားဥပဒေ ချိုးဖောက်မှုအပေါ် သတင်းစာရှင်းလင်းပွဲပြုလုပ်

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံတွင် ရေနံတူးဖော်ရေးလုပ်ငန်းလာရောက်ဆောင်ရွက်နေသည့် ထိုင်းနိုင်ငံပိုင် PTTEPI ကုမ္ပဏီက အလုပ်သမားဥပဒေချိုးဖောက်ခြင်း၊ အလုပ်သမားများအား အလုပ်မှ မတရားထုတ်ပယ်ခြင်း၊ လျော်ကြေးတောင်း၍ တရားစွဲဆိုရန် ဆောင်ရွက်နေခြင်းကိစ္စရပ်များနှင့် ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို အဆိုပါကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဇောတိက ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ အလုပ်သမားများအဖွဲ့ (ZOMO)က ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ Orchid Hotel ၌ ပြုလုပ်သည်။



ထိုင်းနိုင်ငံပိုင် PTTEPI ကုမ္ပဏီနှင့် ဇောတိက ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ အလုပ်သမားများအဖွဲ့တို့သည် ၂၀၁၅ ခုနှစ်မှ စတင်ကာ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှု ပြဿနာများ စတင်ဖြစ်ပွားခဲ့ပြီး အလုပ်သမားများအဖွဲ့က ၂၀၁၅ ခုနှစ် မတ်လတွင် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးရုံးသို့ အဆင့်ဆင့်တင်ပြခဲ့ကာ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ခုံသမာဓိကောင်စီမှ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုကို ဆုံးဖြတ်ချက်ချခဲ့ကြောင်း သိရသည်။

"မြို့နယ်ညှိနှိုင်း ဖျန်ဖြေရေးရုံးကို အဆင့်ဆင့်တက်တယ်။ နောက်ဆုံးခုံသမာဓိကောင်စီက ဆုံးဖြတ်ချက်ချတယ်။ ကုမ္ပဏီဘက်က လိုက်နာမှု မရှိဘူး။ လိုက်နာမှုမရှိတဲ့အတွက် အလုပ်သမားညွှန်ကြားမှုဦးစီးဌာနက ကုမ္ပဏီကို တရားစွဲထားတယ်"ဟု ဇောတိက ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့အလုပ်သမားများအဖွဲ့မှ ကိုမင်းဇော်က ပြောသည်။

လက်ရှိအချိန်တွင် ကုမ္ပဏီက ဇောတိက ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ အလုပ်သမားများအဖွဲ့တွင် ပါဝင်သည့် အလုပ်သမား ၁၈ ဦးကို အလုပ်မှ ထုတ်ပယ်ထားပြီး ထုတ်ပယ်ခံရသည့် အလုပ်သမားတစ်ဦးချင်းစီအား ဒေါ်လာငွေ တစ်သိန်းခွဲလျော်ကြေးတောင်းကာ တရားစွဲဆိုရန် ဆောင်ရွက်နေကြောင်း အလုပ်သမားများအဖွဲ့မှ သိရသည်။

သက်ဆိုင်ရာဝန်ကြီးဌာန အနေဖြင့် အလုပ်ရှင်နှင့်အလုပ်သမား အငြင်းပွားမှုပြဿနာများ မဖြစ်ပွားစေရေးအတွက် အလုပ်စတင်ခန့်ထားချိန်တွင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးသဘောတူစာချုပ်ချုပ်ဆိုရန် ညွှန်ကြားထားသော်လည်း ထိုင်းနိုင်ငံပိုင် PTTEPI ကုမ္ပဏီနှင့် ဇောတိက ကမ်းလွန်ရေနံနှင့် သဘာဝ ဓာတ်ငွေ့အလုပ်သမားများ စာချုပ် ချုပ်ဆိုထားခြင်းမရှိသေးကြောင်း အလုပ်သမားများထံမှ သိရသည်။

"အစိုးရကပြဋ္ဌာန်းထားတဲ့ အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးသဘောတူစာချုပ်(EC) ချုပ်ဆိုထားခြင်းမရှိဘူး။ ကုမ္ပဏီနဲ့တော့ နှစ်ဦးသဘောတူ စာချုပ်ပဲရှိတယ်။ EC စာချုပ်ချုပ်ဖို့ လိုပြီဆိုတာ ကုမ္ပဏီကို တောင်းဆိုထားတယ်။ လိုက်နာခြင်းမရှိဘူး၊ ခုံသမာဓိကောင်စီကလည်း EC စာချုပ်ချုပ်ဖို့ ဆုံးဖြတ်ချက်ချမှတ်ခဲ့တယ်"ဟု ကိုမင်းဇော်က ပြောသည်။

မြန်မာနိုင်ငံတွင် တစ်နေ့အလုပ်ချိန် ရှစ်နာရီ သတ်မှတ်ထားသော်လည်း ကုမ္ပဏီအနေဖြင့် ၁၂ နာရီအထိ အလုပ်ခိုင်းစေခြင်းများနှင့် အများသူငါ ရုံးပိတ်ရက်များတွင် အလုပ်ခိုင်းစေခြင်းများရှိခဲ့ပြီး နာမကျန်းခွင့်မှလွဲ၍ ကျန်သည့်ခွင့်ခံစားခွင့်များ မရရှိခဲ့ကြောင်း၊ အလုပ်သမားအခွင့်အရေးများ ချိုးဖောက်ခံခဲ့ရကြောင်း အလုပ်သမားများထံမှ သိရသည်။

"အလုပ်သမားတွေကို ကုမ္ပဏီအပေါ် သစ္စာမဲ့တဲ့ လုပ်ရပ်လုပ်လို့ဆိုပြီး အလုပ်ထုတ်တယ်။ အလုပ်သမားတွေအတွက် ဘာအကာအကွယ်မှလည်း မရခဲ့ဘူး"ဟု ကိုစောဦးက ဆိုသည်။

သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်လာသည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား သမဂ္ဂများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်က "မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေနဲ့လည်း ကုမ္ပဏီကို ပြန်လည်စိစစ်သင့်တယ်။ အလုပ်သမားတွေ နစ်နာမှုတွေနဲ့ပတ်သက်ပြီးတော့ ILO၊ ထိုင်းအလုပ်သမားသမဂ္ဂအဖွဲ့ချုပ်နဲ့ကမ္ဘာ့အလုပ်သမားအဖွဲ့ချုပ်တွေဆီကိုလည်းတင်ပြသွားမယ်"ဟု ပြောသည်။

ဇောတိက ကမ်းလွန်ရေနံနှင့် သဘာဝဓာတ်ငွေ့ အလုပ်သမားများအဖွဲ့ (ZOMO)ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလတွင် တရားဝင်မှတ်ပုံတင်ဖွဲ့စည်းခွင့်ပြုထားကြောင်း အဆိုပါအလုပ်သမားအဖွဲ့မှ သိရသည်။

**သတင်း-မင်းသစ်(သတင်းစဉ်)**
**ဓာတ်ပုံ -ဇော်မင်းလတ်**

## လူငယ်မူဝါဒ ပူးပေါင်းရေးဆွဲလျက်ရှိ

မြန်မာနိုင်ငံလူငယ်မူဝါဒ ပေါ်ပေါက်ရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနတို့မှ ဦးဆောင်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လူငယ်များနှင့် ပူးပေါင်းရေးဆွဲလျက်ရှိပါသည်။ မြန်မာနိုင်ငံလူငယ်မူဝါဒတွင် လူငယ်များကိုယ်တိုင် ပါဝင်နိုင်ရေးအတွက် လူငယ်ကိုယ်စားလှယ်များ ရွေးချယ်နိုင်ရန်နှင့် လူငယ်များ၏အသံများပါဝင်စေရန်အတွက် လူငယ်မူဝါဒဆိုင်ရာ ဆွေးနွေးပွဲများ၊ စစ်တမ်းကောက်ယူမှုများ၊ လူငယ်ဖိုရမ်များကို လူငယ်များမှ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံ လူငယ်မူဝါဒပေါ်ပေါက်လာရေးအတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ လူငယ်များအားလုံးမှ ပူးပေါင်းပါဝင်ပေးပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

# လူငယ်မူဝါဒသာရှိမည်ဆိုလျှင် လိုအပ်သောလုပ်ငန်းများ ဆောင်ရွက်ရန် ရှင်းလင်းတိကျကျယ်ပြန့်သော မူဘောင်တစ်ခုသတ်မှတ်ပေးနိုင်မည်

**မုံရွာ စက်တင်ဘာ ၂၀**

လူငယ်မူဝါဒသာရှိမည်ဆိုလျှင် လိုအပ်သောလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရှင်းလင်းတိကျပြီး ကျယ်ပြန့်သောမူဘောင်တစ်ခုကို သတ်မှတ်ပေးနိုင်မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူငယ်များကွန်ရက်ဥက္ကဋ္ဌ ကိုဇော်သူရိန်ထွန်းထံမှ သိရသည်။

"လက်ရှိမှာ လူငယ်မူဝါဒမရေးဆွဲရသေးတဲ့ လက်တွေ့အကောင်အထည်မဖော်ရသေးတဲ့ ၃၁ နိုင်ငံမှာ မြန်မာနိုင်ငံဟာ တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ဒါကြောင့် လူငယ်မူဝါဒတစ်ရပ်ကို လူငယ်တွေပါဝင်ပြီး ရေးဆွဲဖို့လိုအပ်ပါတယ်။ လူငယ်မူဝါဒဆိုတာ နိုင်ငံတစ်နိုင်ငံမှာရှိတဲ့ လူငယ်များရဲ့ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ယဉ်ကျေးမှု ဖွံ့ဖြိုးမှု အနာဂတ်အလားအလာကောင်းတွေကို ဖြည့်ဆည်းပေးနိုင်မယ့် မဟာဗျူဟာလမ်းညွှန်ချက်တွေကို နိုင်ငံတော်နဲ့ သက်ဆိုင်သူတွေအားလုံးက သန္နိဋ္ဌာန်ချဆောင်ရွက်နိုင်ဖို့ လိုအပ်တဲ့အရင်းအမြစ်တွေ၊ ပံ့ပိုးမှုတွေ၊ ဝန်ဆောင်မှုတွေကို စနစ်တကျဖော်ညွှန်းထားတဲ့ မူဘောင်ဖြစ်ပါတယ်"ဟု ကိုဇော်သူရိန်ထွန်းက ပြောသည်။

ယနေ့ကမ္ဘာပေါ်တွင် လူငယ်ဦးရေ တစ်ဘီလီယံခန့်ရှိရာ ကမ္ဘာ့လူဦးရေ စုစုပေါင်း၏ ၁၈ ရာခိုင်နှုန်းခန့်ရှိပြီး ကမ္ဘာ့လူငယ်ထု၏ အခြေအနေမှာ ဒေသများအကြား၊ နိုင်ငံများအကြား၊ လူ့အဖွဲ့အစည်းများအကြား စီးပွားရေး၊ လူမှုရေး၊ နည်းပညာနှင့် ယဉ်ကျေးမှုအရ ကွာဟမှုများ၊ မတူညီမှုများကို ဆိုးရွားစွာကြုံတွေ့နေရသလို လူငယ်ဦးရေ၏ ၈၅ ရာခိုင်နှုန်းမှာ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နေထိုင်လျက်ရှိပြီး အာရှဒေသအတွင်းမှာပင် ၆၀ ရာခိုင်နှုန်းခန့်ရှိသည်။

၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံအတွင်းရှိ ငယ်ရွယ်သူများ အကျုံးဝင်သော အသက်အပိုင်းအခြားအလိုက် လူဦးရေအချိုးအစားမှာ ၁၀ နှစ်မှ ၁၄ နှစ်ထိ ၁၀ ဒသမ ၁၆ ရာခိုင်နှုန်း၊ ၁၅ နှစ်မှ ၁၉ နှစ်ကြားတွင် ၉ ဒသမ ၂၀ ရာခိုင်နှုန်း၊ ၂၀ နှစ်မှ ၂၄ နှစ်ထိတွင် ၈ ဒသမ ၆၁ ရာခိုင်နှုန်း၊ ၂၅ နှစ်မှ ၂၉ နှစ်ထိတွင် ၈ ဒသမ ၂၅ ရာခိုင်နှုန်း၊ ၃၀ နှစ်မှ ၃၄နှစ်ထိတွင် ၇ ဒသမ ၇၅ ရာခိုင်နှုန်းဖြစ်ကြောင်းသိရသည်။

မူဝါဒကို လက်တွေ့အကောင်အထည်ဖော်ရာတွင် 'လူငယ်'ဝေါဟာရအပေါ် အသက်အပိုင်းအခြားသတ်မှတ်ရန် လိုအပ်သော်လည်း နိုင်ငံတကာတွင် သဘောတူညီထားသော စံသတ်မှတ်ချက်မရှိသောကြောင့် အသက်အပိုင်းအခြားသတ်မှတ်ရန်မှာ လွယ်ကူသော အလုပ်မဟုတ်ကြောင်း၊ ကုလသမဂ္ဂ၏ သတ်မှတ်ချက်အရ ဆယ်ကျော်သက်ဆိုလျှင် ၁၀ နှစ်မှ ၁၉ နှစ်၊ လူငယ်ဆိုလျှင် ၁၅ နှစ်မှ ၂၄ နှစ် အကျုံးဝင်ပြီး ငယ်ရွယ်သူဟုဆိုလျှင် ထိုအပိုင်းအခြားနှစ်ခုစလုံးပါဝင်ပြီး ၁၀ နှစ်မှ ၂၄ နှစ်အထိ အကျုံးဝင်ကြောင်း သိရသည်။ လူငယ်မူဝါဒသည် ဘာသာ၊ လူမျိုးနှင့် နေထိုင်ရာဒေသ မည်သို့ပင်ကွဲပြားပါစေ ဆယ်ကျော်သက်နှင့် လူငယ်များအားလုံးကို ကိုယ်စားပြုသင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ကွန်ရက်ဝင်တစ်ဦးက ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# သုံးစွဲရန်မသင့်သော အလှကုန်ပစ္စည်းများကို အများပြည်သူသိရှိရန် အသိပေးကြေညာ

**နေပြည်တော် စက်တင်ဘာ ၂၀**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်၍ ကျန်းမာရေးအတွက် ဘေးအန္တရာယ်ကင်းရှင်းသော အလှကုန်ပစ္စည်းများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲလျက်ရှိသည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် ပြည်တွင်း၌ရောင်းချနေသည့် အလှကုန်ပစ္စည်းများကို စစ်ဆေးခဲ့ရာ အောက်ဖော်ပြပါ အလှကုန်ပစ္စည်းလေးမျိုးသည် ကျန်းမာရေးအတွက် ဘေးအန္တရာယ်ဖြစ်စေနိုင်သော တားမြစ်ဓာတုပစ္စည်းများ ပါဝင်နေကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် သုံးစွဲရန်မသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

အဆိုပါ အလှကုန်ပစ္စည်းများကို အများပြည်သူလူထု သုံးစွဲခြင်းမပြုကြရန်နှင့် ပြည်တွင်းဈေးကွက်တွင် တင်သွင်း၊ ဖြန့်ဖြူးရောင်းချနေမှုများကို တွေ့ရှိပါက သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေပုဒ်မ ၃၊ အပိုဒ် (၃)(ဃ)အရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သတိပေးကြေညာထားသည်။

**(သတင်းစဉ်)**

| စဉ် | အလှကုန်ပစ္စည်းအမည် | ထုတ်လုပ်သည့်ကုမ္ပဏီ | တွေ့ရှိချက် |
|---|---|---|---|
| ၁။ | White-Me PLACENTA Cream (Night Cream) COLLAGEN PLUS | ထိုင်းဘာသာဖြင့်ဖော်ပြထားပါသည်။ | Mercury(+) |
| ၂။ | SNALL Gift Set PREMlUMl Collagen & QIO Beautiful Bright White & Smooth(Day Cream/Night Cream) | Product by Korea | Mercury(+) |
| ၃။ | KRK BEAUTIFUL Kit (2, 4 Cream) | ထိုင်းဘာသာဖြင့်ဖော်ပြထားပါသည်။ | Mercury(+) |
| ၄။ | Dr. YANHEE Skin Care Set | ထိုင်းဘာသာဖြင့်ဖော်ပြထားပါသည်။ | Hydroquinone(+) |

SNAIL Gift Set PREMIUM! Collagen & Q10 Beautiful Bright White & Smooth (Day Cream / Night Cream)




White-Me PLACENTA Cream (Night Cream) COLLAGEN PLUS




Dr. YANHEE Skin Care Set



K R K BEAUTIFUL Kit (2, 4 Cream)



# ကျောက်တံတားမြို့နယ်၌ အိမ်အကူမိန်းကလေးငယ်များအား ညှဉ်းပန်းနှိပ်စက်ပြီး လုပ်ခလစာများမပေးခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ကျူးလွန်သူနှစ်ဦးအား အရေးယူဆောင်ရွက်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်တွင် အိမ်အကူမိန်းကလေးငယ်များအား ညှဉ်းပန်းနှိပ်စက်ပြီး လုပ်ခလစာများမပေးခဲ့သည့် ဖြစ်စဉ်နှင့်ပတ်သက်၍ ကျူးလွန်သူနှစ်ဦးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အရေးယူထားကြောင်း ကျောက်တံတား မြို့မရဲစခန်း မှသိရသည်။

ဖြစ်စဉ်မှာ အဆိုပါမြို့နယ် အမှတ် (၉) ရပ်ကွက် လမ်း ၄၀ (အထက်ဘလောက်)ရှိ အင်းဝ အပ်ချုပ်ဆိုင်ပိုင်ရှင် ဒေါ်တင်သူဇာ၏ နေအိမ်(၈)လွှာတွင် လွန်ခဲ့သော ငါးနှစ်ခန့်မှစ၍ အသက်(၁၂)နှစ်အရွယ်ခန့်ရှိ အိမ်အကူအမျိုးသမီးငယ်များမှာ နေ့စဉ်နှိပ်စက်ခံနေရကြောင်း၊ ၎င်းတို့ခန္ဓာကိုယ်အနှံ့အပြားတွင် ထိုးသွင်းပြတ်ရှအမာရွတ်များလည်းတွေ့ရှိရကြောင်း မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်ရေးကော်မရှင်သို့ လိပ်မူ၍တိုင်တန်းမှုအား ကျောက်တံတား မြို့နယ်ရဲတပ်ဖွဲ့မှူးက တိုင်စာအား သက်သေများနှင့်အတူ စိစစ်ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ် ရှာဘွားကျေးရွာအုပ်စု ဘောလုံးကွင်းကျေးရွာနေ မတင်တင်ခိုင်(၁၈)နှစ်၊ မစန်းကေခိုင် (၁၇)နှစ်နှင့် မသဇင်(၁၆)နှစ်တို့အား ၎င်းတို့၏အုပ်ထိန်းသူမိဘများက အိမ်အကူလုပ်ငန်း လုပ်ကိုင်ရန်အတွက် အင်းဝ အပ်ချုပ်ဆိုင်သို့စေလွှတ်ခဲ့ကြောင်း၊ ပိုင်ရှင်ဖြစ်သူ ဒေါ်တင်သူဇာက အိမ်အကူလစာတစ်လလျှင် ငွေကျပ် ၂၀၀၀၀ ရမည်ဖြစ်ကြောင်းပြောဆို၍ လက်ခံခဲ့ကြောင်း၊ လုပ်ခလစာများအား ၂၀၁၄ ခုနှစ် ဩဂုတ်လအထိရရှိခဲ့သော်လည်း စက်တင်ဘာလမှစ၍ လုပ်ခလစာများမရရှိတော့ဘဲ ဆက်လက်လုပ်ကိုင်နေရသည့်အပြင် လုပ်ငန်းလုပ်ကိုင်ရာတွင် လွဲချော်ပါက ဒေါ်တင်သူဇာနှင့် စုမွန်လတ်တို့က မျက်နှာနှင့်တစ်ကိုယ်လုံးအား ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ခြင်း၊ အစာရေစာမကျွေးဘဲထားခြင်း၊ မစန်းကေခိုင်၏ လက်ချောင်းများအားလှန်ချိုးခြင်းနှင့် ကိုယ်အင်္ဂါချို့ယွင်းအောင် အမျိုးမျိုးနှိပ်စက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့အပြင်၎င်းတို့၏ အုပ်ထိန်းသူမိဘများ လာရောက်တွေ့ဆုံရာတွင် ၂၀၁၄ ခုနှစ်နောက်ပိုင်းမှစတင်၍ တွေ့ဆုံခွင့် မပေးသည့်အပြင် လုပ်ခလစာများကိုလည်း ပေးချေခြင်းမရှိတော့ကြောင်း စစ်ဆေးတွေ့ရှိချက်များအရ လူကုန်ကူးမှုဥပဒေပါ အချက်အလက်များနှင့် ငြိစွန်းနေသည်ကို တွေ့ရှိရသဖြင့် နစ်နာသူများကိုယ်စား အမှတ်(၆) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(ရန်ကုန်)က တရားလိုပြုလုပ်၍ ယနေ့တွင် ဒေါ်တင်သူဇာနှင့် စုမွန်လတ်တို့အား အရေးယူပေးရန်တိုင်တန်းခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ကျောက်တံတားမြို့မရဲစခန်းက (ပ)၁၉၃/၂၀၁၆၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄/၃၂ဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဇော်ကြီး (ပဏီတ)**

# တရားဝင်ပြည်ပတင်ပို့ငါးသယ်ရေယာဉ်(အဖြူလိုင်း)များအတွက် Catch Certificate များ သတ်မှတ်စည်းကမ်းများနှင့်အညီ ထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၀**

အိမ်နီးချင်းနိုင်ငံများနှင့် ပင်လယ်ရပ်ဝေးနိုင်ငံများသို့ ငါးနှင့်ရေထွက်ပစ္စည်းများ ရေကြောင်းမှတင်ပို့နိုင်ရန် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ Catch Certificate (CC) ထုတ်ပေးလျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ ၁၄ ရက်အတွင်း တနင်္သာရီတိုင်းဒေသကြီးမှ မြိတ်နှင့်ကော့သောင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာနရုံးများမှ ငါးသယ်ရေယာဉ် စုစုပေါင်း ၃၁ စင်းအား ခွင့်ပြုပေးနိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနရုံးချုပ်မှ သိရသည်။

Catch Certificate (CC) လျှောက်ထားရာတွင် ငါးသယ်ရေယာဉ်များအနေဖြင့် ငါးသယ်ရေယာဉ်ဂရန်၊ ငါးသယ်ရေယာဉ်လိုင်စင်၊ ပို့ကုန်ကြေညာလွှာ (Export Declaration)၊ ကုန်ပစ္စည်းစာရင်း (Invoice)၊ ကုန်လွှဲပြောင်းမှုမှတ်တမ်း၊ ကုမ္ပဏီ၏ ကတိဝန်ခံချက်၊ ငါးသယ်ရေယာဉ်ကြိုတင် ကြေညာလွှာနှင့် ပင်လယ်ပြင် ထွက်ခွာခွင့် အမိန့်ပါရှိရမည်ဖြစ်ပြီး တင်ပို့မည့် ငါးအမျိုးအစားနှင့် ရေထွက်ထုတ်ကုန် ပမာဏအလိုက် သတ်မှတ်အခွန်ကို ပေးသွင်းရမည်ဖြစ်ကြောင်း သိရသည်။

ငါးသယ်ရေယာဉ်များသို့ ကုန်လွှဲပြောင်းမှုအား ငါးဖမ်းရေယာဉ် နေ့စဉ်တရားဝင် ငါးဖမ်းမှတ်တမ်းများနှင့် တိုက်ဆိုင်စစ်ဆေးပြီး၍ သတ်မှတ်ထားသည့် ဆိပ်ကမ်းများက (CC) လက်မှတ်များအား ထုတ်ပေးလျက်ရှိသည်။

တရားဝင်ငါးဖမ်းဆီးခြင်း အသိအမှတ်ပြုလက်မှတ်(CC) များကို စက်တင်ဘာ ၁ ရက်မှ ၁၄ ရက်အတွင်း မြိတ်ခရိုင်မှ ငါးသယ်ရေယာဉ်အစင်း ၃၀ နှင့် ကော့သောင်းခရိုင်ရုံးမှ ကုန်ချိန် ၈၀၂၃၀ Kg ဆံ့ ရေယာဉ်တစ်စင်း စုစုပေါင်း ငါးသယ်ရေယာဉ်သင်္ဘော ၃၁ စင်း ကုန်ချိန်ပေါင်း ၃၃၀၆၃၇၄Kg ကို ခွင့်ပြုပေးနိုင်ခဲ့ပြီး လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးအတွက် ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်၊ ရေကြောင်းညွှန်ကြားမှုဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနများက One Stop Services (OSS)ရုံးများတွင် ဆောင်ရွက်ပေးလျက်ရှိသည်။

ဥရောပနိုင်ငံများသို့လည်း ဥရောပသမဂ္ဂနှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ သတ်မှတ်စည်းမျဉ်းများနှင့် အညီ ရေထွက်ပစ္စည်းများအား တိုက်ရိုက်ဖြစ်စေ၊ တစ်ဆင့်ဖြစ်စေ တရားဝင် တင်ပို့ရောင်းချနိုင်သည့် အသိအမှတ်ပြုလက်မှတ်(CC)အား လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ပေးလျက်ရှိသည်။

အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရာတွင် ယခင်သတ်မှတ်ခွင့်ပြုချက်များအတိုင်း ငါးလုပ်ငန်းဦးစီးဌာနက (CC)များ ထုတ်ပေးလျက်ရှိသည်။ ဆိပ်ကမ်းပြန်ကပ်ရန်ကိုမူ သတ်မှတ်ထားသည့်ပုံစံဖြင့် ၂၄ နာရီ ကြိုတင်ကြေညာရမည်။ ပြည်ပတင်ပို့ခွင့် ငါးသယ်လိုင်စင်ခ(၅ဒေါ်လာ)၊ GRT/Trip မှတ်ပုံတင်ကြေး ဒေါ်လာ ၅၀ အား ပေးသွင်းပြီး သတ်မှတ်ချက်များမှန်ကန်မှုရှိမှသာ (CC)လက်မှတ် ထုတ်ပေးကြောင်း သိရသည်။

ဒေသအလိုက် တရားဝင်ငါးဖမ်းရေယာဉ်နှင့် ငါးသယ်ရေယာဉ်များအား လိုင်းကာအမှတ်အသားများဖြင့် ခွဲခြားသိမြင်နိုင်ပြီး၊ ရခိုင်ပြည်နယ်တွင်(အဝါလိုင်း)၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် လိုင်းကာအမှတ်အသားမှာ(မီးခိုးလိုင်း)၊ တနင်္သာရီတိုင်း ဒေသကြီးတွင် လိုင်းကာ အမှတ်အသားမှာ (အနီလိုင်း)ဟု သတ်မှတ်ထားပြီး၊ (အဖြူလိုင်းပါရေယာဉ်)မှာ ငါးသယ်ရေယာဉ်များဖြစ်ကြသည်။

ရေယာဉ်များ၏ ကုန်တန်ချိန်များမှာ ၆၀၊ ၈၀၊ ၁၀၀ ကျော်တင်ဆောင်နိုင်သည့်ရေယာဉ်များ ပါဝင်သည်။

တစ်ဖက်ထိုင်းနိုင်ငံသို့ သယ်ယူတင်ပို့ရောင်းချလျက်ရှိသောငါးသယ်ရေယာဉ်များအား Catch Certificate(CC)များကို ထုတ်ပေးနေမှုနှင့်ပတ်သက်၍ သတ်မှတ်စည်းကမ်းများကို သက်ဆိုင်သူများအား အသိပညာပေး ဟောပြောခြင်းကို စက်တင်ဘာ ၂ ရက်က မြိတ်ခရိုင် ငါးလုပ်ငန်း ဦးစီးဌာနရုံးတွင် တွေ့ဆုံရှင်းလင်းခဲ့သည်။ ရန်ကုန်မြို့တွင်လည်း CC ထုတ်ပေးလျက်ရှိပြီး တစ်ဖက်နိုင်ငံသို့ ရေထွက်ပစ္စည်းကုန်ချောများကို တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ပြည်တွင်း/ပြည်ပ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ ပြည်တွင်းငါးသယ်ရေယာဉ်များ၊ ပင်လယ်ပြင်သို့ ထွက်ခွာခြင်း၊ ပြန်လည်ဝင်ရောက်ခြင်းတို့ကို စစ်ဆေးကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

**(သန့်ဇင်ဝင်း)**



# လျှပ်စီးဒဏ်ကြောင့် ပျက်စီးသွားသော ပုဂံရှေးဟောင်းပုထိုးများ ပြန်လည်ပြုပြင်ရန် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် ကြာနီကန်ကျောင်း ဦးစီးပဓာနနာယက ဓမ္မကထိက ကြာနီကန်ဦးရေဝတ (ဝါးခယ်မ) ဆရာတော်၏ မယ်တော်ကြီးဒေါ်ပု အသက် (၁၀၀) ပြည့်အဖြစ် ဩဂုတ် ၂၄ ရက်တွင် လှုပ်ခတ်သွားသော ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့် ပုဂံရှေးဟောင်းစေတီများပြုပြင်ရန် အလှူတော်ငွေကျပ် သိန်း ၁၀၀ ကို မယ်တော်ကြီးက ပေးအပ်လှူဒါန်းပြီး ကြာနီကန်ဆရာတော် ဦးရေဝတ (ဝါးခယ်မ)နှင့် ဆရာတော်တပည့်များက အလှူငွေကျပ် ၃၅ သိန်းအား ဝါးခယ်မမြို့နယ်အသင်း (ရန်ကုန်) ဥက္ကဋ္ဌ ဗိုလ်ကြီးသန်းဌေး (ငြိမ်း)က ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာအောင်ထံသို့ ပေးအပ်စဉ်။

**(ကြေးမုံ)**

# အိမ်ခြံမြေပညာပေးသင်တန်း ဖွင့်လှစ်သင်ကြားပေး

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းမှ ကြီးမှူးကျင်းပသော အိမ်ခြံမြေပညာပေးသင်တန်းအမှတ်(၁/၂၀၁၆)ကို စက်တင်ဘာ ၁၆ ရက်မှ ၁၈ ရက်ထိ ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသူ သင်တန်းသား ၂၀၀ ကျော်တက်ရောက်ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အကျိုးဆောင်လောက သိကောင်းစရာများ၊ လယ်ယာမြေဥပဒေ၊ အခွန်အကြောင်း သိကောင်းစရာများ၊ မြို့ပြမြေယာများ ဥပဒေ၊ ကျေးရွာမြေယာနှင့် ဂရန်များ၊ လယ်ယာမြေဥပဒေများ၊ ဂရန်မြို့ပြမြေများ ဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ၊ စာချုပ်စာတမ်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ၊ ဝန်ဆောင်မှုဥပဒေပြုစုခြင်းဆိုင်ရာကိစ္စရပ်များ ဟူသော ခေါင်းစဉ်များဖြင့် သက်ဆိုင်ရာဆရာများက သင်ကြားပို့ချသည်။

မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းသည် ၂၀၁၃-၂၀၁၄ ခုနှစ်က ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်အမှတ် ၅၇၅၅/၁၃ ဖြင့် တရားဝင် မှတ်ပုံတင်ခွင့်ရရှိခဲ့ပြီး အသင်းဝင်များ၏ လူမှုရေးကိစ္စရပ်များ၊ သာရေးနာရေး ဆောင်ရွက်ခြင်း၊ ပညာရေး၊ ဘာသာရေးအတွက်ဆောင်ရွက်ခြင်း၊ လူမှုကယ်ဆယ်ရေးလုပ်ငန်းများကို အနယ်နယ်အရပ်ရပ် ဒေသမခွဲခြားဘဲ ကူညီဆောင်ရွက်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။ **(၀၀၂)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂၀**

ရန်ကုန်(ရွှေဈေး) ၈၇၅၀၀၀ - ၈၇၅၀၀၀ မန္တလေး(ရွှေဈေး) ၈၇၅၀၀၀ - ၈၇၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၄၀/၅၅၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |
| (ခ) အောက်တိန်း *95* | တစ်လီတာ | ၆၂၀/၆၃၀ ကျပ်၊ | ၆၈၀ ကျပ် |
| (ဂ) အောက်တိန်း *92* | တစ်လီတာ | ၅၄၀/၅၆၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၇၀/၅၈၀ ကျပ်၊ | ၆၁၀/၆၂၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၀၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၄၀ ကျပ်၊ အောက်တိန်း *92* တစ်လီတာ ၅၁၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၈၀. ၄ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၅. ၂၀ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၅. ၄၇၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈. ၆၀ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၄၄၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၂. ၄ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၀. ၁၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၀. ၇၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၀၆. ၉၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ရုပ်မြင်သံကြားအစီအစဉ်များ

[၂၁- ၉ -၂၀၁၆ (ဗုဒ္ဓဟူးနေ့)]

## မြန်မာ့ရုပ်မြင်သံကြား News Channel

| | |
|---|---|
| ၆:၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော် |
| ၇:၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း(လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း ဟာတိုင်းပြည်အတွက် ဘယ်လို အကျိုးသက်ရောက်မှုရှိသလဲ)(အပိုင်း-၂) |
| ၈:၃၅ | ၂၀၁၆ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်) (အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်ရေးတေး) [ဝါသနာရှင်(ဒုတိယတန်း) အဆင့်] (အမျိုးသမီး) |
| ၈:၄၀ | စိုက်ပျိုးရေးရာအဖြေရှာ "တောင်သူများအားထားရာ မြေပဲဆင်းပဒေသာ (၁၁) မျိုး" |
| ၉:၃၅ | "လူငယ်ရေးရာမူဝါဒရေးရာ အကြောင်းသိကောင်းစရာ" (အပိုင်း-၁) |
| ၁၀:၃၅ | အထွေထွေသုတနှင့်ကျန်းမာရေး |
| ၁၁:၁၅ | "ဖွံ့ဖြိုးမှုပြယုဂ်များဖြင့် သက်သေပြနေသည့်ကျွန်းစု" |
| ၁၁:၃၅ | မြန်မာ့ရုပ်မြင်သံကြား ပညာရေးအစီအစဉ် |
| ၁၂:၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၁) |
| ၁:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို"(အပိုင်း-၂) |
| ၂:၂၀ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ (စည်သူလွင်) |
| ၂:၃၅ | "ပတ္တလားဝိညာဉ်" |
| ၃:၃၅ | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း (လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်းဟာ တိုင်းပြည် အတွက်ဘယ်လို အကျိုးသက်ရောက်မှုရှိသလဲ) (အပိုင်း-၂) |
| ၄:၁၅ | ၂၀၁၆ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး)[ဝါသနာရှင် (ပထမတန်း)အဆင့်] (အမျိုးသမီး) |
| ၄:၃၅ | Football Magazine (ရန်ကုန်ယူနိုက်တက်အသင်း) |
| ၅:၁၅ | မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (ရဲမာန်ဟိန်းနှင့်ကြယ်စင်) |
| ၅:၃၅ | NHK Programme "Studying Gases" "ဓာတ်ငွေ့များကို လေ့လာခြင်း" |
| ၅:၄၅ | "တိုးတက်ရွေ့လျား ထိုင်း ခရီးသွား" |
| ၆:၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "ဝန်မကျကြွေးမပြေ" [(ဦးဝင်းမြင့်၊ အောင်မိုး၊ ပိုင်ဇေ) (ဒါရိုက်တာ-သိမ်းစိုး (သီဟရတနာ)] |
| ၇:၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၃) |
| ၈:၀၀ | ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၈:၃၅ | "ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မွေးပြင်ဒေသ" (အပိုင်း-၁) |
| ၉:၀၀ | ပြည်တွင်းသတင်း -Sunday Talk -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၂) -ဂီတသမား၊ ဂီတစကား (ရာဖြတ်ဦးမောင်ကလေး၏ တေးလက်ရာများ) |

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

## မြဝတီရုပ်မြင်သံကြား

| | |
|---|---|
| ၆:၀၃ | တရားတော် |
| ၇:၁၆ | မေတ္တာပို့ |
| ၇:၂၁ | ခမ္မပူဇာတေး |
| ၇:၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၈:၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈:၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈:၁၅ | မွေးမြူသုတ |
| ၈:၃၀ | DVD Hits |
| ၈:၄၅ | ဇာတ်လမ်းတို |
| ၉:၁၅ | သူနှင့်သူ၏သီချင်းများ |
| ၉:၃၅ | အမှတ်တရနေ့ရက်လေးများ |
| ၁၀:၁၀ | Made In Myanmar |
| ၁၀:၃၅ | Journal Talk |
| ၁၀:၅၀ | သီချင်းလက်ဆောင် |
| ၁၁:၂၅ | ကျန်းမာသုတ |
| ၁၁:၄၀ | Sport Review |
| ၁၂:၀၀ | ခရီးလည်းသွားစကားလည်းဆို |
| ၁၂:၁၅ | DVD Hits |
| ၁၂:၂၅ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၄:၂၅ | ရှေးဟောင်းသုတ |
| ၄:၅၅ | ယနေ့ရန်ကုန်မြင်ကွင်းစုံ |
| ၅:၁၀ | ပန်းကလေးများပွင့်တော့မည် |
| ၅:၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အယ်ဒါနာ အပိုင်း(၅၇) |
| ၆:၁၅ | Top Magic -VOA အင်္ဂလိပ်စာသင်ခန်းစာ -ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ရွှေရောင်ကြက်ခြေခတ်များ" အပိုင်း(၃) |

## MRTV-4

| | |
|---|---|
| ၅:၀၀ | ပဌာန်းပါဠိတော်+ခန္ဓသုတ်+ မောရသုတ်+ဝဋ္ဋသုတ် |
| ၅:၄၀ | "ဘဝ၏အပိုင်းအစများ" တရားတော်[ဆရာတော်အရှင် သောဘဏ(ရွှေမြင့်မိုရ် ဆရာတော်)] |
| ၈:၀၀ | "မင်္ဂလာပါ" The Morning show |
| ၁၀:၁၅ | ခေတ်သစ်ပျိုမေ |
| ၁၁:၁၅ | ဟင်းချက်ရအောင် |
| ၁၂:၄၀ | အနုပညာမိုးကောင်းကင် |
| ၃:၄၀ | Passion For Fashion |
| ၄:၀၅ | Cartoon Series(English Play Ground) |
| ၆:၁၀ | Health Fix |
| ၆:၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၇၁) |
| ၇:၁၅ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို" (အပိုင်း-၅၄) |
| ၈:၁၀ | ရသစုံညွှန်းတမ်းများ |
| ၈:၃၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၁၆) |
| ၉:၁၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိမိန်းမလှလေး" (အပိုင်း-၃၇) |
| ၉:၄၅ | အနုပညာမိုးကောင်းကင် |
| ၁၀:၄၀ | MRTV-4 Stage |
| ၁၁:၀၅ | World Of Knowledge (Megastructures: World Fastest Rollercoaster) |

# ကောလာဟလများကြားက တေလာဆွတ်ဖ်နှင့် လီမင်ဟို





ကမ္ဘာ့ပေါ့ပ်ဂီတ လောက၏ ထိပ်တန်းတေးသံရှင် တစ်ဦးဖြစ်သူ တေလာဆွတ်ဖ်နှင့် တောင်ကိုရီးယား သရုပ်ဆောင်တစ်ဦးဖြစ်သူ လီမင်ဟိုတို့၏ ကောလာဟလများ အွန်လိုင်းပေါ်တွင် ပျံ့နှံ့ခဲ့ပြီးနောက် သရုပ်ဆောင် လီမင်ဟို၏ အေဂျင်စီဖြစ်သည့် အမ်ဝိုင်အမ်မှ အဆိုပါ ကောလာဟလသတင်းများကို ငြင်းဆိုခဲ့သည်။

အဆိုပါသတင်းများတွင် တေလာဆွတ်ဖ်နှင့် လီမင်ဟိုတို့သည် နောက်ထပ် အနုပညာလုပ်ငန်းများ၌ အတူတွဲဖက် လုပ်ကိုင်သွားမည်ဖြစ်ကြောင်းလည်း ပါဝင်ခဲ့သည်။

လီမင်ဟို၏ အေဂျင်စီဖြစ်သည့် အမ်ဝိုင်အမ်မှ "ဒါဟာ အခြေအမြစ်မရှိတဲ့ ကောလာဟလတစ်ပုဒ်ပါ။ လုံးဝမှန်ကန်မှုမရှိပါဘူး။ လီမင်ဟိုနဲ့ တေလာဆွတ်ဖ်တို့ဟာ ခုချိန်ထိ တစ်ခါမှတောင် မတွေ့ဖူးကြပါဘူး" ဟု ကောလာဟလနှင့်ပတ်သက်ပြီး ငြင်းဆိုခဲ့သည်။

ထို့အပြင် လီမင်ဟိုအနေဖြင့် တေလာဆွတ်ဖ်၏ မည်သည့်အနုပညာလုပ်ငန်းများတွင်မှ ပါဝင်ပတ်သက်ခြင်းမရှိဖူးဘဲ အဆိုပါ ကောလာဟလမှာလည်း လုံးဝမှားယွင်းကြောင်း လီမင်ဟိုက အတည်ပြုပေးခဲ့သည်။ F4 ဇာတ်ကားမှ ဂူဂျွန်ပြိုးအဖြစ် မြန်မာရုပ်ရှင်ပရိသတ်များအကြား နေရာယူစိုးမိုးလာခဲ့သူ လီမင်ဟိုသည် City Hunter နှင့် Bounty Hunters ဇာတ်ကားတို့ဖြင့် ထပ်မံနေရာယူလာခဲ့ပြီး ယခုလက်ရှိတွင် The Legend of the Blue Sea အမည်ရှိ တောင်ကိုရီးယား ရုပ်သံဇာတ်လမ်းတွဲတစ်ပုဒ်ကို စပိန်နိုင်ငံ၌ မင်းသမီး ဂျန်ဂျီဟွန်းနှင့်အတူ သွားရောက်ရိုက်ကူးလျက်ရှိသည်။

# ၂၀၁၇ ခုနှစ်၏ ယူရိုဗွီးရှင်းသီချင်းအဆိုပြိုင်ပွဲများကို ယူကရိန်းနိုင်ငံ Kiev မြို့၌ ကျင်းပမည်

၂၀၁၇ ခုနှစ်၏ ယူရိုဗွီးရှင်းသီချင်း အဆိုပြိုင်ပွဲကို ယူကရိန်းနိုင်ငံ၏ မြို့တော် Kiev ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီက စက်တင်ဘာ ဒုတိယပတ်က သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါ သီချင်းအဆိုပြိုင်ပွဲအတွက် နေရာရွေးချယ်ရာ၌ Kiev မြို့က ၁၉ မဲရရှိခဲ့ပြီး Odessa မြို့က နှစ်မဲသာရရှိခဲ့ခြင်းကြောင့် Kiev မြို့၌ ကျင်းပရန်ဆုံးဖြတ်ရခြင်းဖြစ်ကြောင်း ယူကရိန်းအမျိုးသားရုပ်သံကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ဆိုသည်။

၂၀၁၇ ခုနှစ်၏ ယူရိုဗွီးရှင်းသီချင်း အဆိုပြိုင်ပွဲကို Kiev မြို့တွင် ၂၀၀၅ ခုနှစ်က တစ်ကြိမ်ကျင်းပခဲ့ဖူးပြီး ယခုအကြိမ်သည် ဒုတိယအကြိမ်မြောက်ဖြစ်ကာ ပထမအကြိမ်မှ အတွေ့အကြုံများကို စံနမူနာယူကာ





၂၀၁၇ ခုနှစ်တွင် ကျင်းပမည့် ပြိုင်ပွဲအတွက် အစစကြိုတင်ပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

၂၀၁၇ ခုနှစ်တွင် (၆၂)ကြိမ်မြောက် အဆိုပါပြိုင်ပွဲသို့ လာရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင် နှစ်သောင်းသုံးထောင်ကျော် တည်းခိုနိုင်ရန်အတွက် Kiev မြို့ရှိ ဟိုတယ် ၂၆၅ လုံးကို ပြင်ဆင်ထားမည်ဖြစ်ကြောင်း သိရသည်။

အဖြစ် ကျင်းပမည့် အဆိုပါ ယူရိုဗွီးရှင်းသီချင်း အဆိုပြိုင်ပွဲကို ယူကရိန်းနိုင်ငံ Kiev မြို့ရှိ International Exhibition Centre တွင် ကျင်းပသွားမည်ဖြစ်ပြီး ၂၀၁၆ ခုနှစ်အတွက် ပြိုင်ပွဲကို ဆွီဒင်နိုင်ငံ စတော့ဟုမ်းမြို့တော်၌ ကျင်းပခဲ့သည်။

(၆၂)ကြိမ်မြောက် ယူရိုဗွီးရှင်းသီချင်း အဆိုပြိုင်ပွဲအစီအစဉ်များ၏ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ၂၀၁၇ ခုနှစ် မေ ၉ ရက်၊ ၁၀ ရက်နှင့် နောက်ဆုံးအဆင့် ပြိုင်ပွဲများကို ၂၀၁၇ ခုနှစ် မေ ၁၃ ရက်တွင် ကျင်းပသွားရန် စီစဉ်ထားကြောင်း သိရသည်။

# နှစ်ပတ်ကြာ ရုံဝင်ငွေ အားကောင်းနေခဲ့သည့် မင်းသား တွမ်ဟန့်ခ်၏ Sully ဇာတ်ကား

ဟောလိဝုဒ်ဝါရင့် အနုပညာရှင် ကလင့်အိစ်ဝုဒ်က ပူးတွဲထုတ်လုပ်ထားပြီး ရုပ်ရှင်မင်းသား တွမ်ဟန့်ခ် ခေါင်းဆောင်ပါဝင်ထားသည့် Sully ဇာတ်ကားသည် ပြသပြီး ဒုတိယရက်သတ္တပတ်ထိတိုင်အောင် မြောက်အမေရိကရှိ





ရုပ်ရှင်ရုံများ၏ ရုံဝင်ငွေစာရင်းတွင် ထိပ်ဆုံးမှရပ်တည်လျက်ရှိနေသည်။

အတ္ထုပ္ပတ္တိမှတ်တမ်းဇာတ်ကားတစ်ကားဖြစ်သည့် ယင်းဇာတ်ကားကို စက်တင်ဘာလဆန်းပိုင်းမှစတင်ကာ အမေရိကန်ရှိ ရုပ်ရှင်ရုံများတွင် ပြသခဲ့ပြီး ရုံဝင်ငွေကောင်းခဲ့သောဇာတ်ကားတစ်ကားဖြစ်သည်။

စုစုပေါင်း ပြသချိန် တစ်နာရီခွဲခန့် ကြာမြင့်သည့် ယင်းဇာတ်ကားသည် ရိုက်ကူးမှုကုန်ကျငွေ အမေရိကန်ဒေါ်လာ သန်း ၆၀ ကုန်ကျခဲ့သော်လည်း ယခုအချိန်ထိ အမြတ်ငွေရရှိမှုမှာ အမေရိကန်ဒေါ်လာ ၉၃ သန်းကျော်ရရှိနေပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာရုပ်ရှင်ဈေးကွက်ရှိ ထိပ်တန်းရုပ်ရှင်ကား ၁၀ ကားမှာ Bridget Jones's Baby ဇာတ်ကားက ဝင်ငွေ ၈ ဒသမ ၂ သန်းဖြင့်လည်းကောင်း၊ Snowden ဇာတ်ကားက ဝင်ငွေ အမေရိကန်ဒေါ်လာ ၈သန်းဖြင့်လည်းကောင်း၊ Don't Breathe ဇာတ်ကားက ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၆ သန်းဖြင့်လည်းကောင်း၊ When the Bough Breaks ဇာတ်ကားက ဝင်ငွေ အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ သန်းဖြင့်လည်းကောင်း၊ Suicide Squad ဇာတ်ကားက ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ သန်းဖြင့်လည်းကောင်း၊ The Wild Life ဇာတ်ကားက ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၇ သန်းဖြင့်လည်းကောင်း၊ Kubo And The Two Strings ဇာတ်ကားက ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ သန်းဖြင့်လည်းကောင်း၊ Pete's Dragon ဇာတ်ကားက ဝင်ငွေ အမေရိကန်ဒေါ်လာ ၂ သန်းဖြင့်လည်းကောင်း အသီးသီး ရပ်တည်လျက်ရှိနေသည်။

Sully ဇာတ်ကားကို အမေရိကန်နိုင်ငံ၏ ရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည့် (၄၃)ကြိမ်မြောက် Telluride နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင် ပါဝင်ပြသခဲ့ပြီး အပြုသဘောဆောင်သည့် ဝေဖန်ချက်များရရှိခဲ့သော ဇာတ်ကားတစ်ကားလည်း ဖြစ်သည်။

မျိုးစန္ဒာမောင် - စုစည်းသည်



## ခြေချင်းဝတ်ဒဏ်ရာကြောင့် ဟယ်ရီကိန်း နှစ်လကြာအနားယူရမည်

အင်္ဂလန်အသင်းနှင့် စပါးအသင်းတို့၏ တိုက်စစ်မှူးတစ်ဦးဖြစ်သူ ဟယ်ရီကိန်းသည် ခြေချင်းဝတ်ဒဏ်ရာရရှိထားခဲ့ခြင်းကြောင့် နှစ်လကြာအနားယူရမည်ဖြစ်ပြီး နိုဝင်ဘာ ၁၁ ရက်တွင် ဝင်ဘလေကွင်း၌ စကော့တလန်အသင်းနှင့် ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင်လည်း ပါဝင်လာရန်မသေချာသေးကြောင်း သိရသည်။

တိုက်စစ်မှူး ဟယ်ရီကိန်းသည် စပါးအသင်းက ဆန်းဒါးလန်းအသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည့် ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ပြီး အနည်းဆုံးရက်သတ္တခြောက်ပတ်မှ ရှစ်ပတ်အထိ အနားယူရမည်ဖြစ်သည်။ ဆန်းဒါးလန်းအသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် တိုက်စစ်မှူး ဟယ်ရီကိန်း၊ အဲရစ်ဒိုင်ယာနှင့် ဒမ်ဘီလီတို့သည်လည်း ဒဏ်ရာများရရှိခဲ့ကြသည်။

တိုက်စစ်မှူး ဟယ်ရီကိန်းဒဏ်ရာရရှိခဲ့ခြင်းသည် ဗင်းဆင့်ဂျန်ဆင်အတွက် အခွင့်အလမ်းကောင်းတစ်ခုဖြစ်လာခဲ့ပြီး အသက်(၂၂)နှစ်အရွယ်ရှိ ဗင်းဆင့်ဂျန်ဆင်သည် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ပြောင်းရွှေ့ကြေးပေါင် ၁၈ ဒသမ ၅ သန်းဖြင့် စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ဗင်းဆင့်ဂျန်ဆင်သည် တိုက်စစ်မှူး ဟယ်ရီကိန်းရှိနေခြင်းကြောင့် ပွဲထွက်ခွင့်အနှောင့်အယှက်ဖြစ်ခဲ့ရသော်လည်း လက်ရှိတွင် ဟယ်ရီကိန်းဒဏ်ရာရရှိနေသဖြင့် ဂီလ်လင်ဟမ်အသင်းနှင့် ကစားရမည့် အီးအက်ဖ်အယ်လ်ပွဲစဉ်တွင် ပါဝင်ကစားခွင့်ရရှိမည်ဖြစ်သည်။

## ဖီးဂျုံးစ်အား ခေါ်ယူရန် အာဆင်နယ်နှင့် လီဗာပူးအပြိုင်ဖြစ်နေ


အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့သည် ပရီမီယာလိဂ်ပြိုင်ဘက် မန်ယူအသင်း၏ နောက်တန်း ကစားသမား ဖီးဂျုံးစ်အား ခေါ်ယူရန်ပြင်ဆင်လျက်ရှိပြီး လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အပြိုင်ခေါ်ယူရန်ရှိနေကြောင်း သိရသည်။

အသက်(၂၄)နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဖီးဂျုံးစ်သည် ဒူးအရွတ်ဒဏ်ရာရရှိခဲ့ခြင်းကြောင့် နည်းပြသစ် မော်ရင်ဟိုလက်ထက်တွင် တစ်ပွဲမှ ပွဲထွက်ကစားနိုင်ခြင်းမရှိသေးပေ။ သို့ရာတွင် လက်ရှိအနေအထားအရ အောက်တိုဘာလတွင် မန်ယူအသင်းနှင့် ပြန်လည်ပါဝင်လာမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ အာဆင်နယ်အသင်းနှင့် လီဗာပူးအသင်းတို့က ခေါ်ယူရန်စိတ်ဝင်စားနေသော်လည်း နည်းပြမော်ရင်ဟိုကမူ တစ်ပတ်လုပ်ခလစာပေါင် ၁၁၀၀၀၀ ဖြင့် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုရန်နှင့် မန်ယူအသင်း၏ ခံစစ်ပိုင်း ပြင်ဆင်မှုအတွက် ငွေကြေးမြောက်မြားစွာအသုံးပြုမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။

အာဆင်နယ်အသင်းသည် နောက်တန်းခံစစ်ပိုင်းတွင် အားထားရသည့် မာတီဆက်ကာနှင့် ပေါ်လစ္စတာတို့ ဒဏ်ရာပြဿနာကြုံနေခြင်းကြောင့် မန်ယူနောက်တန်းကစားသမား ဖီးဂျုံးစ်အား ခေါ်ယူရန်စိတ်ဝင်စားနေခြင်းဖြစ်သည်။ လက်ရှိတွင် မန်ယူနောက်တန်းကစားသမား ဖီးဂျုံးစ်အား အာဆင်နယ်အသင်းနှင့်အပြိုင် လီဗာပူးအသင်းကလည်း စိတ်ဝင်စားလျက်ရှိပြီး အာဆင်နယ်အသင်းကမူ ပေါင်သန်း ၁၀ ဖြင့် ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။





## အာဆင်နယ်နောက်ခံလူ ဘယ်လာရင်အား မန်စီးတီးနှင့် ဘာစီလိုနာခေါ်ယူမည်

မန်စီးတီးအသင်းနှင့် ဘာစီလိုနာအသင်းတို့သည် အာဆင်နယ်နောက်တန်းကစားသမား ဘယ်လာရင်အား လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် စာချုပ်ချုပ်ဆိုခေါ်ယူမည်ဖြစ်ကြောင်း သိရသည်။

နောက်တန်းကစားသမား ဘယ်လာရင်သည် စပိန်နိုင်ငံ ဘာစီလိုနာမြို့တွင် မွေးဖွားခဲ့ပြီး အသက်(၁၆)နှစ်အရွယ်ဖြစ်သည့် လွန်ခဲ့သောငါးနှစ်က ဘာစီလိုနာအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် ဒန်နီအဲလ်ဗက်သည် ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ခြင်းကြောင့် ဘာစီလိုနာအသင်းသည် ညာနောက်ခံကစားသမားတစ်ဦးလိုအပ်လျက်ရှိရာ အာဆင်နယ်နောက်တန်းကစားသမား ဘယ်လာရင်ကို ပြန်လည်ခေါ်ယူရန် ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းနည်းပြ ဂွာဒီယိုလာကလည်း နောက်တန်းကစားသမား ဘယ်လာရင်အား မန်စီးတီးအသင်းသို့ရောက်ရှိရေး လာမည့်အပြောင်းအရွှေ့ကာလတွင် ခေါ်ယူမည်ဟုဆိုသည်။ ဘယ်လာရင်သည် အသက်(၂၁)နှစ်အရွယ်သာရှိသေးပြီး ပွဲပေါင်း ၈၅ ပွဲပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုးသုံးဂိုးသွင်းယူပေးထားနိုင်သည့် နောက်တန်း ကစားသမားတစ်ဦးဖြစ်သည်။

## မန်ယူအသင်း ပရီမီယာလိဂ်သုံးပွဲဆက်မရှုံးနိုင်ဟု ဖယ်လိုင်နီပြောကြား

မန်ယူအသင်းသည် မတူညီသည့်ပြိုင်ပွဲနှစ်ခုတွင် ရှစ်ရက်အတွင်း ပွဲစဉ်သုံးပွဲရှုံးနိမ့်ခဲ့ရခြင်းကြောင့် ဖယ်လိုင်နီက ပရီမီယာလိဂ်တွင် သုံးပွဲဆက်မရှုံးနိုင်ကြောင်း ၎င်း၏ ယုံကြည်ချက်ကို ဖွင့်ဟပြောကြားခဲ့သည်။

မန်ယူအသင်းသည် ပရီမီယာလိဂ်ပွဲစဉ်(၅)အပြီးတွင် သုံးပွဲနိုင်၊ နှစ်ပွဲရှုံးခဲ့သည်။ ပွဲစဉ်(၁)တွင် ဘုန်းမောက်အသင်းကို သုံးဂိုး-တစ်ဂိုး၊ ဆောက်သမ်တန်အသင်းကို နှစ်ဂိုးပြတ်၊ ဟားစီးတီးအသင်းကို တစ်ဂိုး-ဂိုးမရှိ စသည်ဖြင့် အသီးသီးအနိုင်ရရှိခဲ့ကြပြီး ယူရိုပါလိဂ်ပွဲစဉ်အပါအဝင် နောက်ဆုံးသုံးပွဲဆက်ရှုံးပွဲကြုံခဲ့ရသည်။

မန်ယူအသင်း ရှုံးနိမ့်ခဲ့သည့် ပွဲစဉ်များမှာ စက်တင်ဘာ ၁၀ ရက်က အိမ်ကွင်းအိုးထရက်ဖို့ဒ်၌ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် မန်စီးတီးအသင်းနှင့် မန်ချက်စတာဒါဘီပွဲစဉ်၊ စက်တင်ဘာ ၁၅ ရက်က ကစားခဲ့သည့် ဖီယင်နူအသင်းနှင့် ယူရိုပါလိဂ်ပွဲစဉ်နှင့် စက်တင်ဘာ ၁၈ ရက်က ကစားခဲ့သည့် ဝက်ဖို့ဒ်အသင်းတို့နှင့် ပွဲစဉ်များဖြစ်ပြီး လာမည့်ပွဲစဉ်အဖြစ် မန်ယူအသင်းသည် အီးအက်ဖ်အယ်လ်ပွဲစဉ်အဖြစ် နော့တမ်တန်အသင်းနှင့် ကစားခဲ့သည့်ပွဲစဉ်တွင် တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ မတူညီသည့် ပြိုင်ပွဲသုံးရပ်တွင် သုံးပွဲဆက်ရှုံးနိမ့်ခဲ့ရသော်လည်း ပရီမီယာလိဂ်တွင် သုံးပွဲဆက်မရှုံးနိုင်ကြောင်း မန်ယူကွင်းလယ် ကစားသမား ဖယ်လိုင်နီက ပြောကြားခဲ့သည်။





## အင်တာမီလန်အသင်းမှ ထွက်ခွာမည် မဟုတ်ဟု အိုင်ကာဒီ ဖွင့်ဟ

အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းမှ အသင်းခေါင်းဆောင် အိုင်ကာဒီသည် ပြီးခဲ့သည့်အပြောင်းအရွှေ့ကာလအတွင်းက အင်တာမီလန်အသင်းမှ ထွက်ခွာရန်ချိတ်ဆက်မှုများရှိခဲ့သော်လည်း လက်ရှိတွင် အသင်းမှ ထွက်ခွာတော့မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

အိုင်ကာဒီသည် ၎င်း၏ ဇနီးနှင့်အတူ စပိန်လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန်နီးစပ်မှုရှိခဲ့ကြောင်း သတင်းများထွက်ပေါ်ခဲ့သူဖြစ်ပြီး အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ အပြောင်းအရွှေ့ဆိုင်ရာဆွေးနွေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။ သို့ရာတွင် အိုင်ကာဒီအနေဖြင့် အခြားအသင်းသို့ ပြောင်းရွှေ့ကစားမည်မဟုတ်ဘဲ လက်ရှိကလပ် အင်တာမီလန်အသင်းနှင့် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုမည်ဖြစ်ကြောင်း အိုင်ကာဒီက ပြောကြားခဲ့သည်။

**ငွေကြယ်-စုစည်းသည်။**



# စစ်ကိုင်းမြို့နယ်အတွင်းရှိ ကျေးလက်ဒေသများ၌ လမ်းတံတားများ ဆောက်လုပ်ခြင်းလုပ်ငန်းအား ငွေကျပ် ၂၉၉ ဒသမ ၇၂၉ သန်းဖြင့် ဆောင်ရွက်

**စစ်ကိုင်း စက်တင်ဘာ ၂၀**
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန စစ်ကိုင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး သွားလာရေးလွယ်ကူစေရန်နှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်စေရန် ရည်ရွယ်၍ ကျေးရွာလမ်းများဖောက်လုပ်ခြင်း၊ ကျေးရွာချင်းဆက် လမ်းတံတားများ ဆောက်လုပ်ခြင်းအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာပေါင်း ၁၂ ရွာတွင် ငွေကျပ် ၂၉၉ ဒသမ ၇၂၉ သန်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေဖြင့် ရုံးပင်ကန် - ဝက်သားပုတ်လမ်း (၀/၃ ဒသမ ၇၈)မိုင် ကျောက်ခင်းခြင်း၊ ကျော်ဇေယျာ - အုန်းနွံပင်လမ်း (၀/၃ ဒသမ ၇၈)မိုင် ကျောက်ခင်းခြင်း၊ ညောင်ပင်ရှည်ရွာအဝင်လမ်း(၀/၀ ဒသမ ၆၈)မိုင် မြေသားလမ်းခင်းခြင်းတို့ ဆောင်ရွက်ပြီးစီးခဲ့ပြီး မအူပင် - ပဲကတိုးလမ်း (၁/၀) မိုင် မြေသားလမ်းခင်းခြင်း၊ သာဇင်-ဘူးစင်ပင်လမ်း (၀/၃ ဒသမ ၂)မိုင် ကျောက်ချောခင်းခြင်း ၊ နံ့တွင်း-လယ်ကြီးလမ်း(ကတ္တရာ ၂၇ ဒသမ ၅၇)တန်ခင်းခြင်း၊ ကင်း - ထုံးဘိုလမ်း (၀/၄. ၅၅)မိုင် ကျောက်ခင်းခြင်း၊ မောင်းထောင်-ညောင်ပင်ဝန်းလမ်း (၁/၃ ဒသမ ၇၈) မိုင် ကျောက်လမ်းခင်းခြင်း၊ ထန်းတောဆိပ်-မင်းရွာလမ်း(၁/၃ ဒသမ ၈၂) မိုင် မြေသားလမ်းခင်းခြင်း၊ တလိုင်းကျွန်းရွာအဝင် တံတားဘဲတောင်ပြုပြင်ခြင်းနှင့် ကင်း - ထုံးဘိုလမ်းပေါ်ရှိ ရေကျော်တံတား ၁၄ စင်းတို့ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမှာဖြစ်၍ ပစ္စည်းများစုဆောင်းထားရှိပြီးဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးမွန်ထက်က ပြောကြားခဲ့သည်။

လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများသည် စစ်ကိုင်းမြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာပေါင်း ၁၁ ရွာရှိ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကျေးလက်နေပြည်သူများထံသို့ သွားရောက်၍ ကွင်းဆင်းစစ်ဆေး ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မွမ်းမံရန်ပုံငွေဖြင့်လည်း မအူပင်-ပဲကတိုး လမ်းပေါ်ရှိ အုတ်ခုံခံ သံပေါင်ရက်မ သစ်သားတံတား ဆောင်ရွက်ခြင်းအတွက် ငွေကျပ် ၃၆ ဒသမ ၇၅ သန်း အကုန်အကျခံ ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

# ထောက်ကြံ့မြို့ ပုပ္ပားကျောင်းတိုက်၌ (၆၄) ကြိမ်မြောက် အဓိဋ္ဌာန်အောင်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**
ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့မြို့ ပုပ္ပားကျောင်းတိုက်၏ ပဓာနနာယက မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိစ္စ ဆရာတော်ကြီးက ကြီးမှူး၍ အနန္တော အနန္တငါးပါး ပူဇော်ပွဲ၊ ခင်ပွန်းကြီး ၁၀ ပါးပူဇော်ပွဲ၊ ဒုလ္လဘရဟန်းခံပွဲ၊ သက်ကြီးအဘိုးအဘွားပူဇော်ပွဲ၊ သတ္တဝါများဘေးမဲ့လွှတ်ပွဲ၊ ပါရမီ ၁၀ ပါးပြုကျင့်ပွဲ၊ မဟာသတိပဋ္ဌာန် ဝိပဿနာတရားစခန်းဖွင့်ပွဲနှင့် (၆၄)ကြိမ်မြောက် အဓိဋ္ဌာန်အောင်ပွဲများကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက အဆိုပါ ကျောင်းတိုက်၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။

သက်ကြီးဘိုးဘွားများနှင့် ပရိသတ်များအား နံနက်စာ အာဟာရဒါန သက်သတ်လွတ်ထမင်းများ ကျွေးမွေးသည်။ အသက် ၇၆ နှစ်နှင့်အထက် ဘိုးဘွား ၈၁ ဦးအား ဆရာတော်က ဝတ်စုံနှင့် စောင်စသည့် အသုံးအဆောင်ပစ္စည်းများ၊ ဆေးဝါးများလှူဒါန်းပေးသည်။

ဆက်လက်၍ သတ္တဝါများအား ဘေးမဲ့လွှတ်ကာ ဒုလ္လဘရဟန်း အပါး ၁၃၀ အား သိမ်ဆင်းလောင်းလှူပြီး ခင်ပွန်းကြီး ၁၀ ပါး ပူဇော်ကြကာ အဘဘိုးမင်းခေါင်ထွက်တော်မူသော(၆၄) ကြိမ်မြောက် အဓိဋ္ဌာန်အောင်ပွဲ ကျင်းပကြောင်း သိရသည်။

**(၁၉၇)**

# တာကြီးရပ်ကွက်ရှိ တွံတေးတူးမြောင်းဘေး မြစ်ကမ်းပါးများပြိုကျမှု အခြေအနေအား လွှတ်တော်ကိုယ်စားလှယ်များ သွားရောက်ကြည့်ရှု

**ဒလ စက်တင်ဘာ ၂၀**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် တာကြီးရပ်ကွက်အတွင်းရှိ တွံတေးတူးမြောင်း မြစ်ကမ်းနားတစ်လျှောက် မြစ်ရေတိုက်စား၍ မြေပြိုကျမှုများ အဆက်မပြတ် ဖြစ်ပွားနေကြောင်း ဒေသခံပြည်သူများမှ ပေးပို့သော Hot Line သတင်းအရ ဒလမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ စိန်မြအေး၊ တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ တိုင်းဒေသကြီးအမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၁၇ ရက် မွန်းတည့် ၁၂ နာရီက သွားရောက်ကြည့်ရှုခဲ့ကြသည်။



တွံတေးတူးမြောင်းဘေး မြစ်ရေတိုက်စား၍ ကမ်းပါးပြိုကျမှုများကြောင့် အသက်အန္တရာယ် စိုးရိမ်နေရသော တာကြီးရပ်ကွက်အတွင်း ကမ်းနားလမ်းတွင်နေထိုင်သော မရွှေဝါက "ကျွန်မတို့ ဒီကမ်းနားမှာ နေထိုင်လာတာ ၁၅ နှစ်ကျော်ပြီ ကမ်းပါးပြိုတာ တစ်ခါမှ မတွေ့ဖူးဘူး၊ နည်းနည်းပဲဖြစ်တာ၊ ဒီနှစ်ဇွန်၊ ဇူလိုင်လကတည်းက ဆက်တိုက်ဖြစ်နေတာ၊ တူးမြောင်းအတွင်းကို သင်္ဘောတွေ၊ စက်သမ္ဗာန်တွေ၊ စက်လှေတွေ အလွန်မောင်းတာ လှိုင်းကြီးတော့ မြစ်ကမ်းနားက မခံနိုင်တော့ဘူး၊ တဖြည်းဖြည်းပြိုကျနေတာ၊ ညဘက်အိပ်ရင်လည်း နိုးနိုးကြားကြားအိပ်နေရတယ်၊ အိမ်မှာ ကလေးလေးယောက်ရှိတော့ ညဘက် လှိုင်းသံကြောင့် အိပ်မရဘူး၊ ကျွန်မတို့နေလာတာကြာပြီ ဘယ်ကိုမှ မပြောင်းချင်ဘူး၊ ဒီမှာ လုပ်ကိုင်စားသောက် ရတာ အဆင်ပြေတယ်"ဟု ပြောသည်။

ရာအိမ်မှူး ဦးစိန်ဟန်က "ကျွန်တော်တို့ ၂၀၁၅ ခုနှစ် အောက်တိုဘာလက မြစ်ကမ်းပါးတစ်လျှောက် ပေ ၄၀၀ ခန့် တာတမံတည်ဆောက်ပြီး ကြိုတင်ကာကွယ်ထားတယ်။ ခုဆိုရင် တာတွေကျိုး၊ မြေကြီးတွေ အက်ကွဲပြီး ပြိုကျနေတာ တစ်မိုင်ခွဲ နီးပါးခန့်ရှိတယ်။ အကျယ် ပေ ၅၀ ခန့် ပြိုကျ ပျက်စီးနေတယ်။ မြစ်ရေတိုက်စားလို့ ကမ်းနားနေတဲ့ နေအိမ် ခုနစ်လုံးကို ၁၀ ပေခန့် အရှေ့တိုးပြီး တည်ဆောက်ထားရတယ်။ အချိန်မီ မတားနိုင်ရင် ဒီကမ်းပါးနားမှာနေထိုင်တဲ့ ပြည်သူတွေ ဒုက္ခရောက်ကုန်လိမ့်မယ်" ဟုပြောသည်။

မြစ်ကမ်းပါး ပြိုကျပျက်စီးမှုများကြောင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ စိန်မြအေး၊ တိုင်းဒေသကြီး အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးထွန်းရင်၊ အမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးထွေးတင်တို့က တာကြီးရပ်ကွက်၊ တွံတေးတူးမြောင်းဘေးတွင် နေထိုင်ကြသော မိသားစုများ၊ အိမ်ထောင်စုများနှင့်တွေ့ဆုံ၍ ဆောင်ရွက်ပေးနိုင်မှုအခြေအနေများအား ဖြေကြားနှစ်သိမ့်ပေးခဲ့ကြောင်းသိရသည်။

အဆိုပါ တာကြီးရပ်ကွက်တွင် အိမ်ခြေ ၁၀၁၁ ကျော်၊ လူဦးရေ ၄၀၆၇ ဦးခန့်ရှိပြီး မြစ်ကမ်းနားတွင် နေထိုင်သော အိမ်ခြေ ၉၀ ခန့်ရှိကြောင်း၊ တွံတေးတူးမြောင်း မြစ်ကမ်းပါးဘေး ပြိုကျပျက်စီးမှုကြောင့် ပျက်စီးသွားသော နေအိမ် ခုနစ်အိမ်ရှိကြောင်း၊ မြစ်ကမ်းပါး ပြိုကျမှုများကြောင့် မြစ်ကမ်းပါး အနီးတွင်နေထိုင်ကြသော ဒေသခံပြည်သူများ၏ အသက်ဆုံးရှုံးမှု မရှိသေးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၏ ပြောကြားချက်အရ သိရသည်။

**နိုင်လင်းကျော်(ပြန်/ဆက်)**

# စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲနှင့် မိုးစပါး တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲနည်း ပညာပေးဆွေးနွေး

**ဘူးသီးတောင် စက်တင်ဘာ ၂၀**
စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲကို စက်တင်ဘာ ၁၈ ရက် နံနက်ပိုင်းက ဘူးသီးတောင်မြို့နယ် လက်ဝဲဒက်ပြည်ရှည်ကျေးရွာအုပ်စုရှိ ကွင်းအမှတ် (၂၇၀ - E) တောင်သူပညာပေး စံပြကွက် ၁၀ ဧကအတွင်း ပြုလုပ်ရာ တောင်သူများ စုပေါင်းဓာတ်မြေဩဇာကြဲပက်နေမှုကို မောင်တောခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးသာကျော်၊ ဘူးသီးတောင်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးမောင်မောင်ညီနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် မိုးစပါး တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲနည်း ပညာပေးဆွေးနွေးပွဲကို အဆိုပါကျေးရွာ၌ ဆက်လက်ကျင်းပရာ တက်ရောက်လာသော တောင်သူများအား မောင်တောခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးသာကျော်က ဓာတ်မြေဩဇာ စနစ်တကျ ထိရောက်စွာသုံးစွဲနည်းနှင့် စုပေါင်းဓာတ်မြေဩဇာကြဲပက်ပွဲ ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်များအား ရှင်းလင်းဆွေးနွေးပြီး ဘူးသီးတောင်မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးညီညီမောင်က တောင်သူများအား စပါးပင်ကြီးထွားမှုအဆင့်အလိုက် ထိန်းသိမ်းပြုစုရမည့် နည်းပညာရပ်များကို ကွင်းအတွင်း ပညာပေးဆွေးနွေးခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ ဘူးသီးတောင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်လတ်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မောင်တောခရိုင်စိုက်ပျိုးရေး ဦးစီးဌာနနှင့် ဘူးသီးတောင်မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့မှ တာဝန်ရှိသူများ၊ မျိုးသန့်စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများနှင့် ဒေသခံတောင်သူများ တက်ရောက်ကြပြီး ယခုနှစ်တွင် မိုးစပါး (ကွင်းပိတ်) စိုက်ဧကပေါင်း ၇၈၂၄၉ ဧက ရှိကြောင်း သိရသည်။

**ဘူးသီးတောင်မြို့နယ် ပြန်/ဆက်**

# အထောက်အကူပြုအသက်မွေးဝမ်းကျောင်း အခြေခံစက်ချုပ်သင်တန်းဖွင့်လှစ်

**ကွမ်းလုံ စက်တင်ဘာ ၂၀**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးနှင့် အလုပ်လက်မဲ့မရှိစေရေးအတွက် အထောက်အကူပြု အသက်မွေးဝမ်းကျောင်း အခြေခံစက်ချုပ်သင်တန်းကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက သံလွင်ဦးခန်းမ၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းလုမ်ဆန်းသစ်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းကို ကွမ်းလုံမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသူ ၄၀ တက်ရောက်ကာ သင်တန်းကာလအနေဖြင့် တစ်လဖြစ်ပြီး အဆင့်မြင့်သင်တန်းကိုလည်း ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မိုင်းနိုင်ဇော်**(iprd)



## အစားထိုးသီးနှံမြေပဲမျိုးစေ့နှင့်ဓာတ်မြေဩဇာများပေးအပ်

**တွန်းဇံ စက်တင်ဘာ ၂၀**

ချင်းပြည်နယ် ဖလမ်းခရိုင် တွန်းဇံမြို့နယ်၌ အစားထိုးသီးနှံစိုက်ပျိုးရန် ဆောင်းမြေပဲမျိုးစေ့နှင့် ဓာတ်မြေဩဇာများ အခမဲ့ဖြန့်ဝေပေးအပ်ပွဲကို စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီခွဲက တွန်းဇံမြို့နယ် ဆွောင်းပက်ကျေးရွာအုပ်စု ခွမ်နွဲကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။

ယင်းပေးအပ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ဖလမ်းခရိုင်ဦးစီးမှူး ဦးမင်းနိုင်နှင့် တွန်းဇံမြို့နယ်ဦးစီးမှူး ဦးကိုဆန်းတို့က တွန်းဇံမြို့နယ် ခွမ်နွဲကျေးရွာရှိ တောင်သူ ၅၀ ဦးထံသို့ ဆောင်းမြေပဲမျိုးစေ့ ၁၅၀ တင်းနှင့် ဓာတ်မြေဩဇာ ၅၀ အိတ်တို့ကို အသီးသီးဖြန့်ဝေပေးအပ်ခဲ့ကြသည်။

တွန်းဇံမြို့နယ်တွင် အဆိုပါအစားထိုးသီးနှံများအဖြစ် ဆောင်းမြေပဲသီးနှံမျိုးစေ့များ၊ ဓာတ်မြေဩဇာများကို တောင်သူများအား အခမဲ့ဖြန့်ဖြူးပေးခြင်းဖြင့် ဒေသခံပြည်သူများ၏ ဝမ်းစာဖူလုံရေးကို များစွာအထောက်အကူပြုမည်ဖြစ်ပြီး တောင်သူများ၏ စိုက်ပျိုးနည်းစနစ်များမှန်ကန်ရေး၊ သီးနှံပိုးမွှားများ အန္တရာယ်ကာကွယ်နိုင်ရေး၊ သီးနှံအထွက်တိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာနိုင်ရေးတို့အတွက် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးသင်တန်းများကိုလည်း ဆက်လက်ပို့ချပေးလျက်ရှိကြောင်း သိရသည်။ **ဂျိုးနက်**

## ရဲတပ်ဖွဲ့ဝင်များပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**အင်္ဂပူ စက်တင်ဘာ ၂၀**

ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် အမှတ်(၂)ရပ်ကွက်အတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီမြတ်ကြီး၏ ပရဝုဏ်အတွင်းတွင် စက်တင်ဘာ ၁၈ ရက် နံနက် ၆ နာရီခွဲက (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အင်္ဂပူမြို့နယ်ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်ခြင်းကို အင်္ဂပူမြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးစိုးမင်း၊ မြို့မစခန်းမှူး ဒုရဲမှူးစသိန်းဆွေတင့်တို့ ဦးဆောင်ပြီး ရဲတပ်ဖွဲ့ဝင် ၅၀ တို့ဖြင့် သမိုင်းဝင်ရွှေဆံတော်စေတီမြတ်ကြီး၏ ရင်ပြင်တော်သန့်ရှင်းရေးပြုလုပ်ခြင်း၊ ဘုရားပရဝုဏ်အတွင်း ပေါင်းမြက်များရှင်းလင်းခြင်းစသော ပြည်သူ့အကျိုးပြုလုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

# ရေကောင်းရေသန့်ရရှိရေး စက်ရေတွင်း တွင်းနက်တူးဖော်



**ကလေး စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ လှိုင်သာယာရပ်ကွက်တွင် နွေရာသီကာလအတွင်း သောက်သုံးရေပြတ်လပ်မှုမရှိစေရေးအတွက် ကလေးမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် တက္ကသိုလ်မုခ်ဦးကျောင်းဝင်းအတွင်း၌ စက်ရေတွင်းတူးဖော်ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၇ ရက်က ရေတွင်းအနက်ပေ ၂၁၃ ပေအထိ ရောက်ရှိတူးဖော်လျက်ရှိပြီး ရေကောင်းရေသန့်ရရှိသည်အထိ ဆက်လက်တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကလေးမြို့ လှိုင်သာယာရပ်ကွက်အတွင်း ယခင်ကတွင်းတိမ်အများအပြားတူးဖော်ခဲ့သော်လည်း မြေသားအောက်တွင် ကျောက်များခံနေမှုကြောင့် မြေအောက်ရေမရရှိနိုင်ဘဲ ခါးရေကြောသာရရှိပြီး နွေရာသီ၌ ရေများခမ်းခြောက်၍ သောက်သုံးရေပြတ်လပ်မှုများ မကြာခဏကြုံတွေ့လျက်ရှိကြရာ အထူးသဖြင့် ယခင်နှစ် ကလေးဒေသရေကြီးရေလျှံမှုဖြစ်ပွားပြီးနောက် သောက်သုံးရေပြတ်လပ်မှုများ ပိုမိုကြုံတွေ့လာရသည့်အတွက် ယခုအချိန်တွင် ကလေးမြို့နယ်စည်ပင်သာယာရေးကော်မတီမှ စက်ယန္တရားကြီးဖြင့် စက်ရေတွင်း တွင်းနက်တူးဖော်ပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **ချင်းတွင်းသား**

## နွားထိုးကြီးမြို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်သီတင်းသုံးရာ မှန်ကျောင်း၌ သိမ်းဆည်းထားသော ပေပုရပိုက်နှင့် ပစ္စည်းများပြန်လည်အပ်နှံ

**နွားထိုးကြီး စက်တင်ဘာ ၂၀**

၂၀၁၆-ခုနှစ်စက်တင်ဘာ ၁၇ ရက်နံနက် ၁၀ နာရီက နွားထိုးကြီးမြို့ မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်သီတင်းသုံးရာ မှန်ကျောင်း၌ မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်သာသနာရေးဦးစီးမှူးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီများ၊ ဆူးဖြူကုန်းကျေးရွာအုပ်စု၊ နဘူးတော(မ)ကျောင်းတိုက်နှင့်ပတ်သက်သည့် စောဒက၊ စုတိဒကဆရာတော်နှစ်ပါးစုံညီတွေ့ဆုံ၍ နိုင်ငံတော်သံဃဝိနိစ္ဆယအဖွဲ့ဆုံးဖြတ်ချက်အပေါ် နိုင်ငံတော်ဩဝါဒါစရိယအဖွဲ့၏ အတည်ပြုပြန်ကြားလွှာလျှောက်ထားခြင်းအခမ်းအနား ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ် သံဃနာယကဥက္ကဋ္ဌဆရာတော်မှ ဩဝါဒစကားမိန့်ကြားပြီး တိုင်းသာသနာရေးဦးစီးမှူး ဦးစီးအရာရှိ ဦးအောင်ပြည့်ဖြိုးမှ ဝိနိစ္ဆယအဖွဲ့ဆုံးဖြတ်ချက်၊ နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ အမှတ် (၁၅/၂၀၁၅) ၏ ၁၃၇၇ ခုနှစ် ဝိနည်းဓမ္မကံအဓိကရုဏ်း မှုခင်းအမှတ် (၄၈/၂၀၁၆) ဆုံးဖြတ်ချက်နှင့် နိုင်ငံတော် ဩဝါဒစရိယဆရာတော်များ၏ သဘောထားပြန်ကြားချက်များလျှောက်ထားခြင်း၊ စောဒက၊ စုတိဒကဆရာတော်များမှ သိရှိကြောင်းလက်မှတ်ရေးထိုးပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်က နိဂုံးချုပ်ဩဝါဒစကားမိန့်ကြားခဲ့သည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်နှင့် တာဝန်ရှိသူများသည် ဆူးဖြူကုန်းကျေးရွာအုပ်စု နဘူးတော(မ) ဘုန်းကြီးကျောင်းသို့ရောက်ရှိပြီး ကျောင်းထိုင်အဖြစ် ကျောင်းတိုက်ထိန်းသိမ်းစောင့်ရှောက်ခွင့်ရရှိသော စုတ်ဒက နဘူးတော(မ)ကျောင်းဆရာတော်အရှင်ဓမ္မပါလထံသို့ ချိတ်ပိတ်ထားသည့် ကျောင်းဖွင့်လှစ်အပ်နှံပြီး မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်ထံတွင် သိမ်းဆည်းထားသော ပေပုရပိုက်နှင့် ပစ္စည်းများ ပြန်လည်အပ်နှံပေးခဲ့သည်။

မြို့နယ်သံဃနာယကဥက္ကဋ္ဌဆရာတော်က အရှင်ဓမ္မပါလအား ဩဝါဒစကားမိန့်ကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်၊ ခရိုင်သာသနာရေးဦးစီးမှူး ဦးဌေးမြင့်တို့က ကျေးရွာပြည်သူများအား တရားဥပဒေစိုးမိုးရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုထိန်းသိမ်းစောင့်ရှောက်ရေး၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သန်းအောင်ဇော်**

# ဦးအောင်ဇေယျရုပ်တု စုပေါင်းကားဝင်းရှေ့၌ ပြန်လည်စိုက်ထူ



**ရွှေဘို စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၏ လမ်းညွှန်မှုဖြင့် ရွှေဘိုမြို့ စုပေါင်းကားဝင်းရှေ့တွင် ယခင်စိုက်ထူထားသော ဦးအောင်ဇေယျရုပ်တုအစား ရုပ်တုအသစ်ပြန်လည်စိုက်ထူပွဲအခမ်းအနားကို စက်တင်ဘာလ ၁၅ ရက် နံနက် ၁၀ နာရီက ပြုလုပ်ရာ ရွှေဘိုခရိုင် မြို့နယ်ဌာနဆိုင်ရာများ၊ မြို့သူ၊ မြို့သားများ တက်ရောက်ကြည့်ရှုခဲ့သည်။

စုပေါင်းကားဝင်းရှေ့ရှိ ယခင် ဦးအောင်ဇေယျရုပ်တုမှာ အမြင့် ၆ ပေသာရှိသဖြင့် ယခုရုပ်တုကို မန္တလေးမြို့ တမ္ပဝတီရပ် ပုံတူပန်းပုပညာရှင် ဦးထွန်းကြွယ် (စေတနာ) က အမြင့် ၁၂ ပေ၊ တန်ချိန် ၂ တန်ခန့်ရှိ အာရ်စီကွန်ကရစ်ရုပ်တုကို ထုလုပ်ပြီး စိုက်ထူတာဖြစ်ကြောင်း၊ ယခင်ဦးအောင်ဇေယျ ရုပ်တုအား ရန်ကြီးအောင်ပန်းခြံတွင် ပြန်လည်စိုက်ထူသွားမည်ဖြစ်ကြောင်း သိရသည်။

တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျရုပ်တုကို ယခုလို အများမြင်သာတဲ့နေရာမှာ ထည်ထည်ဝါဝါ ပြန်လည်စိုက်ထူပေးတဲ့အတွက် ရွှေဘိုမြို့ရဲ့ ဂုဏ်ကျက်သရေကိုလည်းဆောင်ကြောင်း၊ ရွှေဘိုမြို့တွင် ဦးအောင်ဇေယျရုပ်တုကို နန်းတော်ထဲတွင်တစ်ခု၊ ရွှေဘိုမြို့အရှေ့ဘက်(ကျောက်မြောင်းမြို့ထွက်) တွင်တစ်ခု၊ စုပေါင်းကားဝင်းရှေ့တွင် တစ်ခုနှင့် ပန်းခြံတွင်တစ်ခု စုစုပေါင်း ရုပ်တုလေးခုရှိကြောင်းဒေသခံတစ်ဦးက ပြောသည်။ **ခင်ဦးစိုးဝေ**

## မူခင်းကျဆင်းရေးအတွက် အသိပညာပေးရွှေ့လျားယာဉ်ဖြင့် မန္တလေးဈေးချိုနှင့် လူစည်ကားရာနေရာများတွင်ပြသ

**မန္တလေး စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရပ်ရွာအေးချမ်းသာယာရေး၊ မှုခင်းကျဆင်းရေး၊ အများပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများအား မှုခင်းပညာပေးနိုင်ရန်ရည်ရွယ်၍ မှုခင်းဆိုင်ရာအသိပညာပေးပြခန်းယာဉ်သည် စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၈၄ လမ်း၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား ဈေးချိုနာရီစင်အနီးနှင့် လူစည်ကားရာနေရာများတွင် ပြသခဲ့သည်။

မှုခင်းအသိပညာပေးရွှေ့လျားပြခန်းယာဉ်တွင် မှုခင်းအသိပညာပေးမှတ်တမ်းဓာတ်ပုံများ၊ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေးပိုစတာများ၊ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဓာတ်ပုံများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကို ပြသထားသည်။ မှုခင်းအသိပညာပေးယာဉ်ကို ဒေသခံပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစားကြည့်ရှုလေ့လာကြရာ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူများက ရှင်းလင်းပြသခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

ယင်းသို့ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးက "မှုခင်းအသိပညာပေးရွှေ့လျားပြခန်းယာဉ်ဖြင့် မန္တလေးမြို့ရှိ ကျောင်းသား၊ ကျောင်းသူများ၊ ပြည်သူတွေ အသိပညာဗဟုသုတရရှိစေရေးအတွက် ဖြစ်ရပ်မှန် လူကုန်ကူးမှုများ၊ လူကုန်ကူးခံရသူများ၊ မူးယစ်ဆေးဝါးရောင်းဝယ်သုံးစွဲကြသူများ၏ ဘဝနိဂုံးမှတ်တမ်းများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းမလိုက်နာသူများနှင့် ယာဉ်မဆင်မခြင်မောင်းနှင်သူများကြောင့် အဖြစ်ဆိုးများကြုံတွေ့ရသူများ၏ မှတ်တမ်းဓာတ်ပုံများ ပြသထားပါတယ်"ဟု ပြောသည်။

မှုခင်းကျဆင်းရေးအတွက် အသိပညာပေးရွှေ့လျားယာဉ်ပြသရာသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် အစိုးရအဖွဲ့အစည်းဝင်များ လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**

## တာချီလိတ်၌ ဇီကာဗိုင်းရပ်(စ်) ကြိုတင်ကာကွယ်ရေး ခြင်ဆေးဖျန်းခြင်းဆောင်ရွက်

**တာချီလိတ် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့နှင့် နီးစပ်လျက်ရှိသည့် ထိုင်းနိုင်ငံတွင် ဇီကာဗိုင်းရပ်စ်တွေ့ရှိသည့် သတင်းများထွက်ပေါ်လာမှုအရ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတစ်ရပ်အဖြစ် ခြင်ဆေးဖျန်းခြင်းကို မြို့နယ်စည်ပင်သာယာရေးဌာန၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များပူးပေါင်း၍ လူဝင်လူထွက်များရာနေရာများတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် မြို့နယ်အကောက်ခွန်ဦးစီးဌာနမှူးရုံး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံး၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတို့ရှိ ရုံးများနှင့် နေအိမ်လိုင်းခန်းများတွင် ခြင်ဆေးဖျန်းခြင်း ၊ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို စက်တင်ဘာ ၁၆ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ ဇီကာဗိုင်းရပ်စ် ကာကွယ်ရေးလုပ်ငန်းများအား ဌာနဆိုင်ရာများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ လူနေထူထပ်သည့် နေရာများ၊ နယ်စပ်အဝင်အထွက်များတွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**

## ဧရာဝတီကမ်းလွန်ထောက်ပံ့ပို့ဆောင်ရေး စီမံကိန်းအတွက် လွှတ်တော်ကိုယ်စားလှယ်များနှင့်ဒေသခံပြည်သူများတွေ့ဆုံ

**ငရုတ်ကောင်း စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငရုတ်ကောင်းမြို့ နံ့သာပုကျေးရွာအုပ်စုရှိ အောင်သုခဘုန်းတော်ကြီးကျောင်းဓမ္မာရုံတွင် ဧရာဝတီကမ်းလွန်ထောက်ပံ့ပို့ဆောင်ရေး စီမံကိန်းလုပ်ငန်းအတွက် လွှတ်တော်ကိုယ်စားလှယ်များ နှင့်ဒေသခံ ပြည်သူများ တွေ့ဆုံဆွေးနွေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက် နံနက် ၁၁ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် ငရုတ်ကောင်းမြို့အုပ်ချုပ်ရေးမှူး ဦးကျော်ဇင်လင်းက တက်ရောက်လာသော ပြည်သူများအား ၎င်းစီမံကိန်းနှင့်သက်ဆိုင်သော အကြောင်းအရာများကို အပြန်အလှန်ဆွေးနွေးတင်ပြကြရန်ပြောကြားခဲ့သည်။

ယင်းနောက် ပြည်သူ့ငွေစာရင်းစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်သူထွေးနှင့် မြေယာ၊ ဒေသလူမှုစီးပွားစုံစမ်းဖော်ထုတ်ရေးအဖွဲ့ဝင်များက (SIM ) ကုမ္ပဏီ၏ ဧရာဝတီကမ်းလွန်ထောက်ပံ့ပို့ဆောင်ရေးစီမံကိန်း လုပ်ငန်းများလုပ်ဆောင်မည့်အခြေအနေ၊ လမ်းပန်းဆက်သွယ်မှု၊ ပစ္စည်းသိုလှောင်ရုံ၊ ဝန်ထမ်းများနေထိုင်မည့် အဆောက်အအုံတည်ဆောက်နိုင်ရေးလုပ်ငန်းများအခြေအနေတို့နှင့်ပတ်သက်၍ ချပြဆွေးနွေးသဘောထားရယူသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့သည်။

ထို့နောက် စီမံကိန်းနှင့်ပတ်သက်၍ ဒေသခံပြည်သူ ခုနစ်ဦးတို့မှ လွှတ်တော်ကိုယ်စားလှယ်များနှင့် အပြန်အလှန်ဆွေးနွေးတင်ပြခဲ့ကြသည်။

ဒေသခံပြည်သူများဆွေးနွေးတင်ပြမှုများအပေါ် (SIM) ကုမ္ပဏီမှ တာဝန်ရှိသူ ဦးအောင်မင်းဟန်က ပြန်လည်ရှင်းလင်း ပြောကြားခဲ့သည်။

**ဖြိုးမောင်မောင်(ပြန်/ဆက်)**

## ADB Project ဖြင့် လုပ်ဆောင်သော ထရန်စဖော်မာ တပ်ဆင်ပြီးစီးသည့် မြို့နယ်များတွင် လျှပ်စစ်ဓာတ်အား စတင်အသုံးပြု

**မုံရွာ စက်တင်ဘာ ၂၀**

လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ ရွှေဘို၊ အရာတော်၊ ကသာ၊ ကောလင်း ကလေးမြို့တို့တွင် လျှပ်စစ်ဓာတ်အားကို အပြည့်အဝသုံးစွဲနိုင်ရေးအတွက် ADB Project ဖြင့် ၃၃/၁၁ ကေဗွီ ဓာတ်အားခွဲရုံတည်ဆောက်ခြင်း၊ ၁၁/သုည ဒသမ ၄ ထရန်စဖော်မာများ တပ်ဆင်ခြင်း၊ သစ်သားတိုင်များနေရာတွင် ကွန်ကရစ်ဓာတ်တိုင်များ အစားထိုးခြင်း၊ လျှပ်စစ်လိုင်းကြိုးများ အဆင့်မြှင့်တင်တပ်ဆင်ခြင်းများကို လုပ်ဆောင်ပေးလျက်ရှိရာ ထရန်စဖော်မာတပ်ဆင်ပြီးစီးသည့် မြို့နယ်များတွင် လျှပ်စစ်ဓာတ်အားများ စတင်အသုံးပြုနေပြီကြောင်း တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

လျှပ်စစ်ဓာတ်အားကို အပြည့်အဝသုံးစွဲနိုင်ရေးအတွက် ADB Project ဖြင့်၃၃/၁၁ ကေဗွီ၊ (၁၀) အမ်ဗွီအေဓာတ်အားခွဲရုံတစ်ရုံအသစ်တည်ဆောက်ပေးခြင်း၊ ၁၁/သုည ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ၃၃ လုံးတို့ကို အသစ်ထပ်မံတပ်ဆင်ပေးခြင်း၊ ဟောင်းနွမ်းနေသောသစ်သား၊ သံဓာတ်တိုင်များနေရာတွင် ကွန်ကရစ်ဓာတ်တိုင်များ အစားထိုးစိုက်ထူပေးခြင်း၊ ၄၀၀ ဗို့ လိုင်းကြိုးများနေရာများတွင် ABC Cable ကြိုးများအစား ထိုးတပ်ဆင်ခြင်း လုပ်ငန်းများ လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

လုပ်ငန်းတွေကိုတော့ ဇွန်လဆန်းပိုင်းက စတင်လုပ်တာပါ။ အခုထရန်စဖော်မာ တပ်ဆင်ခြင်းလုပ်ငန်းတွေကို လုပ်ဆောင်နေပါတယ်။ ၁၁/သုည ဒသမ ၄ ကေဗွီနဲ့ ၂၀၀ ကေဗွီအေ ထရန်စဖော်မာ တည်ဆောက်ပြီးစီးမှုအနေနဲ့ စစ်ကိုင်းမြို့၊ ကလေးမြို့မှာ ၁၀၀ ရာခိုင်နှုန်း၊ မုံရွာမြို့တွင် ၈၀ ရာခိုင်နှုန်း၊ ရွှေဘိုမြို့တွင် ၆၀ ရာခိုင်နှုန်း၊ ကသာမြို့တွင် ၂၅ ရာခိုင်နှုန်းပြီးစီးပါပြီ၊ မုံရွာမြို့နယ် မြေနဲ့ကျေးရွာမှာ တည်ဆောက်နေတဲ့ ဓာတ်အားခွဲရုံ တည်ဆောက်ရေးက ၄၀ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ ထရန်စဖော်မာတပ်ဆင်ပြီးစီးတဲ့ နေရာတွေမှာ သွားရောက် စစ်ဆေးပြီး လျှပ်စစ်မီးတွေလည်း စတင်အသုံးပြုခွင့်ပေးနေပါပြီ” ဟု စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း လျှပ်စစ်အင်ဂျင်နီယာမှူးရုံးမှ တာဝန်ရှိသူ တစ်ဦးက ပြောသည်။

ထရန်စဖော်တပ်ဆင်းခြင်း လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့်ကျန်ရှိသော ABC ကေဘယ်လဲလှယ်ခြင်း၊ ကွန်ကရစ်ဓာတ်တိုင်များ အစားထိုးစိုက်ထူခြင်းနှင့် ၄၀၀ ဗို့ လိုင်းကြိုးအသေး HDBC များ ၃၃ ကေဗွီလိုင်းကြိုးအသေးတပ်ဆင်ခြင်းလုပ်ငန်းများကို အချိန်မီပြီးစီးရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း တိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ADB Project ဖြင့် လုပ်ဆောင်မည့်လုပ်ငန်းများတွင် မုံရွာ၊ စစ်ကိုင်း၊ အရာတော်၊ ရွှေဘို၊ ကသာ၊ ကောလင်း၊ အင်းတော်နှင့် ကလေးမြို့နယ်များတွင် ၃၃/၁၁ကေဗွီ၊ (၁၀) အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံနှင့် ၂၀၀ ကေဗွီအေ ထရန်စဖော်မာ ၃၃ လုံး၊ ၃၃ ကေဗွီ (ACSR) လိုင်းကြိုး ၅၁ ဒသမ ၆ မိုင်၊ ၁၁ ကေဗွီ ABC လိုင်းကြိုး ၁ ဒသမ ၈ မိုင်၊ သုည ဒသမ ၄ ကေဗွီ ABC လိုင်းကြိုး ၈၀ ကီလိုမီတာ၊ သုည ဒသမ ၄ ကေဗွီ HDBC လိုင်းကြိုး ၂၂ ဒသမ ၄ မိုင် အရှည်တို့ကို လိုင်းကြိုးများ ပြောင်းလဲတပ်ဆင်ခြင်း၊ ၁၂ မီတာအမြင့်ရှိ ကွန်ကရစ်ဓာတ်တိုင် ၃၇၀ တိုင်၊ ၉ မီတာအမြင့်ရှိ ကွန်ကရစ်ဓာတ်တိုင် ၄၆၀၅ တိုင်တို့ကို သစ်သားတိုင်နှင့် သံဓာတ်တိုင်နေရာများတွင် အစားထိုး တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**



## မိုးသည်းထန်စွာရွာသွန်းကာ ပေါက်ချောင်း ရေများတဟုန်ထိုးစီးဆင်းခဲ့၍ ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များ ခေတ္တစောင့်ဆိုင်းနေရ

**ပေါက် စက်တင်ဘာ ၂၀**

မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ စက်တင်ဘာ ၁၈ ရက် နံနက် ၆ နာရီခန့်က မိုးသည်းထန်စွာရွာသွန်း၍ ပေါက်မြို့အနီး မတူပီ-မင်းတပ်-ကျောက်ထု-ပေါက်-ပခုက္ကူ ကားလမ်းမပေါ်ရှိ ပေါက်ချောင်းရေကျော်တံတားပေါ်၌ တောင်ကျချောင်းရေများတဟုန်ထိုးစီးဆင်းနေ၍ ခရီးသွားပြည်သူများ၊ မော်တော်ဆိုင်ကယ်များနှင့်ခရီးသွားမော်တော်ယာဉ်များ ခရီးသွားလာရေးအတွက် ခေတ္တစောင့်ဆိုင်းနေရကြောင်း သိရသည်။



အဆိုပါပေါက်ချောင်းရေသည် မိုးသည်းထန်စွာရွာသွန်းသည်နှင့် တစ်ပြိုင်နက် တောင်ကျချောင်းရေများ တဟုန်ထိုးစီးဆင်းလာရာ ခရီးသွားပြည်သူများနှင့် မော်တော်ယာဉ်များသည် ယင်းရေပြန်လျော့နည်းစေရန်အတွက် ၃ နာရီခန့်ကြာ စောင့်ဆိုင်းပြီးမှဖြတ်သန်းသွားလာရသည်။

ယခင်နှစ်များက အဆိုပါ ရေကျော်တံတားတည်ဆောက်ခြင်း မရှိ၍ မှန်လုံအမြန်ယာဉ်များ ချောင်းဖြတ်စဉ် လမ်းကြောင်းလွဲကာ သဲထဲနစ်မြုပ်ခဲ့ခြင်းများဖြစ်ခဲ့ကြောင်း သိရသည်။

**ညဏ်တိုး(ပေါက်)**

## ပဲနွယ်ကုန်းမြို့တွင် ရှေးဦးပြုစုခြင်း သာမန်အဆင့် သင်တန်းဆင်းပွဲပြုလုပ်

**ပဲနွယ်ကုန်း စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းမြို့တွင်စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီကမြန်မာနိုင်ငံကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်းသာမန်အဆင့်သင်တန်း ၁/၂၀၁၆ ဆင်းပွဲ အား အ-ထ-က ပဲနွယ်ကုန်းရှိ ပညာတံခွန်ခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး ဒုတိယလွှတ်တော်ဥက္ကဋ္ဌ ဦးကြည်ဇင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းကြက်ခြေနီ၊ သူနာပြုတပ်ဖွဲ့ ဦးစီးမှူး(ပထမတန်း) ဒေါက်တာနေမျိုးက မြန်မာနိုင်ငံကြက်ခြေနီသူနာပြုအသင်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီးနောက် ပဲနွယ်ကုန်းတိုက်နယ် ကြက်ခြေနီတပ်ခွဲမှူး နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းနိုင်က သင်းတန်းကာလအတွေ့အကြုံများအား ရှင်းလင်းခဲ့သည်။

ယင်းနောက်မြို့နယ်အဆင့် ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများမှ အမှာစကားများပြောကြားခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ ၄၄ ဦး အနက်မှထူးချွန်ဆုရ သင်တန်းသား၊ သင်တန်းသူရှစ်ဦးအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများနှင့် သင်တန်းဆင်း မှတ်တမ်းလွှာများ ပေးအပ်ခဲ့သည်။



ယင်းနောက် ကြက်ခြေနီသင်တန်းမှူး ဦးကျော်ကျော်မိုးမှ သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီးနောက် သင်တန်းသားမှလက်တွေ့အရေးပေါ် အသက်ကယ်နည်းများအား သရုပ်ပြခဲ့ပြီးနောက် တက်ရောက်လာသူများက ကြည့်ရှုအားပေးခဲ့ပြီး သင်တန်းတာဝန်ရှိသူ ဦးကောင်းဆက်ဟိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားသို့ တိုင်းအဆင့်ကြက်ခြေနီသူနာပြုတပ်ရင်းမှ တာဝန်ရှိသူများ၊ မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဒေသအဆင့် တာဝန်ရှိသူများ၊ စိတ်ပါဝင်စားသူမြို့ခံ ပြည်သူများ ရပ်မိရပ်ဖများ အင်အား ၄၀၀ ခန့် တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။

**ဖြိုးကိုလင်း**

# ရာသီပေါ်သီးနှံများ ဈေးကောင်းရရန် တောင်သူများမျှော်လင့်

**မောက်မယ် စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင် မောက်မယ်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ ၂၀၁၆ ခုနှစ် မိုးဦးကာလကစိုက်ပျိုးခဲ့သော သီးနှံများပေါ်စအချိန်က ဈေးကောင်းရခဲ့သော်လည်း ယခုသီးနှံလှိုင်လှိုင်ထွက်ချိန် ဈေးနှုန်းကျဆင်းသဖြင့် ဈေးကောင်းရရန် ဒေသခံတောင်သူများက မျှော်လင့်နေကြကြောင်း သိရသည်။

"မိုးဦးကာလကစိုက်ပျိုးခဲ့တဲ့သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲ၊ ပြောင်း၊ ပဲတီစိမ်း သီးနှံများလှိုင်လှိုင်ပေါ်ချိန် ဖြစ်နေသော်လည်း ဈေးနှုန်းကောင်းကောင်း မရကြဘူး။ နှမ်းစတင်ထွက်ချိန်မှာတော့ တစ်တင်းလျှင် (လေးထောင့်ပုံးသုံးပုံးဝင်) ကျပ် ၅၀၀၀၀ မှ ၅၅၀၀၀ ခန့်အထိ ရောင်းရပါသေးတယ်။ သီးနှံလှိုင်လှိုင်ထွက်ချိန်ကျတော့ တစ်တင်းလျှင် (လေးထောင့်ပုံးသုံးပုံးဝင်) ကျပ် ၄၀၀၀၀ မှ ၄၅၀၀၀ နှုန်းသာ ရောင်းရသဖြင့် တွက်ခြေမကိုက်တော့ပါဘူး။ သီးနှံဈေးမကောင်းတော့ ကျွန်တော်တို့တောင်သူတွေ ကျပ်တာပေါ့။ အလုပ်သမားခလည်း မတရားဈေးကြီးပါတယ်။ မငှားတော့လည်း မရပါဘူး။ မနှစ်ကဆို အလုပ်သမားခ တစ်ယောက် တစ်ရက်ကျပ် ၅၀၀၀၊ ဒီနှစ်မှာတော့ ကျပ် ၁၀၀၀၀ အထိပေးပြီး ငှားရတော့ တွက်ခြေမကိုက်ကြတော့ပါဘူး" ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။ ဒေသခံတောင်သူများအနေဖြင့် ရာသီဥတုဖောက်ပြန်သည်ကတစ်ကြောင်း၊ သီးနှံဈေးကောင်းကောင်းမရရှိခြင်း၊ တောင်သူလုပ်ငန်းများလုပ်ကိုင်မည့် အလုပ်သမားများ ရှားပါးခြင်းတို့ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ရန် ခက်ခဲလာကြောင်း သိရသည်။ **(ပြန်/ဆက်)**

# (၂၅) ကြိမ်မြောက် ဥရောပရုပ်ရှင်ပွဲတော်တွင် နိုင်ငံသစ်လေးနိုင်ငံမှ ရုပ်ရှင်ကားများ ပါဝင်တင်ဆက်

**ရန်ကုန် စက်တင်ဘာ ၂၀**

ဥရောပရုပ်ရှင်ပွဲတော်ကို ရန်ကုန်မြို့ နေပြည်တော် ရုပ်ရှင်ရုံ၌ စက်တင်ဘာ ၁၆ ရက်မှ ၂၇ ရက်အထိ ပြုလုပ်လျက်ရှိရာ ယခုနှစ်တွင် နိုင်ငံသစ်လေးနိုင်ငံဖြစ်သည့် ဒိန်းမတ်၊ ဘယ်လ်ဂျီယံ၊ ဖင်လန်နိုင်ငံနှင့် နော်ဝေနိုင်ငံတို့မှ ရုပ်ရှင်ကားများလည်း ပါဝင်တင်ဆက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါရုပ်ရှင်ပွဲတော်တွင် ဥရောပနိုင်ငံ ၁၃ နိုင်ငံမှ ရုပ်ရှင် ၁၆ ကား ပြသမည်ဖြစ်ပြီး "မတူကွဲပြားမှု၌ ပေါင်းစည်းထားသည်" ဟူသော ဆောင်ပုဒ်နှင့်အညီ ဥရောပ၏ ကွဲပြားသောယဉ်ကျေးမှု သမိုင်းကြောင်းနှင့် ဟာသတို့ကို ကြည့်ရှုရမည်ဖြစ်သည်။

"အဖွင့်အနေနဲ့ ဖင်လန်နိုင်ငံက အကောင်းဆုံးနိုင်ငံခြားဘာသာစကားပြော အော်စကာဆုရ ရုပ်ရှင်ကားဖြစ်တဲ့ Klaus Haro ရဲ့ ထူးခြားကောင်းမွန်တဲ့ လက်ရာ Fencer ဆိုတဲ့ဇာတ်ကားကို ပြသမှာဖြစ်ပါတယ်။ ဥရောပတိုက်ကြီးမှာ ဘာသာစကား ယဉ်ကျေးမှုတွေက မျိုးစုံလှပါတယ်။ နောက်လာမည့် ၁၀ ရက်မှာ မျိုးစုံလှတဲ့ဘာသာစကားနဲ့ ယဉ်ကျေးမှုတွေကို မိတ်ဆက်ဖို့ အခွင့်အရေးရလာမှာပါ။ ဥရောပတိုက်ကြီးမှာလိုပဲ မြန်မာနိုင်ငံမှာလည်း ယဉ်ကျေးမှုများစွာ တွေ့မြင်ရပါတယ်။ ဒါဟာလည်း ဥရောပနဲ့ မြန်မာ ပေါင်းစည်းမှုတစ်ခုလို့ ဆိုနိုင်ပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံအမတ် Roland Kobia(EU Ambassador to Myanmar) က အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ဖင်လန်နိုင်ငံ သံအမတ်ကြီးက အဖွင့်ဇာတ်ကားနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားခဲ့ရာ "ဒုတိယကမ္ဘာစစ်ကာလအတွင်းက အဖြစ်အပျက်လေးပါ။ အက်စတိုးနီးယားဟာ ဆိုဗီယက်ယူနီယန်ရဲ့လက်အောက်ကို ကျရောက်ခဲ့တယ်။ ဒါဟာဖင်လန်နိုင်ငံရဲ့ အကြောင်းတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ဖင်လန်နိုင်ငံနဲ့ အက်စတိုးနီးယားနိုင်ငံဟာ မိတ်ဖက်နိုင်ငံတွေဖြစ်ပါတယ်။ ဇာတ်ကြောင်းလေးကတော့ ဆရာတစ်ယောက်က ဓားအတတ်ပညာကို ကျောင်းသားငယ်လေးတွေကို သင်ပေးရင်းနဲ့ ရုရှားနိုင်ငံက ပါဝါကြီးတဲ့သူတွေရဲ့ ဖိနှိပ်မှုနဲ့ ကျောင်းသားလေးတွေရဲ့စိတ်ပိုင်းဆိုင်ရာခံစားမှု၊ မိဘတွေရဲ့စိတ်ပိုင်းဆိုင်ရာ ခံစားမှုစတဲ့အကြောင်းအရာတွေ လွှမ်းဆွဲနေတဲ့ ဇာတ်အိမ်လေးပါ။ နိုင်ငံရေးကားလည်း မဟုတ်ပါဘူး။ ကျောင်းဆရာတစ်ယောက်ရဲ့ခံစားချက်နဲ့ ကလေးငယ်တွေ၊ မိဘတွေရဲ့ ခံစားချက်ကို အထူးအသားပေး တင်ပြချင်တာပါ။ ဒီရုပ်ရှင်ကိုကြည့်ရှုခြင်းအားဖြင့် ပရိသတ်တွေရဲ့ ခံစားမှုအသိတစ်ခုခု ဖလှယ်ရရှိမယ်လို့ ယုံကြည်ပါတယ်" ဟု ပြောကြားခဲ့သည်။

ရုပ်ရှင်ဇာတ်ကားများကို စက်တင်ဘာ ၂၇ ရက်အထိ ညနေ ၃ နာရီခွဲတွင်တစ်ကြိမ်၊ ၆ နာရီခွဲတွင်တစ်ကြိမ် နေပြည်တော်ရုပ်ရှင်ရုံ၌ ပြသမည်ဖြစ်သည်။ အထူးအစီအစဉ် တစ်ရပ်အနေဖြင့် ကလေးများအတွက် အလွန်ကဗျာဆန်တဲ့ ကာတွန်းရုပ်ရှင်နှစ်ကားနှင့် ငယ်ရွယ်တဲ့ အဓိကဇာတ်ကောင်ပါတဲ့ ရုပ်ရှင်နှစ်ကားကို ပြည်သူ့ဥယျာဉ်က Yangon Gallery မှာ ပြသမည်ဖြစ်သည်။ **မိုးမို့**

# မြစိမ်းရောင် နားသဲကျေးရွာစီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

**မောက်မယ် စက်တင်ဘာ ၂၀**

မောက်မယ်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန်အတွက် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များကို စီမံချက်ရေးဆွဲကာ တစိုက်မတ်မတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအား ၂၀၁၆-၂၀၁၇ ခုနှစ် မြစိမ်းရောင်ကျေးရွာများ ၇ ရွာရရှိပြီး စဥ့်ဆိုင်ကျေးရွာအုပ်စု၊ နားသဲကျေးရွာအတွက် ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို နားသဲကျေးရွာ ဘုန်းကြီးကျောင်း ဇရပ်၌ စက်တင်ဘာ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးဇော်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်အိအိမွန်က မြစိမ်းရောင်စီမံကိန်းရန်ပုံငွေနှင့်ပတ်သက်ပြီး စီမံကိန်း၏ရည်ရွယ်ချက်၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာတွင် မိသားစုဝင်ငွေတိုးပြီး ကျေးလက်ဒေသ ဆင်းရဲမှုနှုန်းလျှော့ချရန် တစ်ပိုင်တစ်နိုင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊ ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်၊ စီမံကိန်းဆောင်ရွက်မယ့် ကျေးရွာ တစ်ရွာကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေအဖြစ် နိုင်ငံတော်ဘတ်ဂျက်မှ သိန်း ၃၀၀ မတည်ပေးထားကြောင်း ပြောကြားခဲ့သည်။

ဆက်လက်ပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ရာ ကျေးရွာကော်မတီဥက္ကဋ္ဌ ဦးသာရင်က လက်ခံရယူကာ ကျေးဇူးတင်စကားပြန်လည်ပြောကြားရာတွင် ကျွန်တော်တို့ စဥ့်ဆိုင်ကျေးရွာအုပ်စုအတွင်း ရှောက်ချို၊ လိမ္မော်၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ ပြောင်း၊ နှမ်း၊ ကြက်သွန်ဖြူနှင့် ကော်ဖီတို့ကို တိုးချဲ့စိုက်ပျိုးသွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်မှ မတည်ပေးထားသော သိန်း ၃၀၀ ကိုလည်း အရင်းမပျောက်စေဘဲ ရေရှည်တည်တံ့စေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **စိုင်းမျိုးသန့်(ပြန်/ဆက်)**

# သဘာဝပတ်ဝန်းကျင်အတွေ့အကြုံ ဗဟုသုတမျှဝေ ဟောပြော

**မကွေး စက်တင်ဘာ ၂၀**

မကွေးမြို့ နန်းထိုက်သူဟိုတယ်တွင် စက်တင်ဘာ ၁၇ ရက် နံနက် ၉ နာရီက သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့ခိုင်မြဲရေး စီမံအုပ်ချုပ်လုပ်ကိုင်မှု၊ ရာသီဥတုပြောင်းလဲခြင်း၊ ဧရာဝတီမြစ်ကြောင်း ကျန်းမာရေးနှင့် ဒေသခံပြည်သူများအပေါ် အကျိုးသက်ရောက်မှုများစသည့် ခေါင်းစဉ်သုံးခုဖြင့် အတွေ့အကြုံဗဟုသုတမျှဝေဟောပြောပွဲကို ဂေဟစနစ်ထိန်းသိမ်းရေးနှင့် ပြည်သူ့အစုအဖွဲ့ ဖွံ့ဖြိုးရေးအသင်း (ECCDI) က စီစဉ်ကျင်းပခဲ့ကြောင်း သိရသည်။

ဗဟုသုတမျှဝေဟောပြောပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက "ရာသီဥတုပြောင်းလဲခြင်းက ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုအန္တရာယ်အဖြစ် ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ မြန်မာနိုင်ငံဟာ ကမ္ဘာပေါ်တွင် ရာသီဥတုဆိုးရွားသည့် ဒဏ်ကိုတွေ့ကြုံခံစားနေရတဲ့ နိုင်ငံများအနက် တစ်နိုင်ငံအပါအဝင်ဖြစ်ပြီး ရာသီဥတုဖောက်ပြန်ခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသော ဆိုးကျိုးများကို ကြုံတွေ့နေရပါတယ်။ ရာသီဥတုပြောင်းလဲခြင်း အကျိုးသက်ရောက်မှုတွေနဲ့ လိုက်လျောညီထွေရှိစေရေးအတွက် ဆောင်ရွက်နိုင်ခြင်းမရှိပါက လူဦးရေသန်း ၅၀ ကျော်နေထိုင်တဲ့ ကျွန်တော်တို့နိုင်ငံအတွက် စီးပွားရေးနှောင့်နှေးမှုများနှင့် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများနဲ့ ရင်ဆိုင်နေရမှာဖြစ်တယ်"ဟု ပြောကြားခဲ့သည်။

အဆိုပါအခမ်းအနားတွင် မျှဝေဟောပြောခဲ့တဲ့ ဦးသန်းထွန်း လက်ထောက်ညွှန်ကြားရေးမှူး (ငြိမ်း) (သစ်တောဦးစီးဌာန) က ရာသီဥတုပြောင်းလဲမှု ဆိုးဆိုးရွားရွားခံရမယ့် ၁၀ နိုင်ငံမှာ မြန်မာနိုင်ငံက ဒုတိယဆင့်မှာရှိပြီး ရာသီဥတုပြောင်းလဲမှု ဆိုးဆိုးရွားရွားခံရမယ့် မြို့ကြီး ၅၀ စာရင်းထဲမှာ ရန်ကုန်မြို့ဟာ စတုတ္ထအဆင့်မှာရှိကြောင်း ပြောကြားခဲ့သည်။

(ECCDI) အဖွဲ့အစည်းသည် အသင်းစတင်တည်ထောင်ချိန်မှယနေ့အထိ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲစီမံကိန်း ၃၆ ခုရှိကြောင်း သိရသည်။ **သန်းနိုင်ဦး(ဇဖဲ)**

# သန့်ရှင်းသောသောက်သုံးရေရရှိရေးဆောင်ရွက်ရန်နှင့် မြစိမ်းရောင်စီမံကိန်းဝင် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်

**ဘားအံ စက်တင်ဘာ ၂၀**

ကရင်ပြည်နယ် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ဝင်းနှင့် ဝန်ထမ်းများသည် ဘားအံမြို့နယ် လှာကာကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ ကူးဆိပ်ရပ်ကွက်နှင့် ဖားပုရပ်ကွက်များရှိ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ အနိမ့်ပိုင်းကျ၍ ရေကြီးနစ်မြုပ်လေ့ရှိတတ်သော ရေတွင်းများကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့သည်။

ယင်းသို့ကွင်းဆင်းစစ်ဆေးရာ ရေကြီးနစ်မြုပ်ခဲ့သော ရေတွင်းများအတွက် အသုံးပြုနိုင်ရန် ရေသန့်စင်ဆေးပြား ထုပ် ၃၈၇၀ နှင့် ကလိုရင်း ၂၂ ဒသမ ၂ ကီလိုဂရမ်အား ကျေးရွာအုပ်စုချုပ်ရေးမှူး ဦးစောကျော်ဝင်းနှင့် ကျေးလက်ကျန်းမာရေးဌာနမှ ဆရာမများထံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

အဆိုပါရေသန့်စင်ဆေးပြားများနှင့် ကလိုရင်းတို့အား ကျေးရွာ/ရပ်ကွက်အတွင်းရှိ ရေတွင်းတစ်တွင်းချင်းစီ၏ ရေထုကို တွက်ချက်၍ နည်းစနစ်တကျ ဆေးခပ်ခြင်းလုပ်ငန်းများကို ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ကျေးလက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ ကျေးရွာ/ရပ်ကွက်နေပြည်သူများ ရေတွင်းများမှ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဟု သိရသည်။

ဘားအံမြို့နယ် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးဦးဆောင်သောအဖွဲ့သည် ယင်းနေ့မွန်းလွဲပိုင်းတွင် ဘားအံမြို့နယ် ခဲတောက်ကျေးရွာအုပ်စု ကမ်းကလေးကျေးရွာသို့ သွားရောက်ခဲ့ပြီး မြစိမ်းရောင်စီမံကိန်းဆောင်ရွက်နေမှုများအား ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးခဲ့သည်။ **ထွန်းထွန်းထွေး(ဘားအံ)**

# စစ်ဘေးရှောင်ပြည်သူများစိတ်ဓာတ်ခွန်အားတိုးပွားလာစေရန် မှုခင်းပညာပေးပြခန်းမော်တော်ယာဉ်ဖြင့် လှည့်ပြသပေး

**ဘားအံ စက်တင်ဘာ ၂၀**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့ မှုခင်းပညာပေးမော်တော်ယာဉ်ဖြင့် ဘားအံခရိုင်အတွင်းရှိ ရပ်ကွက်/ကျေးရွာပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတများပြည့်ဝစေရန် အသိပညာပေးဟောပြောခြင်းများသာမက မှုခင်းပညာပေးမော်တော်ယာဉ်ဖြင့် မြိုင်ကြီးငူအထူးဒေသ စစ်ဘေးရှောင်ပြည်သူများအား စိတ်ဓာတ်ခွန်အားတိုးပွားလာစေရန် နယ်လှည့်ပြသခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မှုခင်းပညာပေးပြခန်းမော်တော်ယာဉ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးကဏ္ဍ၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ပညာပေးကဏ္ဍ၊ လူမှောင်ခိုလူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးကဏ္ဍများကို မှတ်တမ်းဓာတ်ပုံများ၊ ပိုစတာများ၊ ဗီနိုင်းများဖြင့် ကဏ္ဍစုံစိတ်ဝင်စားဖွယ် ပြသဆောင်ရွက်ထားရှိရာ လာရောက်ကြည့်ရှုကြသော ပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ဘားအံခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သုတ၊ ရသစာအုပ်များကို ခင်းကျင်းပြသခဲ့သည်။

အဆိုပါ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှုခင်းပညာပေးပြခန်းမော်တော်ယာဉ်သည် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူအထူးဒေသ စစ်ဘေးရှောင်ပြည်သူများ စိတ်ဓာတ်ခွန်အားတိုးပွားလာစေရန် အသိပညာပေးပြသပေးခြင်း၊ ဘားအံခရိုင်အတွင်းရှိ အမှတ်(၁) အခြေခံပညာအထက်ကျောင်း၊ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း၊ မြိုင်ကြီးငူအခြေခံပညာအထက်တန်းကျောင်း၊ ရွှေဂွန်းကျေးရွာအခြေခံပညာအထက်တန်းကျောင်းများတွင် မှုခင်းပညာပေးပြခန်းမော်တော်ယာဉ်ဖြင့် သွားရောက်ပြသပေးခြင်းများသာမက မြဝတီခရိုင်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာပြည်သူများကိုလည်းနယ်လှည့်ပြသပေးခြင်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အမှတ်(၁၀)ယာဉ်ထိန်းရဲတပ်ဖွဲ့စု ဒုရဲမှူးထွန်းထွန်းကပြောသည်။ **တင်တင်ထွေး(စဥ့်ကိုင်)**

# ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်



**အင်္ဂပူ စက်တင်ဘာ ၂၀**

အင်္ဂပူမြို့နယ် မဲဇလီကုန်းမြို့ ဘုရားလေးလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းများဆောင်ရွက်ခြင်းကို စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက မြို့နယ်စည်ပင်ကော်မတီဥက္ကဋ္ဌ ဦးမောင်ဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းဘုရားလေးလမ်း ကွန်ကရစ်ခင်းခြင်းကို အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် ၁၁၂ ဒသမ ၂၂ သိန်းဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည် ၁၀၁၅ ပေ၊ အကျယ် ၈ ပေ၊ ဒု ၆ လက်မရှိ ကွန်ကရစ်အမျိုးအစားလမ်းဖြစ်ကြောင်းနှင့် ပြီးစီးမှုရာခိုင်နှုန်း ၇၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မန်းကျော်(ပြန်/ဆက်)**

# ထိုင်းနိုင်ငံသို့ သတင်းခရီး

## ဦးဟန်ညွန့် (ဥပဒေ)

**ထိုင်းနိုင်ငံသို့**
**၂၀၁၆ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့. . ။**
မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် ထိုင်းနိုင်ငံ အမျိုးသား သတင်းမီဒီယာ ကောင်စီတို့ ပူးပေါင်းစီစဉ်မှုဖြင့် သတင်းခရီးထွက်ခဲ့ပါသည်။ နံနက် ၈ နာရီခွဲတွင် Air Asia လေကြောင်း ခရီးစဉ်ဖြင့် ရန်ကုန်အပြည်ပြည် ဆိုင်ရာ လေဆိပ်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသည်။ ထိုင်းနိုင်ငံ ဗန်ကောက်ဒုန်မွင်းန်လေဆိပ်သို့ နံနက် ၁၀ နာရီ ၁၅ မိနစ်အချိန်တွင် ရောက်ရှိသည်။ ထိုင်းနိုင်ငံအမျိုးသား သတင်းမီဒီယာကောင်စီဝင်များက လာရောက်ကြိုဆိုကြပါသည်။

**မြန်မာအဖွဲ့ဝင်များ**

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးအောင်လှထွန်းခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် ဒေါက်တာမောင်မောင်စံ(ကျော်စောမင်း)၊ ဦးတင်မောင်အေး၊ ဒေါက်တာတင်ထွန်းနှင့်စာရေးသူတို့အပါအဝင် စုစုပေါင်း ငါးဦးဖြစ်သည်။

**ထိုင်းအဖွဲ့ဝင်များ**

ထိုင်းနိုင်ငံအမျိုးသားသတင်းမီဒီယာ ကောင်စီဝင်များမှာ ဥက္ကဋ္ဌ Mr.Eharvarong၊ အထွေထွေအတွင်းရေးမှူး Mr. Ehai Pataeamin၊ ကောင်စီဝင်များမှာ Miss Boonrat Apichattrisorn၊ Miss Kornehanok Raksaseri၊ Mr.Yaowarin Kaenphakdee တို့ဖြစ်ကြသည်။

**နောက်ခံသမိုင်းအကျဉ်း**

ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၀ နှင့်အညီ ထိုင်းနိုင်ငံသတင်းစာ ဆရာများအသင်းသည် ၁၉၉၇ ခုနှစ် မေလ ၇ ရက် ရက်စွဲဖြင့် ကြေညာချက်ထုတ်ပြန်ခဲ့သည်။ သတင်းလွတ်လပ်ခွင့်ကိုအာမခံသော အဖွဲ့အစည်းအဖြစ်၊ သတင်းမီဒီယာလုပ်ငန်းများ၊ အစိုးရနှင့်ပုဂ္ဂလိက သတင်းစာများ၏အခန်းကဏ္ဍစသည်များ ဖွံ့ဖြိုးတိုးတက်ရေး အာမခံချက်ဖြင့် ဥပဒေနှင့်အညီ လွတ်လပ်သော သတင်းမီဒီယာအဖွဲ့အစည်းဖြစ်ခဲ့ပေသည်။ ၁၉၉၇ ခုနှစ် ဇူလိုင်လ ၄ ရက်နေ့တွင် သတင်းလုပ်ငန်းရှင်များ၊ အယ်ဒီတာများသည် သတင်းစာ မီဒီယာများနှင့် စပ်လျဉ်း၍အမျိုးသား သတင်းမီဒီယာကောင်စီထူထောင်ရန် ကြိုးပမ်းသဘောတူခဲ့ကြသည်။ သတင်းလွတ်လပ်ခွင့်ကို တိုးမြှင့်ခဲ့ကြသည်။ သတင်းမီဒီယာ သက်မွေးဝမ်းကျောင်းမှုသည် မွန်မြတ်သော လုပ်ငန်းတစ်ရပ်အဖြစ် သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။ သတင်းမီဒီယာလောက ဖွံ့ဖြိုးတိုးတက်ရေး နားလည်မှု စာလွှာများရေးထိုးခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စု၊ အိန္ဒိယ၊ ရုရှားနှင့် နိုင်ငံခြား သတင်းစာအသင်းများက အသိအမှတ်ပြုပါဝင်အားပေးခဲ့ကြသည်။ ၁၉၉၇ခုနှစ် ဩဂုတ်လ ၄ ရက်နေ့တွင် ထိုင်းအမျိုးသား သတင်းမီဒီယာကောင်စီ ဖွဲ့စည်းပုံစည်းမျဉ်းကို အတည်ပြုရေးဆွဲနိုင်ခဲ့ကြသည်။ အခြားသော လိုအပ်ချက်များကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြသည်။

**သတင်းခရီး အစီအစဉ်များ**

၂၅-၈-၂၀၁၆ ရက် ၁၁ နာရီခွဲ၊ Pathum wan Princess Hotel တွင် မြန်မာကိုယ်စားလှယ်များ တည်းခိုသည်။ ၁ နာရီခွဲတွင် Thairath News Paper သတင်းစာတိုက်နှင့် Thairath TV ရုပ်မြင်သံကြား ဌာနများသို့ သွားရောက်လေ့လာကြသည်။ ညနေ ၄ နာရီခွဲတွင် ထိုင်းနှင့် မြန်မာ နှစ်နိုင်ငံသတင်းမီဒီယာကောင်စီ တွေ့ဆုံဆွေးနွေးပွဲကျင်းပသည်။ MoU လက်မှတ်ထိုးကြသည်။ ဘန်ကောက်မြို့ Sam Sen Road ရှိ ထိုင်းသတင်းစာဆရာအသင်း (Thai Journalist Association)တွင် ကျင်းပခြင်းဖြစ်သည်။ ည ၇း၀၀ နာရီတွင် ညစာစားပွဲဖြင့် (Riverside Cruise, The Chao Phraya River)တွင် ဧည့်ခံသည်။

၂၆-၈-၂၀၁၆ နံနက် ၁၀ နာရီတွင် ထိုင်းနိုင်ငံ အမျိုးသား ဥပဒေပြုလွှတ်တော်(ဒုတိယဥက္ကဋ္ဌ) Peerasak Porehit နှင့် ထိုင်းပါလီမန်အဆောက်အအုံ၌ မြန်မာကိုယ်စားလှယ်အဖွဲ့က တွေ့ဆုံဂါရဝပြုခွင့်ရသည်။ ထိုင်း-မြန်မာချစ်ကြည်ရေး၊ သတင်းမီဒီယာလောကဖွံ့ဖြိုးရေးများ ဆွေးနွေးတင်ပြ ဖလှယ်ခွင့်ရသည်။ မွန်းလွဲ ၁ နာရီတွင် Nation သတင်းစာတိုက်နှင့် Nation TV ဌာနသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ သွားရောက်လေ့လာသည်။ သတင်းမီဒီယာဖွံ့ဖြိုးရေးအစီအမံများ နှစ်ဖက်ညှိနှိုင်းကြသည်။ လုပ်ငန်းခွင်များ ဝင်ရောက်လေ့လာခြင်း၊ လုပ်သားများ၊ အယ်ဒီတာများနှင့် အပြန်အလှန်ဆွေးနွေးခွင့်ရခြင်း၊ TV ရိုက်ကူးရေးအစီအစဉ်များ လက်တွေ့ ၏ လေ့လာခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

၂၇-၈-၂၀၁၆ ရက် နံနက် ၇ နာရီမှစတင်၍ ဘန်ကောက်မြို့မှ ကန်ချနဘူရီ (Samut Sakhon-Kanehanaburi) သို့ မော်တော်ယာဉ်များဖြင့် စာရေးသူတို့အဖွဲ့ ထွက်ခွာသည်။ နံနက် ၉ နာရီခွဲတွင် အလုပ်သမားရပိုင်ခွင့်နှင့် အခွင့်အရေးများ တိုးမြှင့်ရေးဖောင်ဒေးရှင်းရုံးချုပ် Labour Cnter, Labour Rights Promotion Network) သို့ ရောက်ရှိသည်။ မြန်မာအလုပ်သမားများနှင့် တွေ့ခွင့်ရသည်။ မြန်မာအလုပ်သမားများ၏ လက်ရှိဘဝအခြေအနေ၊ အခက်အခဲ၊ ဥပဒေပြဿနာ၊ တင်ပြပေးစေလိုသောအချက်များ၊ အလုပ်ခွင်ရပိုင်ခွင့်များ၊ အခွင့်အရေးများ စသည်တို့ကို တင်ပြကြသည်။ တင်ပြချက်များမှာ မှတ်သားစရာ၊ ဆောင်ရွက်ဖွယ်ရာများ ဖြစ်ပါသည်။


(သီးခြားရေးသားတင်ပြပါမည်)

နံနက် ၁၀ နာရီတွင် မြန်မာကလေးသူငယ်ကျောင်းသားများအား ဗုဒ္ဓဘာသာသင်တန်း (ဓမ္မစကူးလ်)တွင် ယဉ်ကျေးလိမ္မာပို့ချချက်များ သွားရောက်လေ့လာကြည်ညိုခွင့်ရသည်။ မြန်မာအချင်းချင်း ဘာသာတရားမမေ့၊ ယဉ်ကျေးမှုမမေ့စေရန် စီမံဆောင်ရွက်ချက်မှာ အားရကျေနပ်ဖွယ်ကောင်းလှပါသည်။ (သီးခြားရေးသားပါမည်)

နံနက် ၁၁ နာရီအချိန်တွင် မဟာချိုင်ရှိ Mahachan Cable T.Vသို့သွားရောက်လေ့လာခွင့်ရသည်။ ဒေသန္တရအလိုက် နယ်မြေအလိုက် ရုပ်သံထုတ်လွှင့်မှုအစီအစဉ်များမှာ စိတ်ပါဝင်စားဖွယ်ဖြစ်သည်။ မြန်မာ ကိုယ်စားလှယ်အဖွဲ့၏ ထိုင်းနိုင်ငံခရီးစဉ်အတွေ့အကြုံနှင့် လေ့လာရေးအတွေ့အကြုံများအပေါ် ခံစားချက်အမြင်များကို လက်တွေ့ရိုက်ကူးထုတ်လွှင့်ပြသသည်။ မွန်းလွဲ ၁ နာရီတွင် ပြန်လည်ထွက်ခွာခဲ့ကြသည်။ ညနေ ၃ နာရီတွင် ကန်ချနဘူရီ (Kanchanaburi) သို့ထွက်ခွာသည်။ ဒေသန္တရဗဟုသုတများ၊ လေ့လာစရာ ဒေသမြင်ကွင်းများ လမ်းတစ်လျှောက်လေ့လာကြသည်။ ဓာတ်ပုံမှတ်တမ်းများ ရိုက်ကူးကြသည်။ ကွီးမြစ်(KWAE River) သို့ရောက်ပါပြီ။ မမေ့နိုင်သော ရှုခင်း၊ သမိုင်းအမွေတည်တန့်ပေသော ရှုခင်း၊ စာရေးဆရာ၊ သတင်းစာဆရာများအတွက် ရေးစရာ၊ ရိုက်ကူးစရာ၊ မှတ်သားစရာမကုန်မခန်းနိုင်သော ကွီးမြစ်ရှုခင်းအလှအပ ဖြစ်ပါပေသည်။ (သီးခြားရေးသားတင်ပြပါဦးမည်)

ထိုင်းမြန်မာ ယဉ်ကျေးမှုနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုအသင်းဥက္ကဋ္ဌ(ကန်ချနဘူရီ) လည်းဖြစ်၊ ခရီးသွားလာရေးလုပ်ငန်းကြီးမင်း (Chairman of Tourism Council) လည်းဖြစ်သော၊ တပ်မတော်အငြိမ်းစား ပါမောက္ခ၊ ဒေါက်တာ Surin Janpian က စာရေးသူတို့ မြန်မာကိုယ်စားလှယ်အဖွဲ့အား အားရဝမ်းသာကြိုဆိုသည်။ ဧည့်ခံသည်။ ထိုင်းမြန်မာ ခေါင်းဆောင်ကြီးများနှင့် ရင်းနှီးကျွမ်းဝင်သူလည်း ဖြစ်၍ ပြောစရာတွေများနေပုံရသည်။ ခင်မင်ရင်းနှီးမှုများကို အခြေခံ၍ နှစ်နိုင်ငံဆက်ဆံရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး၊ သတင်းမီဒီယာကိစ္စများအကြောင်း ဆွေးနွေးဖြစ်ခဲ့ကြသည်။ ကွီးမြစ်ဒေသတစ်ဝိုက်တွင် ထိုင်းမြန်မာချစ်ကြည်ရေးတေးသံများ ပျံ့လွင့်ပါစေကြောင်း ဆုတောင်းခဲ့မိသည်။ ၂၈-၈-၂၀၁၆ နံနက် ၈ နာရီ(ကန်ချာပူရီ)မှ ဘန်ကောက်မြို့သို့ မော်တော်ယာဉ်များဖြင့် ပြန်လည်ထွက်ခွာခဲ့ကြသည်။

စာမျက်နှာ ၂၀ သို့



ထိုင်း-မြန်မာသတင်းမီဒီယာနားလည်မှုစာလွှာလဲလှယ်ခြင်း။



ဥက္ကဋ္ဌနှစ်ဦး လက်ဆောင်အပြန်အလှန် လဲလှယ်စဉ်။




Nation သတင်းစာတိုက်သို့ လေ့လာရေး။



ထိုင်းရောက် မြန်မာအလုပ်သမားများအား အမှတ်တရလက်ဆောင်ပေးအပ်စဉ်။



ရန်ကုန်မြို့ ဗဟန်းမြို့နယ် လိပ်ပြာကန်တိုက် ကြာနီကန်ကျောင်း ဦးစီးပဓာန နာယက ဓမ္မကထိက ကြာနီကန်ဦးရေဝတ (ဝါးခယ်မ) ဆရာတော်၏ မယ်တော်ကြီး ဒေါ်ပုအသက် ၁၀၀ ပြည့်အထိမ်းအမှတ် ဩဂုတ် ၂၄ ရက်က လှူပ်ခတ်သွားသော ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ပုဂံရှေးဟောင်းပုထိုးများ ပြုပြင်ရန် အလှူတော်ငွေ သိန်း ၁၀၀ ကို မယ်တော်ကြီးဒေါ်ပုက ပေးအပ်လှူဒါန်းပြီး ဓမ္မကထိက ကြာနီကန် ဦးရေဝတ (ဝါးခယ်မ) ဆရာတော်၏ တပည့်များလှူဒါန်းသော အလှူတော်ငွေကျပ် ၃၅ သိန်းကို ဝါးခယ်မမြို့နယ် အသင်း(ရန်ကုန်) ဥက္ကဋ္ဌဗိုလ်ကြီးသန်းဌေး(ငြိမ်း)က ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာအောင်သို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- ဇာနည်မောင်

# ဖယ်ခုံမြို့ပြည်သူ့ဆေးရုံ၌ ကျပ်သန်း ၇၀၀ ကျော်ဖြင့် ဆောက်လုပ်ခဲ့သော နှစ်ထပ်လူနာဆောင်သစ်နှင့် အခြားဆက်စပ်လုပ်ငန်းများ မကြာမီဖွင့်လှစ်မည်

**ဖယ်ခုံ စက်တင်ဘာ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့တွင် စုစုပေါင်း ခွင့်ပြုရန်ပုံငွေကျပ် သန်း ၇၀၀ ကျော်ဖြင့်ဆောက်လုပ်ခဲ့သော ၂၅ ခုတင်ဆံ့ RC နှစ်ထပ်ဆောင်အပါအဝင် ဝန်ထမ်းအိမ်ရာများနှင့် အခြားဆက်စပ်လုပ်ငန်းများကို စက်တင်ဘာလအတွင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်ပြည်သူ့ဆေးရုံသည် ၁၉၆၃ ခုနှစ်တွင် ၁၆ ခုတင်ဆံ့ မြို့နယ်ဆေးရုံအဖြစ် ခွင့်ပြုခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် ၂၅ ခုတင်ဆံ့ ဆေးရုံအဖြစ် တိုးမြှင့်နိုင်ခဲ့သော်လည်း စံကိုက်အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်နိုင်ခြင်း မရှိခဲ့သောကြောင့် တိုးတက်လာသော လူဦးရေအရ ဆေးရုံတက်လူနာများအတွက် လူနာဆောင်များ အခက်အခဲရှိလာကြောင်း သိရသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှ စတင်၍ ခွင့်ပြုငွေကျပ် ၄၂၃ ဒသမ ၃၆ သန်းဖြင့် ၂၅ ခုတင်ဆံ့ စံကိုက်ဆေးရုံ (၁၄၆× ၇၀ × ၂၂)ပေ RC နှစ်ထပ်အဆောက်အအုံတစ်လုံးနှင့် ခွင့်ပြုငွေကျပ် ၄၂ ဒသမ ၆၄ သန်းဖြင့် နှစ်ခန်းတွဲ လက်ထောက်ဆရာဝန်နေအိမ် (၄၈ × ၃၇ × ၁၂)ပေ တစ်လုံးနှင့် ခွင့်ပြုငွေကျပ် ၃၅ သန်းဖြင့် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းများကို လျှံထူးအောင်ဆောက်လုပ်ရေး ကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်ခဲ့သည်။

ထို့ပြင် ခွင့်ပြုငွေကျပ် ၇၂ ဒသမ ၂၃၂ သန်းဖြင့် ခြောက်ခန်းတွဲ အမှုထမ်းနေအိမ်တစ်လုံး၊ ခွင့်ပြုငွေကျပ် ၄၀ ဒသမ ၂၉ သန်းဖြင့် သုံးခန်းတွဲ အမှုထမ်းနေအိမ်တစ်လုံး၊ ခွင့်ပြုငွေကျပ် ၅၆ ဒသမ ၄၅၉ သန်းဖြင့် လေးခန်းတွဲ သူနာပြုနေအိမ်တစ်လုံး၊ ခွင့်ပြုငွေကျပ် ၃ ဒသမ ၃၂ သန်းဖြင့် ၂၄ ပေအမြင့်ရှိ ဂါလန် ၁၆၀၀ ဆံ့ ရေစင်၊ ခွင့်ပြုငွေကျပ် ၆ ဒသမ ၆၆၈ သန်းဖြင့် ရင်ခွဲရုံတစ်လုံး၊ ခွင့်ပြုငွေကျပ် ၄၆ ဒသမ ၅၃ သန်းဖြင့် ခြံစည်းရိုးကာရံခြင်း ပေ ၂၄၀၀၊ ခွင့်ပြုငွေကျပ် ၃ ဒသမ ၇၇ သန်းဖြင့် စက်ရေတွင်း(အဝီစိတွင်း)နှင့် ရေစက်အိမ်တစ်လုံး၊ ခွင့်ပြုငွေကျပ် ၄ ဒသမ ၈ သန်းဖြင့် ဂါလန် ၃၂၀၀ ဆံ့ အုတ်ရေကန်နှစ်လုံးတို့ကို လရောင်ဖွေးဖွေး ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ခဲ့ကြသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဖယ်ခုံမြို့ခရီးစဉ်လမ်းညွှန်ချက်အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ၂၀၀ KV ထရန်စဖော်မာတစ်လုံးနှင့် ၄၄၀ ဗို့ဓာတ်အားလိုင်း ပေ ၁၂၀၀၊ ဆေးရုံဟောင်းတွင် လျှပ်စစ်မီးကြိုးများ အသစ်လဲလှယ်တပ်ဆင်ခြင်း လုပ်ငန်းများကို ခွင့်ပြုငွေကျပ် ၆၂၂ သိန်းဖြင့် ဆောင်ရွက်နိုင်ခဲ့ပြီး ခွဲစိတ်ခန်းတွင် Air Conditioner လေးလုံး တပ်ဆင်နိုင်ခဲ့ကြောင်း သိရသည်။

